# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀) ရက်၊ သောကြာနေ့ ၊ (11-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို



ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ရှင်လူဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့်မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့ တွင်လည်း နံနက် ၆ နာရီမှ စတင်၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြု ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကား လျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




Sky Cable Carကို ဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် Sky Cable Car စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်။

ပြင်ဦးလွင်ပန်းမြို့တော်

ပွဲကောက်ရေတံခွန်

(BE.FALLS)

အပန်းဖြေစခန်း

ရတနာပုံ
၂၀၁၂ ခုနှစ် ဩဂုတ် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ၏ ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စတင်ဖွဲ့စည်းစဉ်ကပင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်း၍ ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်ပြီး လက်ရှိအခြေအနေနှင့် ထင်ဟပ်ကိုက်ညီစေမည့် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်မှုများကိုလည်း တစ်ဆက်တစ်စပ်တည်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခုအခါ အသစ်ထပ်မံချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို နိုင်ငံတော်၏ ပကတိအခြေအနေများအပေါ် မူတည်၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းလာရေးကို ရှေးရှုချမှတ်ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

**"မိမိတို့အစိုးရ၏ နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ရှိင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ပင်ဖြစ်ပြီး၊ တိုင်းပြည်သာယာဝပြောရေး၌ ပြည်သူပြည်သားများအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုကြပြီး မိမိတို့ဘဝ တိုးတက်ရေးအတွက် ရည်မှန်းချက်မျှော်မှန်းချက်များ ကိုယ်စီရှိကြကာ အေးချမ်းလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်လိုကြကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဇမ္ဗူဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အသစ်ထပ်မံချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်ဆိုသည်ထက် နိုင်ငံ၏ အကျိုးစီးပွားအတွက်သာ မိမိတို့၏ တာဝန်များကို ကျေပွန်စွာဖြင့် အလုပ်လုပ်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံရေးရည်မှန်းချက်ဖြစ်သော စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သော တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့နှင့် နိုင်ငံ၏အကျိုးစီးပွား၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် အေးကျွန်းကျေးရွာ၌ ခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ



**မန္တလေး ဩဂုတ် ၁၀**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် အေးကျွန်းကျေးရွာ၌ ခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ လက်တလောစိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ အေးကျွန်းကျေးရွာဖြစ်ကြောင်း၊ အေးကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသော ပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်။ အခုအေးကျွန်းကျေးရွာကို လည်ပတ်တဲ့ခရီးသည်တွေကလဲ မတ္တရာမြို့နယ် ရောဝတီမြစ်အတွင်းမှာ နေထိုင်ကျက်စားနေတဲ့ ရောဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အေးကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ ဩဂုတ်လ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၄၀ ကျော်သာရှိခဲ့သော်လည်း ဩဂုတ်လ ဒုတိယပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်ထိရှိလာကြောင်း သိရသည်။

(၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဩဂုတ် ၁၀**

မန္တလေး ကားဈေးကွက်တွင် ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဗစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ်ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများလည်း အရောင်းအဝယ်ရှိနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ် စသည့်ကားများ အရောင်းအဝယ်ရှိနေပြီး ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း သိရသည်။

ကားဈေးကွက်အတွင်း ယခင်ကဲ့သို့ အရောင်းအဝယ်ဖြစ်နေမှုမျိုး မဟုတ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိလာပြီး ကားဈေးနှုန်းများ တည်ငြိမ်စပြုလာကြောင်း၊ ထို့ပြင် ငွေကျပ်သိန်း ၃၅၀ ခန့် ဈေးတန်းရှိ ကားလေးများလည်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ကားဈေးကွက်အတွင်း စလစ်ဖြစ်မည့် အပ်ကားရှားပါးလာမှုကြောင့် စလစ်ဈေးနှုန်းများ ပြန်လည် မြင့်တက်လာပြီး စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၃၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅သောင်းမှ ၃၅သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၁ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၇ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းခန့်၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး /125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၅ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့်အောင်ပန်းဒေသမှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဒေသမှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်နှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ၊ ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ကုန်လက်ကျန်မရှိအောင် အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိအချိန်တွင် ဂေါ်ဖီထုပ်ဈေးနှုန်းများမှာ တစ်ထုပ်လျှင် ငွေကျပ် ၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ်အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထုပ်ထွက်ရှိတာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးမှုကြောင့် ဈေးနှုန်းတွေကောင်းနေတာပါ။ အရောင်းအဝယ်ပိုင်းမှာလဲ ရောင်းကောင်းပါတယ်။ လက်ရှိမှာ သီရိမာလာကုန်စိမ်းဈေးကို ခြောက်ဘီးကား၊ ၁၂ ဘီးကားတွေနဲ့ ဂေါ်ဖီထုပ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်" ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိနေသည့်အပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါး၊ ခရမ်း၊ ဗိုလ်စားပဲ၊ ပန်းမုန်လာတို့လည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံ-အဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စာပေအလှ စာတစ်စမှ ဘဝသတိ ဘဝသိသို့

မောင်ဖြိုးမြင့်သူ(ကြို့ပင်ကောက်)

**တိုက်ပွဲပျော်**

- ပုခက်ထဲက "အူဝဲ"ဟစ်ကာ
 စစ်ကြေညာပြီး လောကကြီး၏
 ခါးသီးတွေ့ကြုံ အလုံးစုံကို
 မဖြုံအံခဲ ပွဲဆက်နွှဲရင်း
 လူလည်းတော်တော်ကြီးခဲ့ပေါ့။
- မိုက်လည်းမိုက်လို့ တိုက်လည်းတိုက်ခဲ့
 ရှုံးလိုက်တာလည်း အသင်္ချေ။
- ရဲလည်းရဲလို့ နွှဲလည်းနွှဲခဲ့
 အောင်ပွဲတွေလည်း အနန္တ။
- သည်လိုပဲပေါ့
 တိုက်ပွဲဆိုတာ သာချင်သာသည်
 တိုက်ပွဲဆိုတာ နာချင်နာမည်
 ဘယ်မှာခန့်မှန်း သိနိုင်မလဲ။
- နာနာသာသာ
 ဘာမှမဖြုံ စိတ်လုံခြုံရင်
 မတုန်မလန့် ဖျပ်ပါဘူး။
 အဟုန်မတန့်တတ်ပါဘူး။
- ရှေ့ကဆီး၍ ခရီးလမ်းထဲ
 သစ်ပင်လှဲမလား။
- ရှေ့ကကန့်၍ အဟန့်အတား
 ဆူးတွေထားမလား။
- **"ယောက်ျားဟေ့နော် တိုက်ပွဲပျော်"**
 ကျွန်တော်တိုက်ရင်း တက်မှာပဲ။ ॥

**ခနဖြူကျော်ထွန်း(ဆရာကြီးအိကြာကွေး)**
**၁၉၆၆ ခုနှစ်၊ ကော်တင်ဘာလထုတ်**
**ရှုမဝမဂ္ဂဇင်းအဖွင့်ကဗျာ**

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ကွယ်လွန်ခဲ့သော ဟာသစာရေးဆရာကြီး အိကြာကွေး(ခနဖြူကျော်ထွန်း)၏ နာရေးလက်ကမ်းစာစောင်တွင် **"ခနဖြူကျော်ထွန်း"**ကလောင်အမည်ဖြင့် ရေးသားခဲ့သော ရှုမဝမဂ္ဂဇင်းပါ အဖွင့်ကဗျာကို အမှတ်တရ ဖော်ပြခဲ့သည်။

စာမူဖိုင်များကြားထဲမှ ထိုလက်ကမ်းစာစောင်ကို မမျှော်လင့်မထင်မှတ်ဘဲ ပြန်လည်တွေ့လိုက်ရသောအခါ ဖော်ပြပါကဗျာကိုလည်း ပြန်လည်ဖတ်ရှုခံစားလိုက်ရပြန်သည်။ ပိုမို၍ ခံစားလိုက်ရသည်မှာ ကျွန်တော်နှင့် ရေးဖော်ရေးဖက်၊ စာပေဟောပြောပွဲများတွင် တွဲ၍ဟောပြောဖော်ဟောပြောဖက်၊ စာပေအဖွဲ့အစည်းကြီးတွင် လုပ်ဖော်ကိုင်ဖက်၊ နာမည်ကြီးစုပါစာရေးဆရာကြီး၏ဘဝ ပြောင်းလဲတိုးတက်အောင် ထိုကဗျာက မီးရှူးရောင်ပြန့်ဆွပေးခဲ့သောကြောင့်ပင်တည်း။ ယခုတော့ ကျွန်တော့်သူငယ်ချင်း စာရေးဆရာကြီးကွယ်လွန်သွားခဲ့သည်မှာ နှစ်နှစ်ခန့်ကြာခဲ့လေပြီ။

ဆရာကြီးအိကြာကွေး၏ **"တိုက်ပွဲပျော်"** ကဗျာကို ပြန်လည်ဖတ်ရှုရင်း စာပေစင်မြင့်ပေါ်တွင် ထိုကဗျာကို စိတ်ပါလက်ပါခံစားချက်ပြင်းပြစွာ သူဟောပြောရွတ်ဆိုခဲ့သည်ကို ပြန်လည်မြင်ယောင်ကြားယောင်လာခဲ့သည်။ အမှန်တော့ ကျွန်တော့်သူငယ်ချင်းက ကျောင်းသားဘဝတွင် လူရည်ချွန်ဖြစ်ခဲ့ပြီး ရန်ကုန်စက်မှုတက္ကသိုလ်၌ ပညာဆက်လက်သင်ကြားခဲ့သည်။ ထိုသို့ပညာသင်ကြားနေစဉ်တွင် လူငယ်သဘာဝအတွေးအခေါ်မှား၊ အပေါင်းအသင်းမှားပြီး နာကြည်းဖွယ်ရာများနှင့် ကြုံတွေ့ခဲ့ရကာ ပညာသင်ခရီးလမ်းခုလတ်တွင် ပြတ်တောက်သွားခဲ့ရသည်။ လေ့ပြေးတုန်းတက်ကျိုးဘဝရောက်သွားသောကြောင့် စိတ်အားညှိုးငယ်စိတ်ဓာတ်ကျပြီး စိတ်လေကာ ခြေဦးတည့်ရာသွားလာနေခဲ့သည်။

သူသည် စိတ်လေနေရင်းက အင်းစိန်ညပွဲဈေးတန်းထဲမှ အကြော်စုံဝယ်ကာ ဓာတ်တိုင်အောက်တွင် အကြော်များကိုစားပြီး အကြော်ကိုထုပ်လာခဲ့သော စာရွက်ကလေးဖြင့် လက်တွင်ပေနေသောဆီများကို သုတ်လိုက်သည်။ ဆီများကိုသုတ်နေရင်းက မီးရောင်အောက်တွင် ထိုစာရွက်၌ပါရှိသော ကဗျာကလေးကို ဘာရယ်မဟုတ် အပျင်းပြေဖတ်ရှုလိုက်လေသည်။

ထိုစာရွက်က ရှုမဝမဂ္ဂဇင်းထဲမှ **"တိုက်ပွဲပျော်"** ကဗျာပါ စာရွက်ပင်ဖြစ်သည်။ စိတ်လေနေသော ကျွန်တော့်သူငယ်ချင်း ထိုကဗျာကိုဖတ်ပြီး အသိစိတ်များရှင်သန်နိုးထကာ စိတ်ဓာတ်ခွန်အားများ တိုးပွားလာခဲ့သည်။ မဆုံးသေးသောပညာရေးကို ဆက်လက်သင်ကြားခဲ့ရာ မဟာသိပ္ပံတန်းပင်ဝင်ခဲ့သည်။

ပညာရေးခရီးမပြီးဆုံးမီမှာပင် စာပေလောကထဲသို့ ခြေချခဲ့ရာ အောင်မြင်ခဲ့သည်။ လုံးချင်းလောကတွင် စူပါတန်းဝင်ခဲ့သည်။ သူ့ဝတ္ထုများကို ရုပ်ရှင်ဇာတ်ကားကြီးများရော ဗီဒီယိုများပါ ရိုက်ကူးခဲ့ကြသည်။ ဇာတ်သဘင်လောကတွင်လည်း ပြဇာတ်များအဖြစ် ကပြခဲ့ကြသည်။ သူကွယ်လွန်သွားပြီး မကြာမီမှာပင် တီဗီဇာတ်လမ်းတွဲအဖြစ် **"ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်"**ကို မူရင်းဝတ္ထုနာမည်အတိုင်း ရိုက်ကူးထုတ်လွှင့်ခဲ့ရာ ကြည့်ရှုရသူတိုင်း နှစ်သက်စွဲလမ်းနေခဲ့ကြပြီး သူ့ကို လွမ်းတသသဖြစ်နေကြသည်။ မင်းသားနန်းဝင်းက ပြဇာတ်အဖြစ်ကပြခဲ့သော **"တစ်ခါတုန်းက တက္ကသိုလ်"** ဝတ္ထုကလည်း ပြောစမှတ်ဖြစ်စေအောင် နာမည်ကြီးခဲ့သည်။ သူ၏ နာမည်ကြီးဝတ္ထုများစွာရှိခဲ့သည်။

နာမည်ကြီးစာရေးဆရာ၊ အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာ၊ တစ်ခါတစ်ရံ သီချင်းဆိုခဲ့သူ၊ လူချစ်လူခင်ပေါများသူ ကျွန်တော့်သူငယ်ချင်းသည် လမ်းဘေးတွင် အကြော်ထုပ်သည့်မဂ္ဂဇင်းစာရွက်စုတ်ကလေးပါ ကဗျာကလေးတစ်ပုဒ်ကြောင့် တစ်နည်းအားဖြင့် **"စာတိုပေလေးကြောင့်"**သိမ်ငယ်နေသောဘဝမှ ထင်ရှားကျော်ကြားကြီးပွားတိုးတက်သောဘဝကို ကွယ်လွန်သည်ထိ ရရှိသွားသည်ကို ကျွန်တော်သတိရနေမိသည်။ သူကား **"ဆရာ နှမ်ဂျာသိုင်း"**ပင်တည်း။

**"စာတိုပေကလေးကြောင့်"**ကြီးပွားတိုးတက်သွားသူတစ်ဦးရှိပါသေးသည်။ ထိုသူကတော့ ကွယ်လွန်သွားရှာပြီဖြစ်သော ကန့်တော့ခံ သက်ကြီးစာပေပညာရှင် **"ကေသီပန် ဦးလှမြင့်"** ဖြစ်သည်။ တကယ်တော့ ဦးလှမြင့်သည် ဘဝနာခဲ့သူဖြစ်သည်။ ကလေးဘဝ၊ လူငယ်လူရွယ်ဘဝတွင် အလွန်ပင်ရုန်းကန်လှုပ်ရှားခဲ့ရသူဖြစ်သည်။ လူငယ်ဘဝတွင် ဖိနပ်မပါ၊ ခြေဗလာနှင့် ငှက်ပျောခိုင်ထမ်းရောင်းချခဲ့ရသည်။ မြက်ရိတ်နွားကျွေးအလုပ်ကို ပေးသမျှဖြင့် လုပ်ခဲ့ရသည်။ စပါးဒိုင်တွင်လည်း ပင်ပင်ပန်းပန်းစပါးထမ်းခဲ့ရသည်။ လူရွယ်ဘဝမှာ သင်္ဘောပေါ်တွင် မရဲတရဲနှင့် စာအုပ်မျိုးစုံကိုအော်ဟစ်ရောင်းချခဲ့ရသည်။ သတင်းစာပို့ခဲ့ရသည်။ ခဲစာလုံးဖြင့်စာစီခဲ့ရသော စာစီသမားလုပ်ခဲ့ရသည်။ လမ်းဘေးတွင် ကွမ်းယာဆိုင်ဖွင့်ခဲ့ရသည့်အဆင့်၊ စက်ဘီးစုတ်ကလေးကို စီးတစ်လှည့်၊ တွန်းတစ်လှည့်နှင့် သံဖြူဆရာလုပ်ပေးသော သွပ်ပြားအော်လန်ဖြင့် နာမည်မရသေးသောဆေးကို နယ်တကာ၊ အရပ်တကာလှည့်လှည့်အော်ဟစ်ရောင်းချခဲ့ရသည့်အဆင့်။ ဆေးဆိုင်များတွင် သူ့ဆေးကိုဖြန့်ဖြူးပေးရန် မျက်နှာငယ်လေးနှင့် လှည့်လည်ပို့ပေးနေရသည့်အဆင့်မှ **နိုင်ငံကျော် ကေသီပန်ဆေးတိုက်ပိုင်ရှင်ကြီး၊ သီရိသုဓမ္မထိစေတာ ရေဘွဲ့ရ သဒ္ဓါကြည်လင်ကုသိုလ်ရှင်ကြီး၊ အမျိုးသားစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆုရ စာရေးဆရာကြီးအဆင့်ထိ** မြင့်မားကြီးပွားတိုးတက်လာသူဖြစ်သည်။

ကေသီပန်ဦးလှမြင့်သည် စမ်းချောင်းမြို့နယ်တွင် ကြီးမားသော မြို့နယ်အဆင့်တာဝန်ကို ထမ်းဆောင်ခဲ့စဉ်ကလည်း အတိုက်အခိုက်မျိုးစုံကို ခံခဲ့ရပြီး တာဝန်မှ ရပ်စဲခြင်းခံခဲ့ရသည်။ ဦးလှမြင့်ခမျာမှာ ကယ်ကူရာမဲ့ဘဝနှင့် တချို့ဆိုလျှင် မေးထူးခေါ်ပြောတောင်မလုပ်ကြတော့ဘဲ ရှောင်လွှဲနေခဲ့ကြသည်။ သူ့ကိုမမြင်ချင်ယောင်ဆောင်နေခဲ့ကြသည်။ ဦးလှမြင့်သည် မရှက်မကြောက်ဘဲ လမ်းဘေးတွင် ကွမ်းယာဆိုင်ဖွင့်ရောင်း၊ ဆေးများလှည့်ရောင်း၊ ပင်ပန်းဆင်းရဲနေသည့်ကြားထဲ အိမ်ထောင်ရေးကလည်း ပြိုကွဲခဲ့ရသည်။

သို့သော် ဦးလှမြင့်သည် ဘဝနာသည်ကိုအကျမနာအောင် လုံ့လဝီရိယအပြည့်ဖြင့် ကြိုးစားရုန်းကန်ခဲ့သည်။ ထိုသို့ ကြိုးစားရုန်းကန်နိုင်အောင် လှုံ့ဆော်ပေးခဲ့သောအရာက စာပေပင်ဖြစ်သည်။ လမ်းဘေးဈေးသည်ဘဝတွင် ဆရာကြီးပီမိုးနင်း၏ တက်ကျမ်းများကိုဖတ်ရှုပြီး သူ့ဘဝတက်လမ်းကို စတင်ခဲ့သည်။ **"ဆရာကြီးမင်းသုဝဏ်"**က **"ရတနာ့ရွှန်ဘာသာရေးမဂ္ဂဇင်း"**တွင် **"ကြွက်သေတစ်ခုအရင်းပြု"**စကားပုံကို အကြောင်းပြုပြီး **"မီးပွားမှတ်သို၊ သေးနုတ်ဥစ္စာ၊ ရင်းနီးကာလျှင်၊ ပညာဉာဏ်အား၊ ရှိသူများသည်၊ ကြီးပွားနိုင်ပါသည်တကား"**ဟု ကဗျာစပ်လှုံ့ဆော်ရေးသားထားခြင်းကို နှစ်သက်သဘောကျပြီး နေ့စဉ်အခေါက်ရေ ၁၀၀ ရွတ်ဆိုနေခဲ့သည်။ ထိုကဗျာကို အခြေခံပြီး **"အောင်စိတ်ဓာတ်"**အဖြစ်သတ်မှတ်သန္နိဋ္ဌာန်ချမှတ်ကြိုးစားခဲ့သည်။

**"ဤဘဝတွင်၊ မကြီးပွားမချမ်းသာဘဲ၊ ငါမသေ၊ ကြီးကိုကြီးပွားရမည်"**

**"ကြီးပွားချမ်းသာအောင်၊ ပျင်းရိစိတ်၊ တွေဝေစိတ်၊ ကြောက်စိတ်တို့ကိုဖြိုခွင်း၍ အကြံအား၊ ဉာဏ်အား၊ ဝီရိယစွမ်းအားနှင့် ရဲစွမ်းသတ္တိတို့ကို အစွမ်းကုန်ဖြည့်ဆည်းကာ အလုပ်ကို ကြိုးပမ်းလုပ်ဆောင်သွားပါမည်"**

**ငါ၏ ပဏာမရည်မှန်းချက်**

**"ငါသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၃၁ ရက်တွင် ငွေကျပ် ၅၀၀၀၀၀(ကျပ်ငါးသိန်း)ကို ရအောင်ရှာဆောင်းမည်"**

၁၅-၁၁-၈၅(ရဲဘော်လှမြင့်)

ဦးလှမြင့်သည် ကြွက်သေတစ်ခုအရင်းပြုပြီး ကြီးပွားချမ်းသာအောင် ကြိုးစားခဲ့သောသာဓကလှုံ့ဆော်မှု(စာပေ၏လှုံ့ဆော်မှု)ကိုပမာပြုပြီး သုညကစခဲ့၊ ကြိုးစားခဲ့ရာ တစ်ဂဏန်းမှ သိန်းဂဏန်းထိ၊ သိန်းဂဏန်းမှ ကြွယ်ဝချမ်းသာသောအခြေအနေထိ ကြီးပွားတိုးတက်လာခဲ့သည်။ ဆရာကြီးမင်းသုဝဏ်၏ **"ကြွက်သေတစ်ခုအရင်းပြု"**ကဗျာလေးကြောင့် တိုးတက်ကြီးပွားထင်ရှားလာခဲ့သော ကေသီပန်ဦးလှမြင့်သည် **"စာပေအလှ၊ စာတစ်စလည်း၊ ဘဝသတိ၊ ဘဝသိသို့၊ ကူးတို့ဝန်ထမ်း၊ လမ်းတစ်လမ်း"** ဆိုသလိုပင် စာပေအလှ စာတစ်စကြောင့် ကြီးပွားချမ်းသာသည့်ဘဝသို့ ရောက်ရှိခံစားခဲ့ရသည်။

**"စာတိုပေစကြောင့် လူရိုးလူမိုက်ဘဝမှ လူကောင်းလူတော်"**ဖြစ်သွားသူတစ်ဦးကတော့ ကျွန်တော့်မွေးရပ်မြေမှ သာမန်လယ်သမား မောင်လှ(နာမည်လွှဲ)ဖြစ်သည်။ ငယ်စဉ် လူပျိုဖော်ဝင်အရွယ်ကတည်းက လူချစ်လူခင်ပေါများခဲ့သူဖြစ်သည်။ သူ့မျက်နှာက အမြဲတမ်းပြုံးရွှင်နေသည်။ ယဉ်ကျေးသိမ်မွေ့သူလည်းဖြစ်သည်။ တစ်နေ့တွင် သူ့အစ်မ(မုဆိုးမ)ကလေးနှစ်ယောက်အမေကို ဝေါ်မစွံလူပျိုကြီးဆိုသူက လက်တည့်စမ်းသည့်သဘောဖြင့် ရွာလယ်လမ်းမကြီးပေါ်တွင် ဣန္ဒြေပျက်လောက်အောင် လက်ဆွဲသရမ်းကြောင်း ကြားသိလိုက်ရသော်အခါ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားခဲ့သည်။ ထို့ကြောင့် မောင်လှက သူ့အစ်မကို လက်ရဲဇက်ရဲစော်ကားသောလူပျိုကြီးကို ရွာလယ်လမ်းမကြီးပေါ်မှာပင် ကိုင်းခုတ်ဓားဖြင့် ခုတ်သတ်ပြီး ရွာမှထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

လူရိုးဘဝမှ သူသတ်သမားဖြစ်သွားသော တရားခံပြေးမောင်လှသည် တရားခံပြေးဘဝတွင် လူသတ်မှုထပ်မံကျူးလွန်မိပြန်သည်။ ရဲတပ်ဖွဲ့က သူ့ကိုဖမ်းဆီးရမိပြီး ထောင်ကျသွားခဲ့သည်။ ထောင်မှလွတ်လာသောအခါ ရွာထဲတွင်**"လူမိုက်"**အဖြစ် နာမည်ကြီးနေခဲ့သည်။ တစ်နေ့တွင် အခြားရွာမှ ဝက်ဝယ်လာသော နာမည်ကြီး လူမိုက်နှင့် အဖော်နှစ်ဦးက မောင်လှကို မြင်တွေ့သွားပြီး "မင်းတို့ရွာက လူမိုက်ဆိုတဲ့ကောင်က ခွေးပစ်တဲ့တုတ်လောက်ပဲရှိတာပဲကွာ။ ခွေးလှေးခုန်လို့ ဖုန်မထပါဘူး"ဟု သရော်လှောင်ပြောင်သွားခဲ့သည်။

လူရိုးလူမိုက်မောင်လှ ခံပြင်းဒေါသဖြစ်သွားသည်။ ထိုလူမိုက်နှင့် အဖော်နှစ်ဦး ဝက်တစ်ကောင်ဝယ်ပြီး အပြန်လမ်းတွင် မောင်လှကစောင့်၍ ကိုင်းခုတ်ဓားဖြင့် ခုတ်သတ်ခဲ့ပါတော့သည်။ တစ်ဦးလွတ်မြောက်သွားခဲ့ရာ ရန်ငြိုးရန်စကြောင့် လုပ်ကြံမှုအမျိုးမျိုးကို ခံခဲ့ရသည်။ သူကလည်း မကြောက်မရွံ့တုံ့ပြန်ခဲ့သည်။ နောက်ဆုံးတွင် ထောင်ကျသွားခဲ့သည်။ သူထောင်မှလွတ်မြောက်လာပြီး အိမ်ထောင်ပြုကာ သမ္မာအာဇီဝလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုနေကြောင်း၊ တရားဓမ္မကိုသာ ပွားများကျင့်ကြံနေကြောင်း ကြားသိရသဖြင့် ကျွန်တော်ဝမ်းသာနေခဲ့ရသည်။ မမျှော်လင့်သောတစ်နေ့တွင် သူနှင့်ကျွန်တော်ဆုံတွေ့ဖြစ်ခဲ့ကြသည်။ ထိုသို့မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရာတွင် သူ့ထံမှ မမျှော်လင့်မထင်မှတ်သော**(စာတိုပေစကျေးဇူးထူးပုံ)**စကားကိုပါ ကြားခဲ့ရပြန်သည်။

"စာတိုပေစရဲ့ အကျိုးကျေးဇူးကြောင့် ငါနဲ့တွဲပြီး အချုပ်ကျခဲ့သူတစ်ယောက်ဟာ ထောင်ထဲကလွတ်သွားတာ ကြုံတွေ့ခဲ့ရတယ်ကွ။ ထောင်အချုပ်ခန်းကနေ တရားရုံးကိုသွားတဲ့လမ်းမှာ ငါ့လက်နဲ့ သူ့လက်တွဲပြီး လက်ထိတ်ခတ်ထားတယ်ကွ။ သူက အိမ်သာတက်ချင်တယ်ပြောလို့ လမ်းဘေးနီးစပ်ရာအိမ်သာကို သွားခွင့်ပြုခဲ့တယ်ကွ။ အိမ်သာသွားလမ်းမှာတွေ့တဲ့ ဂျာနယ်စာရွက်တစ်ပိုင်းကို ချေးကုန်းဖို့ ကောက်ယူသွားပြီး အိမ်သာတက်ရင်း အပျင်းပြေဖတ်ကြည့်ခဲ့တယ်။ သူနာပြုဆရာမက ဆေးထိုးလို့ လူနာသေဆုံးသွားတော့

စာမျက်နှာ ၅ သို့ ➤

❖ သူသည် စိတ်လေနေရင်းက အင်းစိန်ညပွဲဈေးတန်းထဲမှ အကြော်စုံဝယ်ကာ ဓာတ်တိုင်အောက်တွင် အကြော်များကိုစားပြီး အကြော်ကို ထုပ်လာခဲ့သောစာရွက်ကလေးဖြင့် လက်တွင်ပေနေသောဆီများကို သုတ်လိုက်သည်။ ဆီများကိုသုတ်နေရင်းက မီးရောင်အောက်တွင် ထိုစာရွက်၌ပါရှိသောကဗျာကလေးကို ဘာရယ်မဟုတ် အပျင်းပြေဖတ်ရှုလိုက်လေသည်။ ထိုစာရွက်က ရှုမဝမဂ္ဂဇင်းထဲမှ "တိုက်ပွဲပျော်" ကဗျာပါစာရွက်ပင်ဖြစ်သည်။ စိတ်လေနေသော ကျွန်တော့်သူငယ်ချင်း ထိုကဗျာကိုဖတ်ပြီး အသိစိတ်များရှင်သန်နိုးထကာ စိတ်ဓာတ်ခွန်အားများတိုးပွားလာခဲ့သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ဖျာပုံမြို့နယ်တွင် စပါးကြမ်း တင်း ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိ ဈေးကောင်းရရှိနေ

**ဖျာပုံ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် စပါးကြမ်း တင်း ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဦးသူရထွန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ဩဂုတ်လသည် နွေစပါးလက်ကျန်များ အရောင်းအဝယ် ဖြစ်နေသည့်ကာလဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လက ထိုင်းဘေးကျား၊ ရက် ၉၀၊ ဆင်းသုခ၊ ပခန်း၊ သီးရင်၊ မှော်ဘီ စသည့်စပါးအမျိုးအစားများ တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၆၀၀၀၀ သာဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ အဆိုပါစပါးအမျိုးအစားများ တင်း ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"ဒီနှစ် စပါးဈေးက တအားကောင်းနေတယ်။ အခု စပါးကုန်သည်တွေက သိုလှောင်ထားတဲ့ တောင်သူတွေ၊ ပွဲစားတွေထိ လာရောက် ဝယ်ယူနေပါတယ်။ သလို အရောင်းအဝယ်ကလဲ လက်ကျန်နွေစပါးတွေ နည်းပါးနေပြီး စပါးအသစ်တွေမပေါ်သေးတာကြောင့် စပါးက ဈေးကောင်းရနေတာဖြစ်ပါတယ်။ စပါးဈေးကောင်းသွက်နေပါတယ်။ ရန်ကုန်မြို့ကို အများဆုံးတင်ပို့ရောင်းချပါတယ်" ဟု ဦးသူရထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



➤ စာမျက်နှာ ၄ မှအဆက်

လူနာရှင်က အမှုဖွင့်ခဲ့တယ်။ လူသေမှုပုဒ်မနဲ့ တရားရုံးမှာရင်ဆိုင်တော့ သူနာပြုဆရာမက ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းတွေဟာ လူနာဝေဒနာရှင်တွေကို သက်သာပျောက်ကင်းစေချင်လို့ ဆေးကုသပေးနေကြတာပါ။ ဘယ်သူမှ လူနာကို သေစေချင်တဲ့ဆန္ဒမရှိကြပါဘူး။ အခုဖြစ်ရပ်မှာလဲ သေစေလိုတဲ့ဆန္ဒနဲ့ထိုးတာမဟုတ်ကြောင်း ရှေ့နေနဲ့ထုချေလိုက်တာ အမှုက ကွင်းလုံးကျွတ်လွတ်မြောက်သွားခဲ့တယ်လို့ ဖော်ပြထားတယ်တဲ့။ သူ့အမှုနဲ့တူနေလို့ စိတ်ဝင်စားသွားတယ်တဲ့။ သူကလဲ လူတစ်ယောက်ကို အသားမာဆွထားတဲ့နေရာ သက်သာအောင်ဆေးလူးပေးလိုက်တာ သေဆုံးသွားလို့ လူသေမှုနဲ့ အရေးယူခံထားရတာတဲ့။ ဒါကြောင့် အဲဒီသာဓကကိုနမူနာပြပြီး သေစေလိုတဲ့ဆန္ဒမပါဘဲ သက်သာပျောက်ကင်းစေလိုတဲ့စေတနာနဲ့ ဆေးပေးမိတာပါလို့ လျှောက်လဲလိုက်တာ လွတ်မြောက်သွားခဲ့တယ်။

လမ်းဘေးမှာကျနေတဲ့ ဂျာနယ်စာရွက်ပိုင်းကလေးကို ဈေးကုန်းဖို့ကောက်ယူဖတ်ရှုမိရင်းက အမှုက ကွင်းလုံးကျွတ်လွတ်မြောက်သွားတာကိုကြည့်ပြီး စာဖတ်ခြင်းရဲ့အကျိုးကို သိခဲ့ရတဲ့နောက်ပိုင်း တွေ့မြင်သမျှစာပေတွေကို ငါဖတ်ရှုနေခဲ့တာ။ ငါ့ဘဝဟာ အခုမင်းမြင်တဲ့အတိုင်းပဲကွာ။ စာများများဖတ်ကြစေချင်တယ်ကွာ"

သူသည် ယခုဆိုလျှင် မိသားစုနှင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်နေပါသည်။ ကျွန်တော်ကလည်း ဓားပြလူဆိုးကြီးဘဝနှင့်ထောင်ကျ။ ထောင်ထဲမှာစာဖတ်ရင်းက ဘဝပြောင်းလဲ၊ တိုးတက်ကြီးပွားသွားသည့် ကွယ်လွန်သူ ပခုက္ကူဦးအုံးဖေစာပေဆုတည်ထောင်သူ ပခုက္ကူဦးအုံးဖေအကြောင်း၊ ဓာတ်တိုင်အောက်တွင် အကြော်ထုပ်သည့် မဂ္ဂဇင်းစာရွက်ထဲတွင်ပါသော ကဗျာကိုဖတ်ပြီး တိုးတက်ကြီးပွားခဲ့သော စာရေးဆရာ နွမ်ဂျာသိုင်းအကြောင်းနှင့် ဆောင်းပါးတစ်ပုဒ်ကိုဖတ်ပြီး ကြိုးစားလိုက်သဖြင့် ကမ္ဘာ့မော်တော်ကားသူဌေးကြီးဖြစ်သွားသော ဟင်နရီဖို့ဒ်အကြောင်းတို့ကို ပြန်လည်ရှင်းပြခဲ့ပါသေးသည်။

လူရှိုးလူမိုက်ဘဝမှ စာတိုပေစကြောင့် နောင်ရေးအတွက် စိတ်အေးသွားရသူမောင်လှကို ဂုဏ်ပြုအမှတ်တင်နေမိသည်။ **"စာတိုပေစကြောင့်"** ဘဝပြောင်းလဲတိုးတက်သွားကြပုံများကို ရေးသားပြောဆိုနေကြသည်မှာ မျိုးစုံလှသည်။ ရေး၍မကုန်၊ ပြော၍မဝ များပြားလှသည်။

**"စာတိုပေစအကျိုး"** ကို လက်ညှောင်းအောင်ရေး၊ အာပေါက်အောင်ဟောပြောနေကြသော်လည်း ကျွဲပါးစောင်းတီးအချည်းနှီးဖြစ်နေကြသည်။ **"စာအုပ်စာပေ လူ့မိတ်ဆွေ"** မဟုတ်တော့ဘဲ **"ဖုန်းမျိုးထွေထွေ လူ့မိတ်ဆွေ"**ဖြစ်နေကြလေပြီ။ **"အလိမ္မာစာမှာရှိ"** အစား **"အလိမ္မာ ဖုန်းမှာကြည့်"** ကိန်းဆိုက်နေခဲ့လေပြီ။ သုံးလေးနှစ်သားကလေးအရွယ်မှစ၍ ပင်စင်စားသက်ကြီးရွယ်အိုများထိ ဖုန်းများနှင့် မျက်စိများမခွာကြတော့ဘဲ ဖုန်းအဆိပ်မှိုင်းမိနေကြလေပြီ။ မူးယစ်ဆေးစွဲသကဲ့သို့ အရူးအမူးဖြစ်နေကြလေပြီ။

လက်ကိုင်ဖုန်းများကို အကျိုးရှိရှိအသုံးပြုနေကြသူများရှိကြသည်။ အကျိုးပြုသည်များကို အချိန်ပိုင်းသာ အသုံးပြုနေကြသည်။ တချို့က ဖုန်းထဲမှာ စာဖတ်နေကြသည်ဟု အကြောင်းပြကြသည်။ ကျွန်တော်ဆိုလိုသည်က ဖုန်းကို လွန်လွန်ကဲကဲ၊ သဲသဲမဲမဲသုံးစွဲနေကြသူများ၊ အလုပ်ပျက်၊ အအိပ်ပျက်၊ ကျန်းမာရေးကိုထိခိုက်စေသည်ထိ အရူးအမူး၊ စွဲစွဲလမ်းလမ်း၊ မခွဲမခွာစတမ်း ကသိုဏ်းရှုနေကြသူများကို ညွှန်းဆို ခြင်းဖြစ်သည်။ မိမိကို အကျိုးရှိနှင့် အကျိုးမဲ့ မည်သည့်ဘက်က အားများနေသလဲဆိုသည်ကို စဉ်းစားဆင်ခြင်ကြစေချင်သည်။ မိမိတစ်ဦးတည်းဘဝသာမက မိမိမိသားစုအပါအဝင် နိုင်ငံနှင့်လူမျိုးအတွက်ပါ ရင်လေးစရာကောင်းလွန်းလှသည်။

**"တိုးတက်သောလူမျိုးတို့သည်စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတို့သည် တိုးတက်ကြသည်"**ဟု မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က တစ်ကမ္ဘာလုံးကို ခြုံငုံသုံးသပ်ပြီး အလွန်မှတ်သားစရာကောင်းသောလမ်းညွှန်မှုကို ပြုခဲ့သည်။

ယနေ့ စာမဖတ်ကြတော့သည့်အခြေအနေကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် မြင်လှည့်စေချင်သည်။ ကမ္ဘာ့အလယ်တွင် မျက်နှာငယ်မည်ကိုစိုးရိမ်သည့် ဦးသန့်သည် ရင်ထုမနာဖြစ်သွားမည်မှာ သေချာသည်။ ရှက်ဖွယ်ကောင်းလေစွတကား။ စာအုပ်များကို ပိဿာချိန်နှင့်ပင် ရောင်းချနေကြသည့်အခြေအနေသို့ ရောက်ရှိလာလေရာ ကြာလျှင် စာပေလောက၏နောင်ရေး မတွေးရဲစရာပင်။

ဆရာ ဂုဏ်ထူးဦးသိန်းနိုင်၏စကားနှင့်ပြောရလျှင် **"ဘယ်သူဖြိုင်လို့ ကယ်ပါတော့နိုင်"**အခြေအနေသို့ ဦးတည်နေလေပြီ။ ရေရှည်အရေးကို တွေးတောစဉ်းစားဆင်ခြင်စေချင်သည်။ ကျွန်တော်တို့ စာပေလောကသားများနှင့် တာဝန်ရှိသူများအနေဖြင့် **"စာမဖတ်သူ ပပျောက်ရေး"**၊ **"စာတတ်သူတိုင်း စာဖတ်ရေး"**နှင့် **"စာဖတ်ရှိန်မြှင့်တင်ရေး"**လုပ်ငန်းများကို မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ကာ ထောင့်စုံဘက်စုံကနေပြီး ဟန်ချက်ညီညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေချင်ပါသည်။

## ရွာသို့

- မှောင်ရိကွယ်ကာ ရောင်နီလာသော်
ရွှေခါလည်ပြောက် သူဝမ်းမြောက်လျက်
မိုးသောက်နံနက် ခွန်းနှုတ်ဆက်လျှင်
တက်တက်တူခါး တွန်သံကြားသည်
တို့များ အညာ ရွာဓလေ့။

- မန်ကျည်းနှစ်ပင် ဆီးတစ်ပင်နှင့်
သီးပင်အုပ်အုပ် တဲကုပ်ကုပ်ဝယ်
ငရုတ်ဆားပြား သင့်အောင်ထားသော
ယုန်သားချိုမြ လျှာလည်ရအောင်
ဘကြီး ဘထွေး အရီးလေးတို့
ကျွေးချင် မွေးချင် ညှော်ကိုခင်သည့်
ဖြူစင်စိတ်ထား အစဉ်ပွားသည်
တို့များ အညာ ရွာဓလေ့။

- နှမ်းလျှင်ငရုတ် ဆူးပုပ်သခွား
စပါး ပဲ ဂျုံ
အစုံစိုက်ပျိုး အထွက်တိုးကာ
ရေမိုးလည်းမှျ ဝမ်းရေးလှမို့
ရွာ့ဘုရားပွဲ နှစ်စဉ်နွှဲသော်
ခဲဖွယ်ချိုချဉ် စုံအလင်နှင့်
ရွာတွင်စုပေါင်း ဆွမ်းကြီးလောင်းလျှင်
သောင်းသောင်းဖြိမ့်ဖြိမ့် ဒိုးသံလိမ့်ကာ
အငြိမ့်ဇာတ်ပြင် ရုပ်ကြိုးစင်တို့
ဆင်ယင်ဆန်းပြား လွန်စည်ကားသည်
တို့များ အညာ ရွာဓလေ့။

- ဩော်. . . ရွာဘုရားနှင့်
ရွာအားလွမ်းစိတ် တမ်းတစိတ်တို့
လှုံ့ဖိတ်ကျလာ သောအခါဝယ်
ရွာနေမိတ်ရင်း ဆွေတစ်သင်းတို့
ဘေးကင်းရန်ကွာ ကျန်ခဲ့သာ၍
မာကြစေချင် ဦးထိပ်တင်သည်
မြတ်ရှင်တိဂုံ ခြေရင်း၌။ ။

**မြင်းမူမောင်နိုင်မိုး**


ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် – ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## လေးနိုင်ငံ မာလာဘာရေတပ်စစ်ရေးလေ့ကျင့်မှု ဆစ်ဒနီကမ်းရိုးတန်း၌ ဩဂုတ် ၁၁ ရက်တွင် စတင်မည်

**ဆစ်ဒနီ ဩဂုတ် ၁၀**

အိန္ဒိယ၊ ဂျပန်၊ အမေရိကန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် ဩဂုတ် ၁၁ ရက်တွင် ဆစ်ဒနီကမ်းရိုးတန်းရေပြင်၌ မာလာဘာအမည်ရှိ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါနိုင်ငံများသည် မာလာဘာရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယခင်က အိန္ဒိယသမုဒ္ဒရာဒေသတွင်း၌ ပြုလုပ်လေ့ရှိသော်လည်း ယခုနှစ်တွင်မူ ဩစတြေးလျရေပြင်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

မာလာဘာ စစ်ရေးလေ့ကျင့်မှုအတွင်း ဆစ်ဒနီသို့သွားရောက်စဉ် ဂျပန်နှင့်အိန္ဒိယရေတပ်စစ်သင်္ဘောများသည် ပစိဖိတ်ကျွန်းစုနိုင်ငံများဖြစ်ကြသည့် ဆော်လ်မွန်ကျွန်းစုနှင့် ပါပူဝါနယူးဂီနီနိုင်ငံများသို့ ဝင်ရောက်ခဲ့ကြကြောင်း သိရသည်။

မာလာဘာစစ်ရေးလေ့ကျင့်မှုသည် မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်ခြင်းမရှိသည့် စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး လေးနိုင်ငံရေတပ်များအပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း အမေရိကန်ရေတပ်က သတင်းထုတ်ပြန်ထားသည်။

မာလာဘာပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများကို စစ်အေးတိုက်ပွဲပြီးဆုံးချိန် ၁၉၉၂ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က စတင်ပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် ဩစတြေးလျနှင့် ဂျပန်တို့လည်းပါဝင်လာခဲ့သည်။

အမေရိကန်၊အိန္ဒိယ၊ဩစတြေးလျနှင့် ဂျပန်တို့သည် အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်ဩဇာကျယ်ပြန့်လာမှုကိုတုံ့ပြန်ရန် ကွာ့ဒ်အမည်ရှိ လေးနိုင်ငံ မဟာမိတ်အုပ်စုကို ဖွဲ့စည်းထားကြောင်း သိရသည်။

KKO



## အမျိုးသားရွေးကောက်ပွဲများကျင်းပနိုင်ရန် ပါကစ္စတန်အစိုးရ လွှတ်တော်ကိုဖျက်သိမ်း

**အစ္စလာမ်မာဘတ် ဩဂုတ် ၁၀**

ဝန်ကြီးချုပ် ရှာဟက်ဇ်ရှရစ်ဖ်၏ အကြံပေးချက်အရ အမျိုးသားရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ပါကစ္စတန်သမ္မတ အာရစ်ဖ်အယ်လ်ဗီက ဩဂုတ် ၉ ရက်တွင် လွှတ်တော်ကို ဖျက်သိမ်းလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လွှတ်တော်၏ လက်ရှိငါးနှစ်သက်တမ်းမကုန်မီ သုံးရက်အလိုတွင် အမျိုးသားရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် ပါကစ္စတန်သမ္မတက လွှတ်တော်ကိုဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကို ဖျက်သိမ်းပြီးချိန်တွင်အမျိုးသားရွေးကောက်ပွဲကို ကြီးကြပ်ကျင်းပပေးမည့် အိမ်စောင့်အစိုးရတစ်ရပ်ကို ဝန်ကြီးချုပ်ရှရစ်ဖ်နှင့်အတိုက်အခံခေါင်းဆောင်တို့က ရွေးချယ်ပေးရမည်ဖြစ်သည်။

ပါကစ္စတန် ဖွဲ့စည်းပုံအခြေခံဥပဒေအရလွှတ်တော်ဖျက်သိမ်းပြီးပါက အမျိုးသားရွေးကောက်ပွဲကို ရက်ပေါင်း ၉၀ အတွင်း ကျင်းပပေးရမည်ဖြစ်သည်။

သို့သော် ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်သည် အသစ်ကောက်ခံရရှိထားသည့် လူဦးရေစာရင်းကို အခြေခံ၍ မဲဆန္ဒနယ်များပြန်လည်ခွဲခြားသတ်မှတ်ရန် စီစဉ်ထားရာ လွှတ်တော်ဖျက်သိမ်းပြီးသည့်တိုင် ရွေးကောက်ပွဲကျင်းပရေးအစီအစဉ်ကို လအတန်ကြာ ဆိုင်းငံ့ထားရဖွယ်ရှိသည်။

ပြည်တွင်း၌ နိုင်ငံရေးပြဿနာများနှင့် စီးပွားရေးပြဿနာများ ကြုံတွေ့နေရချိန်တွင် အမျိုးသားရွေးကောက်ပွဲ ကျင်းပရေးအတွက် ပါကစ္စတန်အစိုးရက လွှတ်တော်ကို ဖျက်သိမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

KKO

## မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် စစ်ဦးစီးချုပ်နေရာအပြောင်းအလဲပြုလုပ်



**ပြုံယမ်း ဩဂုတ် ၁၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မြောက်ကိုရီးယားတပ်မတော်စစ်ဦးစီးချုပ်နေရာကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဖြစ်လာနိုင်ခြေရှိသည့် စစ်ပွဲများအတွက် ပြင်ဆင်မှုများ ပိုမိုပြုလုပ်ရန် စစ်ဘက်ကို တိုက်တွန်းထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၉ ရက်တွင် ကျင်းပခဲ့သည့် ဗဟိုစစ်ကော်မရှင်အစည်းအဝေးတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ပတ်ခ်ဆူအီလ်ကိုဖယ်ရှား၍ ဗိုလ်ချုပ်ကြီး ရီယောင်ဂျီးလ်ကို အစားထိုးတာဝန်ပေးခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား စစ်ဦးစီးချုပ်အဖြစ် ခုနစ်လတာ တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်ကြီးပတ်ခ်ဆူအီလ်အား အဘယ်ကြောင့် နေရာမှ ဖယ်ရှားခဲ့ရသည်ကို ကေစီအင်န်အေ သတင်းဌာနက ထုတ်ဖော် ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားစစ်ဦးစီးချုပ်သစ် ရီယောင်ဂျီးလ်သည် ယခင်က ကာကွယ်ရေးဝန်ကြီးတာဝန်နှင့်သမားရိုးကျတပ်များ၏ ထိပ်တန်းတပ်မှူးကြီး တစ်ဦးအဖြစ်လည်း တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

ဩဂုတ် ၉ ရက် ဗဟိုစစ်ကော်မရှင် အစည်းအဝေးတွင် ကင်ဂျုံအန်နှင့် မြောက်ကိုရီးယားထိပ်တန်း ခေါင်းဆောင်များသည် ရန်သူနိုင်ငံများကို ဟန့်တားရေးအတွက် တန်ပြန်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင်မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် နောက်ဆုံးပေါ် လက်နက်သစ်များဖြင့် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်လည်း စစ်ဘက်ကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

KKO

## သမ္မတရွေးကောက်ပွဲမကျင်းပမီ ရက်သတ္တနှစ်ပတ်ခန့်အလိုတွင် အီကွေဒေါသမ္မတလောင်းတစ်ဦး လုပ်ကြံခံရ

**ကွီတို ဩဂုတ် ၁၀**

အီကွေဒေါသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းတစ်ဦးဖြစ်သော ဖာနန်ဒိုဗီလာဗီစင်စီယိုသည် ကွီတိုမြို့၌ ဩဂုတ် ၉ ရက်တွင် ကျင်းပသည့် မဲဆွယ်စည်းရုံးပွဲတစ်ခုတွင်သေနတ်သမားတစ်ဦး၏လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အီကွေဒေါနိုင်ငံ၌ မူးယစ်မှောင်ခိုဂိုဏ်းများကြောင့် အကြမ်းဖက်မှုများမြင့်မားလာချိန်တွင် သမ္မတလောင်း ဗီလာဗီစင်စီယို လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။

အီကွေဒေါသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရထားသည့် သမ္မတလောင်းရှစ်ဦးထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော ဗီလာဗီစင်စီယိုသည် မူးယစ်မှောင်ခိုဂိုဏ်းများနှင့် အဂတိလိုက်စားမှုပြဿနာများကို ဝေဖန်တတ်သူတစ်ဦးဖြစ်သည်။

သမ္မတလောင်းဗီလာဗီစင်စီယိုအား လုပ်ကြံခဲ့သူများကို မိမိတို့အနေဖြင့် မဖြစ်မနေ အရေးယူအပြစ်ပေးမည်ဖြစ်ကြောင်း လက်ရှိအီကွေဒေါသမ္မတ ဂီလာမိုလက်ဆိုကပြောကြားခဲ့ပြီး ဝမ်းနည်းမှုကာလသုံးရက်နှင့် အမျိုးသားအရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲလုံခြုံရေးကို အာမခံနိုင်ရေးအတွက်စစ်ဘက်ကို တာဝန်ပေးရန်လည်း သမ္မတလက်ဆိုက စီစဉ်ထားသည်။

အီကွေဒေါသမ္မတရွေးကောက်ပွဲများကို ဩဂုတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ရာယင်းရွေးကောက်ပွဲမကျင်းပမီရက်သတ္တနှစ်ပတ်ခန့်အလိုတွင် သမ္မတလောင်းဗီလာဗီစင်စီယို လုပ်ကြံခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

KKO

## နီပေါနိုင်ငံမှ ခရမ်းချဉ်သီးများကို အိန္ဒိယနိုင်ငံစတင်ဝယ်ယူတင်သွင်း

**ဒေလီ ဩဂုတ် ၁၀**

ပြည်တွင်း ခရမ်းချဉ်သီးဈေးများ စံချိန်တင် မြင့်တက်လာမှုကြောင့် နီပေါနိုင်ငံမှ ခရမ်းချဉ်သီးများကို အိန္ဒိယနိုင်ငံက စတင်ဝယ်ယူတင်သွင်းနေပြီဖြစ်ကြောင်းရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



နီပေါနိုင်ငံမှ ခရမ်းချဉ်သီးများ စတင်ဝယ်ယူတင်သွင်းမှုကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီး နာမာလာဆစ်သာရာမန်က ယနေ့တွင် အတည်ပြုကြေညာထားသည်။

ဝယ်ယူ တင်သွင်းထားသည့် ပထမဆုံးအကြိမ် ခရမ်းချဉ်သီးများသည် ဩဂုတ် ၁၁ ရက်တွင် ဗာရာဏသီ၊ လပ်ခ်နောက်နှင့် ကန်ပူရ်မြို့များသို့ ရောက်ရှိလာနိုင်ဖွယ်ရှိကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်၌ အသိပေးပြောကြားခဲ့သည်။

ပြီးခဲ့သည့်သုံးလအတွင်း အိန္ဒိယပြည်တွင်း လက်ကားဈေးကွက်၌ ခရမ်းချဉ်သီးဈေးနှုန်း စံချိန်တင်မြင့်တက်လာခဲ့ပြီး တစ်ကီလိုလျှင် ရူပီး ၁၄၀(အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉)ထိ ရောက်ရှိလာခဲ့သည်။


အိန္ဒိယ ပြည်တွင်းလက်ကားဈေးကွက်၌ ပြီးခဲ့သည့်သုံးလအတွင်း ခရမ်းချဉ်သီးဈေးနှုန်းမှာ ရာခိုင်နှုန်း ၁၄၀၀ကျော် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

မိုးမကောင်းမှု၊ အပူချိန်မြင့်တက်မှုနှင့် အပင်ပိုးကျမှုပြဿနာများကြောင့် ခရမ်းချဉ်သီးထွက်နှုန်းကျလာပြီး ဈေးနှုန်းမြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယလယ်သမားများ၏အဆိုအရ သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီ အာကာသယာဉ်မှူးဆာဂေးပရီကော့ယက်ဗ် စက်ရုပ်လက်တံထိပ်၌ စမ်းသပ်လိုက်ပါစီးနင်းမှု အောင်မြင်စွာပြုလုပ်ခဲ့



**မော်စကို ဩဂုတ် ၁၀**

ရုရှားအာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆာဂေးပရီကော့ယက်ဗ်သည် နိုင်ငံတကာအာကာသစခန်းစက်ရုပ်လက်တံထိပ်၌ စမ်းသပ်လိုက်ပါစီးနင်းမှုကို အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

ပရီကော့ယက်ဗ်သည် နိုင်ငံတကာ အာကာသဟင်းလင်းပြင် ပြင်ပထွက်ခွာမှုတစ်ရပ်ကို ဩဂုတ် ၉ ရက်ကပြုလုပ်စဉ် စက်ရုပ်လက်တံစမ်းသပ်စီးနင်းလိုက်ပါမှုကိုပါ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် အထက်ပါစက်ရုပ်လက်တံကို ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာအာကာသစခန်း၌ တပ်ဆင်ခဲ့ခြင်းဖြစ်သည်။

စက်ရုပ်လက်တံစမ်းသပ်စီးနင်းမှုအတွင်း အရှည် ၃၇ ပေရှိသည့် စက်ရုပ်လက်တံကို ရုရှားအာကာသယာဉ်မှူး အင်ဒရေဖီဒီယေ့ဗ်က အာကာသစခန်းယာဉ်ပေါ်မှတစ်ဆင့် ထိန်းချုပ်ပေးခဲ့သည်။

ရုရှားအာကာသယာဉ်မှူးများ၏ စက်ရုပ်လက်တံ လိုက်ပါစီးနင်းမှုသည် မိနစ် ၄၀ ခန့် ကြာမြင့်ခဲ့သည်ဟု ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှားအာကာသယာဉ်မှူး ပရီကော့ယက်ဗ်၏ ဩဂုတ် ၉ ရက် နိုင်ငံတကာအာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုသည် ၁၉၉၈ ခုနှစ်မှစ၍ ယနေ့ထိ အာကာသယာဉ်မှူးများ ပြုလုပ်ခဲ့သော ၂၆၇ ကြိမ်မြောက် ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

KKO


## နှစ်ပေါင်း သန်း ၂၄၀ ရှိ သက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက Arenaerpeton Supinatus ဟုအမည်ပေးထား

**ကင်ဘာရာ ဩဂုတ် ၁၀**

ဩစတြေးလျနိုင်ငံ၌ တွေ့ရှိခဲ့ရသော သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၂၄၀ ရှိသည့် ကုန်းရေနှစ်ထွေနေ ကမ္ဘာဦးသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို Arenaerpeton Supinatus ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Arenaerpeton Supinatus ကျောက်ဖြစ်ရုပ်ကြွင်းကို ၁၉၉၀ ပြည့်နှစ်ကာလများကပင် စတင်တူးဖော်တွေ့ရှိခဲ့သော်လည်း ယခုမှသာ မျိုးစိတ်အမည်သစ် ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Arenaerpeton Supinatus များသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၄၀ ခန့်ကာလ ထရိုင်အားဆစ်ဘူမိခေတ်အတွင်း ယနေ့ခေတ် ဆစ်ဒနီမြစ်ဝှမ်း လွင်ပြင်နေရာရှိ ရေချိုမြစ်များအတွင်း ရှင်သန်ကျက်စားခဲ့ကြကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။



အပေါ်ယံရုပ်လက္ခဏာများအရ Arenaerpeton Supinatus များသည် ယနေ့ခေတ် တရုတ်ရေပုတ်သင်များနှင့် ပုံသဏ္ဌာန်ချင်း တူညီကြောင်း သိရသည်။

Arenaerpeton Supinatus များသည် အရွယ်အစားအားဖြင့် အမြီးဖျားမှ ဦးခေါင်းထိ ၁၂ ဒသမ ၂ မီတာ ခန့်ထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Arenaerpeton Supinatus များသည် Temnospondyli အမည်ရှိ ကုန်းရေနှစ်ထွေနေ သက်ရှိမျိုးရင်းဝင် ကမ္ဘာဦးသက်ရှိများဖြစ်ကြကြောင်း သိရသည်။ KKO

## နာဆာ၏ LunaH-Map လလေ့လာရေး ကျူဆက်ဂြိုဟ်တုငယ်၏ မစ်ရှင်သက်တမ်းကုန်ဆုံးသွားပြီဖြစ်

**ဝါရှင်တန် ဩဂုတ် ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ LunaH-Map အမည်ရှိ လလေ့လာရေး ကျူဆက်ဂြိုဟ်တုငယ်၏ မစ်ရှင်သက်တမ်း ကုန်ဆုံးသွားပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် လကမ္ဘာပေါ်၌ ရေခဲတ်နှင့်ရေခဲများ ရှိမရှိ ရှာဖွေဖော်ထုတ်ရေးအတွက် LunaH-Map ကျူဆက်ဂြိုဟ်တုကို ပြီးခဲ့သည့်နှစ်အတွင်း အားတီးမစ်-၁ မစ်ရှင်အဖြစ် လမ်းကြောင်းလွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျူဆက်ဂြိုဟ်တုငယ်၏ မစ်ရှင်သည် ဒုံးကန်အားစနစ် ပြဿနာတစ်ရပ်ကြောင့် ယခုနှစ်မေလကပင် ရပ်ဆိုင်းသွားခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဒုံးကန်အားစနစ် ဖောက်ပြန်မှုကြောင့် LunaH-Map ဂြိုဟ်တုငယ်မှာ ပတ်လမ်းမှားဝင်ရောက်ခဲ့ပြီး မစ်ရှင်ရပ်တန့်သွားခြင်းဖြစ်ကြောင်း နာဆာသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် LunaH-Map သည် မစ်ရှင်သက်တမ်းမကုန်မီ လကမ္ဘာပေါ်၌ ရေခဲတ်တည်ရှိမှုကို ထောက်လှမ်းဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း အားတီးမစ်မစ်ရှင် LunaH-Map အပါအဝင် အသေးစား ကျူဆက်ဂြိုဟ်တုငယ်အများအပြား ထည့်သွင်းလွှတ်တင်ခဲ့ကြောင်း သိရသည်။ KKO

# HEALTH

## Wegovy ဆေး၏အကျိုးသက်ရောက်မှုကို ဒိန်းမတ်သုတေသနပညာရှင်များ ဖော်ထုတ်တွေ့ရှိ

**ကိုပင်ဟေဂင် ဩဂုတ် ၁၀**

Wegovy အမည်ရှိ အဝလွန်မှုပြဿနာ ကုသရေးဆေးတစ်မျိုး၏ အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုတစ်ရပ်ကို ဒိန်းမတ်အခြေစိုက် နိုဗိုနော့ဒစ်ဆေးကုမ္ပဏီမှ သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Wegovy ဆေးကိုသုံးစွဲခြင်းဖြင့် ပြင်းထန်သောနှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေကို ၂၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း နိုဗိုနော့ဒစ်သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အဝလွန်မှုပြဿနာရှိနေသူများတွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်မားလာတတ်ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်ထိ အဝလွန်မှုပြဿနာကို ကုသပေးနိုင်သည့်အပြင် နှလုံးရောဂါများဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည့် အသုံးပြုခွင့် အတည်ပြုချက်ရထားပြီး ဆေးဝါးမျိုးမရှိသေးပေ။

သို့ရာတွင် Wegovy ဆေးသည် အဝလွန်မှုပြဿနာကို ကုသပေးနိုင်ရုံသာမက နှလုံးပြဿနာများ ပေါ်လာနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း နိုဗိုနော့ဒစ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

နိုဗိုနော့ဒစ်ကုမ္ပဏီသုတေသနပညာရှင်များသည် ကိုယ်အလေးချိန်လွန်ကဲနေသူ သို့မဟုတ် အဝလွန်နေသူများဖြစ်ကြပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါများရှိထားသည့် အရွယ်ရောက်လူနာ ၁၇၀၀၀ တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် Wegovy ၏ အာနိသင်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## နေ့စဉ် ခြေလှမ်း ၃၉၆၇ လှမ်း လျှောက်ပေးရုံဖြင့် ရောဂါမျိုးစုံကြောင့် သေဆုံးနိုင်ခြေလျှော့ချပေးနိုင်

**နယူးယောက် ဩဂုတ် ၁၀**

နေ့စဉ်ခြေလှမ်း ၃၉၆၇ လှမ်းထိ လျှောက်ပေးရုံဖြင့် ရောဂါအမျိုးမျိုးကြောင့် သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဩဂုတ် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

ကျန်းမာရေးအကျိုးကျေးဇူးများ သိသိသာသာရယူခံစားနိုင်ရေးအတွက် နေ့စဉ်အလွန်အမင်းဝေးလံစွာ လမ်းလျှောက်ရန်မလိုကြောင်း အမေရိကန်နှင့် ဥရောပသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

ထို့ပြင် နေ့စဉ်ခြေလှမ်း ၂၃၃၇ လှမ်းမျှ လျှောက်ပေးရုံဖြင့်လည်း နှလုံးရောဂါများကြောင့် သို့မဟုတ် သွေးကြောရောဂါများကြောင့် သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် နေ့စဉ်ခြေလှမ်းများများ ပိုလျှောက်လေလေ အထက်ပါကျန်းမာရေးအကျိုးကျေးဇူးများ ပိုမိုခံစားရလေလေဖြစ်ကြောင်း သုတေသနပညာရှင်များက ထောက်ပြထားသည်။

နေ့စဉ် ခြေလှမ်း ၁၀၀ မှ ၁၀၀၀ ထိ ပိုလျှောက်ပေးခဲ့ပါက ရောဂါဘယအမျိုးမျိုးကြောင့်လည်းကောင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါများကြောင့်လည်းကောင်း အသက်ဆုံးပါးနိုင်ခြေ ကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် လူ ၂၂၆၈၈၉ ဦးတို့ပါဝင်သည့် လေ့လာမှု ၁၇ ခုကို ပြန်လည်စိစစ်ခဲ့ပြီးနောက် နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးကို ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်သည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ကွာရာဘောင်းဖလား ဒုတိယအဆင့်မဲခွဲပွဲတွင် စပါးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ



**လန်ဒန် ဩဂုတ် ၁၀**

ကွာရာဘောင်းဖလား ပထမအဆင့်ပွဲစဉ်များအပြီးတွင် မဲခွဲပွဲပြုလုပ်ခဲ့ရာ ပရီးမီးယားလိဂ်ကလပ်အသင်းအများစုမှာ ပွဲစဉ်ချောင်သော်လည်း စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ဘက် ဖူလ်ဟမ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းသည် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက ကွာရာဘောင်းဖလား ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ဆုဖလားများနှင့်ဝေးကွာခဲ့ရပြီး နည်းပြသစ် ပိုတီကိုဂလူကို ခန့်အပ်၍ ဆုဖလားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်ကြိုးပမ်းနေကာ လက်ရှိဖလားပြိုင်ပွဲ ဒုတိယအဆင့်တွင် ပရီးမီးယားလိဂ်ပြိုင်ဘက် ဖူလ်ဟမ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဒုတိယအဆင့်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်ကြသည့် အဲဗာတန်အသင်းက ဒွန်ကက်စတာအသင်းနှင့်လည်းကောင်း၊ ဘန်လေအသင်းက နော်တင်ဟမ်အသင်းနှင့်လည်းကောင်း၊ ဝုဗ်အသင်းက ဘလက်ပူးအသင်းနှင့်လည်းကောင်း၊ ပဲလေ့စ်အသင်းက ပလိုင်းမောက်အသင်းနှင့်လည်းကောင်း၊ လူတန်အသင်းက ဂျီလင်ဟမ်အသင်းနှင့်လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းက နယူးပို့စ်အသင်းနှင့်လည်းကောင်း၊ ရှက်ဖီး(U)အသင်းက လင်ကွန်းအသင်းနှင့်လည်းကောင်း၊ ဘုန်းမောက်အသင်းက ဆွမ်ဆီးအသင်းနှင့်လည်းကောင်း၊ ချဲလ်ဆီးအသင်းက ဝင်ဘယ်တန်အသင်းနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

အခြားပွဲစဉ်များအဖြစ် ထရမ်မီရီအသင်းက လက်စတာအသင်း၊ ဆဲလ်ဖို့ဒ်အသင်းက လိဒ်အသင်း၊ ဟာရိုးဂိတ်တောင်း အသင်းက ဘလက်ဘန်းအသင်း၊ စတုတ်အသင်းက ရိုသာဟမ်အသင်း၊ ဝီဟမ်းအသင်းက ဘရက်ဖို့ဒ်အသင်း၊ ဘော်လ်တန်အသင်းက မစ်ဒယ်ဘရော့အသင်း၊ ပို့ဗယ်လီအသင်းက ခရူဝီအသင်း၊ ရှက်ဖီးလ်(W)အသင်းက မန့်ဖီးအသင်း၊ ဘရစ္စတိုးက ကျူပီအာအသင်း၊ ရီးဒင်းအသင်းက အက်ဇ့်စ်အသင်း၊ ပို့မောက်စ်အသင်းက ပီတာဘရော့အသင်း၊ အိတ်စတာအသင်းက စတီဗင်နေ့အသင်း၊ ဝိုင်ကွမ်ဘီအသင်းက ဆက်တန်အသင်း၊ ဘာမင်ဂမ်က ကာဒစ်အသင်းတို့နှင့် အသီးသီးတွေ့ဆုံလျက်ရှိကြောင်း သိရသည်။

ML

# အဲဗာတန်အသင်းက တိုက်စစ်မှူး အီကီတိုက်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် ဩဂုတ် ၁၀**

အဲဗာတန်အသင်းသည် တိုက်စစ်မှူး ကယ်ဘက်လေဝင် ဒဏ်ရာပြဿနာကြုံတွေ့နေရသည့်အတွက် တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပီအက်စ်ဂျီအသင်း လူငယ်တိုက်စစ်မှူး အီကီတိုက်ကို အပြီးသတ်ဝယ်ယူခွင့် ပါရှိသည့် တစ်ရာသီ အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း Goal.com က ယနေ့တွင်ဖော်ပြခဲ့သည်။

အဲဗာတန်အသင်းသည် ဘဏ္ဍာရေးအခက်အခဲကြောင့် တိုက်စစ်မှူး အီကီတိုက်ကို ကနဦးအငှားစာချုပ်ဖြင့်သာခေါ်ယူလိုပြီး အငှားစာချုပ်ကုန်ဆုံးပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေသော်လည်း ပီအက်စ်ဂျီအသင်းက စတာလင်ပေါင် ၃၅ သန်းထိ အလိုရှိနေသောကြောင့် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိရန် ဆွေးနွေးမှုထပ်မံပြုလုပ်နေကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ လူငယ်တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းတွင် ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ထိပြုလုပ်နိုင်ခဲ့သည့်အတွက် အဲဗာတန်အသင်းနည်းပြ ဒိုက်ချီက တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဟု ယုံကြည်နေပြီးခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့်သာ အပြီးသတ်ရောင်းချရန် ဆန္ဒရှိနေသောကြောင့် အီကီတိုက်ကိုခေါ်ယူရန် ကြန့်ကြာနေခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲတွင် တိုက်စစ်ပိုင်းက သွင်းဂိုး ၃၄ ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ရုန်းကန်ခဲ့ရပြီး ယခုအခါတိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန်စီစဉ်နေပြီး လက်စတာအသင်းမှ တိုက်စစ်မှူး ပက်စတွန်ဒါကာနှင့် ဆောက်သမ်တန်အသင်းမှ ချီအဒမ်တို့ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

ML




# ဘာစီလိုနာကစားသမား ဖာရန်တောရက်နှင့် ရာဖင်ဟာတို့ ကျောနံပါတ်ပြောင်းလဲဝတ်ဆင်

**ဘာစီလိုနာ ဩဂုတ် ၁၀**

တောင်ပံကစားသမား ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းသို့ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း အသင်းမှ ကွင်းလယ်ကစားသမား ဖာရန်တောရက်နှင့် ရာဖင်ဟာတို့က ကျောနံပါတ်များပြောင်းလဲဝတ်ဆင်ခဲ့ကြောင်း Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းတွင်တောင်ပံကစားသမား ဒမ်ဘီလီသည် ကျောနံပါတ်(၇)ကို ဝတ်ဆင်ထားသည့်အတွက် ၎င်းထွက်ခွာပြီးနောက်ပိုင်း ကျောနံပါတ်(၁၁) ဝတ်ဆင်သည့် ဖာရန်တောရက်က ကျောနံပါတ်(၇)ကို ဝတ်ဆင်သွားမည်ဖြစ်ပြီး ကျောနံပါတ်(၂၂) ဝတ်ဆင်ကစားနေသည့် ရာဖင်ဟာက ဖာရန်တောရက်၏ ကျောနံပါတ်(၁၁)ကို ပြောင်းလဲဝတ်ဆင်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

ဖာရန်တောရက်က "ဘာစီလိုနာအသင်းမှာ ကျောနံပါတ်(၇)ကို ဝတ်ဆင်ကစားတဲ့ ဒေးဗစ်ဗီလာကို အရမ်းသဘောကျခဲ့တာပါ။ သူဟာ ဘာစီလိုနာအသင်းကို မပြောင်းရွှေ့ခင် ဗလင်စီယာမှာကတည်းက သူ့ရဲ့စွမ်းဆောင်ရည်ကောင်းတွေကို ပြသနိုင်ခဲ့တာပါ။ နူးကမ့်မှာလဲ ကျောနံပါတ်(၇)ကို ဝတ်ဆင်ကစားပြီး အောင်မြင်မှုတွေရရှိခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျောနံပါတ်(၇)ကို ဝတ်ဆင်ဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းမှ ပြောင်းရွှေ့လာသည့် ကွင်းလယ်ကစားသမားဂန်ဒိုဂမ်သည် ရာသီကြိုခြေစမ်းပွဲစဉ်များတွင် ကျောနံပါတ်(၁၄)ကို ဝတ်ဆင်ကစားနေသော်လည်း ကျောနံပါတ်(၅)ဝတ်ဆင်ကစားသည့် ဘက်စ်ကွက်နှင့် ကျောနံပါတ်(၁၉) ဝတ်ဆင်ကစားသည့် ဖရန့်ကက်စီတို့အသင်းမှ ထွက်ခွာသွားသည့်အတွက် ဂန်ဒိုဂမ်အနေဖြင့် လာလီဂါဘောလုံးရာသီ မစတင်မီ ကျောနံပါတ်ပြောင်းလဲဝတ်ဆင်နိုင်ပြီး အခြားကစားသမားများသည်လည်း ကျောနံပါတ်ပြောင်းလဲနိုင်ကြောင်း သိရသည်။

ML

# National Bank Open တင်းနစ်ပြိုင်ပွဲတတိယအဆင့်သို့ အင်ဒီမာရေး တက်ရောက်

**တိုရွန်တို ဩဂုတ် ၁၀**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမားအင်ဒီမာရေးနှင့် ဩစတြေးလျတင်းနစ်ကစားသမား ပူဆဲလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒီမာရေးက (၇-၆၊ ၃-၆၊ ၇-၅)ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးအနေဖြင့် ပူဆဲလ်ကို အနိုင်ကစားနိုင်ခဲ့သော်လည်း သက်သောင့်သက်သာဖြင့် အနိုင်ရခဲ့ခြင်းမဟုတ်ပဲ ခက်ခက်ခဲခဲ ယှဉ်ပြိုင် ကစားခဲ့ရသော်လည်း ရှုံးနိမ့်ခဲ့ရသည့် ဒုတိယပွဲငယ်တွင်မှ ပူဆဲလ်က သက်တောင့်သက်သာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး အင်ဒီမာရေးအနိုင်ရခဲ့သည့်ပွဲစဉ်နှစ်ပွဲစလုံးမှာ tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အသက် ၃၆ နှစ်အရွယ် အင်ဒီမာရေးအနေဖြင့် အသက်အရွယ်အရ အကျပိုင်းရောက်လာကာ ဒဏ်ရာပြဿနာများကြောင့်လည်းကောင်း ယခင်အောင်မြင်မှုများဆွတ်ခူးနိုင်ခဲ့စဉ်ကပုံစံမျိုးတွင်ရှိမနေတော့သည့် အနေအထားဖြစ်သော်လည်း အနိုင်ရလဒ်အတွက် အကောင်းဆုံးကြိုးစားကစားခဲ့သည်။

အင်ဒီမာရေးသည် တတိယအဆင့်တွင် အီတလီနာမည်ကြီးတင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။



အင်ဒီမာရေးအနေဖြင့် တတိယအဆင့်တွင် ခက်ခဲသည့်ပြိုင်ဘက်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ပွဲစဉ်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာမှတ်ချက်ပြုသွားခဲ့ခြင်းမရှိဘဲ တင်းနစ်ပြိုင်ပွဲများတွင် လက်ရှိကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် အယ်ကာရက်ဇ်၏ ကစားဟန်များကိုစောင့်ကြည့်ရသည်ကိုသဘောကျနှစ်သက်နေကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်း ဂိုးသမား ကော့တွိုက် လေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့်ဒူးဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် အသင်း၏ပွဲစဉ်များကိုကာလရှည်လွဲချော်မည်ဖြစ်၍ မန်ယူအသင်းနှင့် လမ်းခွဲခဲ့သည့် ဂိုးသမား ဒီဂီယာကို နည်းပြအန်ဆယ်လော့တီက အစားထိုးခေါ်ယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက လိဒ်အသင်း ကွင်းလယ်ကစားသမား တိုင်လာအဒမ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ကစားသမားနှင့် ဆေးစစ်မှုပြုလုပ်နေကာ လာမည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မတိုင်မီ ကစားသမားစာရင်းတင်သွင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။
- မန်ယူအသင်းကခေါ်ယူရန်ကြိုးပမ်းနေသည့် ခံစစ်ကစားသမား ပါဗက်က ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းနှင့် ချက်အသင်းတို့တွေ့ဆုံ




**ရန်ကုန် ဩဂုတ် ၁၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်အဖြစ် မြန်မာဖူဆယ်အသင်းနှင့် ချက်ဖူဆယ်အသင်းတို့ ကစားရမည်ဖြစ်သည်။

ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်းသည် အုပ်စု(က)တွင် အိမ်ရှင်ထိုင်းဖူဆယ်အသင်းနှင့် ဆော်လမွန်ကျွန်းစုဖူဆယ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ကာ အုပ်စုပွဲစဉ်များကစားခဲ့ရာတွင် ထိုင်းဖူဆယ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အုပ်စုဒုတိယပွဲစဉ်တွင် ဆော်လမွန်ကျွန်းစုဖူဆယ်အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အုပ်စု(က)တွင် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အုပ်စု(ခ)တွင်လည်း ချက်ဖူဆယ်အသင်းက အုပ်စုပထမဖြင့်လည်းကောင်း၊ အာဖဂန်နစ္စတန်အသင်းက အုပ်စုဒုတိယဖြင့်လည်းကောင်းတက်ရောက်လာခဲ့ကြသည်။

ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ဩဂုတ် ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် မြန်မာဖူဆယ်အသင်းနှင့် ချက်ဖူဆယ်အသင်း၊ ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်းက အသင်းခေါင်းဆောင်အဖြစ် ခံစစ်ကစားသမား ရီစီဂျိမ်းကို ခန့်အပ်

**လန်ဒန် ဩဂုတ် ၁၀**

ချဲလ်ဆီးအသင်းက လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် အသင်းခေါင်းဆောင်အဖြစ် ရီစီဂျိမ်းကိုခန့်အပ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်နှစ်များက အသင်းခေါင်းဆောင်အဖြစ် ဝါရင့်ခံစစ်ကစားသမား အက်ပီလီကျူတာကို တာဝန်ပေးအပ်ခဲ့ပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အက်ပီလီကျူတာအနေဖြင့် အေဗီကိုအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းခေါင်းဆောင်နေရာ လစ်လပ်နေသည့်အတွက် ရီစီဂျိမ်းကိုတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒုတိယအသင်းခေါင်းဆောင်အဖြစ် ဝါရင့်ခံစစ်ကစားသမား သီယာဂိုဆေးဗားကို ခန့်အပ်တာဝန်ပေးအပ်ခဲ့သော်လည်း လက်ရှိတွင် သီယာဂိုဆေးဗားကို အသင်းခေါင်းဆောင်အဖြစ်တာဝန်ပေးအပ်ခဲ့ခြင်းမရှိဘဲ ရီစီဂျိမ်းကိုသာ အသင်းခေါင်းဆောင်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ရီစီဂျိမ်းသည် ချဲလ်ဆီးအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပူးပေါင်းခဲ့သော်လည်း အသင်းတွင်ကစားခွင့်မရရှိခဲ့ဘဲ ဝီဂန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက် ကစားခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်က ချဲလ်ဆီးအသင်းကို နည်းပြလမ်းပတ် တာဝန်ကိုင်တွယ်ခဲ့စဉ်က ပြန်လည်ရောက်ရှိခဲ့သူဖြစ်သည်။

ရီစီဂျိမ်းသည် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး နည်းပြဟောင်းများဖြစ်ကြသည့် တူချယ်နှင့် ဂရေဟမ်ပေါ်တာတို့လက်အောက်တွင်လည်း အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် ယခုအခါ နည်းပြပိုချက်တီနိုလက်ထက်တွင် အသင်းခေါင်းဆောင်အဖြစ်တာဝန်ပေးအပ်ခံခဲ့ရကြောင်း သိရသည်။

STA

# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်းတွင် မက်အီလ်ရွိုင်းနှင့် ဂျွန်ရမ်းကို ရွေးချယ်လိုက်ကြောင်း ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ် ထုတ်ပြန်




**ရိုးမား ဩဂုတ် ၁၀**

ယခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲအဖြစ် ဥရောပအသင်းနှင့် အမေရိကန်အသင်းတို့ယှဉ်ပြိုင်ကစားမည့်ပြိုင်ပွဲကို စက်တင်ဘာလ၌ အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်အသင်းမှ အသင်းခေါင်းဆောင်နှင့် ဒုတိယအသင်းခေါင်းဆောင်များ ခန့်အပ်ပြီးနောက် လူရွေးချယ်မှုများစတင်နေပြီဖြစ်သည်။

ဥရောပအသင်းခေါင်းဆောင်အဖြစ်တာဝန်ယူသွားမည့် လုခ်ဒေါ်နယ်အနေဖြင့် တစ်နှစ်တာအတွင်း ရလဒ်ပိုင်းအရသတ်မှတ်ထားသည့် အမှတ်ပေးဇယား၏ အဆင့်(၁)မှ အဆင့်(၆)အတွင်း ရပ်တည်နေသည့် အသင်းသား ခြောက်ဦးနှင့် အတူအသင်းခေါင်းဆောင် စိတ်ကြိုက် ကစားသမား ခြောက်ဦး စုစုပေါင်း ၁၂ ဦးဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။

မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်းနှင့် စပိန်ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းတို့မှာရလဒ်အခြေပြဇယားတွင် အဆင့်(၆)အတွင်း မဝင်နိုင်ခဲ့လျှင်လည်း အသင်းခေါင်းဆောင် စိတ်ကြိုက်ရွေးချယ်မည့် ကစားသမားစာရင်းတွင် ပါဝင်လာမည်ဖြစ်သည့်အတွက်ကြောင့် အခြားသောအသင်းသားများကို ရွေးချယ်မှုမပြုရသေးသော်လည်း မက်အီလ်ရွိုင်းနှင့် ဂျွန်ရမ်းတို့ကို ဥရောပအသင်းတွင် ရွေးချယ်လိုက်ကြောင်း ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု Irish Examiner သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က "၂၀၂၃ ခုနှစ် ရိုးမားမှာ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မဲ့ ဥရောပအသင်းမှာ မြောက်အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းနဲ့ စပိန်ဂေါက်သီးရိုက် ကစားသမားဂျွန်ရမ်းတို့ကိုရွေးချယ်လိုက်ကြောင်း အသိပေးအပ်ပါတယ်။ ကစားသမားနှစ်ဦးစလုံးကို ဥရောပဂေါက်သီးရိုက် အသင်းက ကြိုဆိုပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

မက်အီလ်ရွိုင်းသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ္တမအကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဂျွန်ရမ်းက ကစားသမားဘဝ သက်တမ်းတစ်လျှောက် တတိယအကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

AZL

# ပရီးမီးယားလိဂ် ပွဲစဉ် (၁) ပွဲကြိုသုံးသပ်ချက်များ

ML

**အာဆင်နယ် Vs နော်တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၂–၈–၂၀၂၃ (ည ၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နော်တင်ဟမ် ၁ – ၀ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အာဆင်နယ်** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **ဝေး(သရေ)** |
| **နော်တင်ဟမ်** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |

အာဆင်နယ်အသင်းဟာ အပြောင်းအရွှေ့ကာလမှာ အဓိက ကစားသမားခေါ်ယူမှုပြုလုပ်ခဲ့ပြီး ခြေစွမ်းပိုင်းတိုးတက်လာသလို ပြီးခဲ့တဲ့ ကွန်မြူနတီဒိုင်းပွဲစဉ်မှာလဲ မန်စီးတီးအသင်းကို အနိုင်ရခဲ့တာဖြစ်ပါတယ်။ နော်တင်ဟမ်အသင်းကတော့ အဓိက ကစားသမားခေါ်ယူမှုမပြုလုပ်နိုင်ဘဲ အာဆင်နယ်နဲ့တွေ့ဆုံခဲ့တဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ အဖွင့်ပွဲစဉ်ကိုအနိုင်ရဖို့ကြိုးစားလာမဲ့ အာဆင်နယ်ကိုပဲရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အာဆင်နယ် ၃ – ၁ နော်တင်ဟမ်**

---

**ဘရိုက်တန် Vs လူတန်**

**ကစားမည့်ရက်/အချိန် ၁၂–၈–၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လူတန် ၁ – ၃ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘရိုက်တန်** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(သရေ)** |
| **လူတန်** | – | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |

နည်းပြဒီဇာဗီလက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ဘရိုက်တန်ဟာ အိမ်ကွင်းကစားပုံမာကျောတာကြောင့် အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနိုင်တာကိုတွေ့ရမှာပါ။ လူတန်အသင်းကတော့ အခုနှစ်မှ တန်းတက်လာတဲ့အသင်းဖြစ်ပြီး ကစားသမားသစ်ခေါ်ယူမှုမပြုလုပ်နိုင်ခဲ့သလို ဘရိုက်တန်နဲ့ယှဉ်ရင် အဘက်ဘက်ကအားနည်းနေတာဖြစ်ပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ဘရိုက်တန်နဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရိုက်တန် ၂ – ၁ လူတန်**

# လူကာကူကို မခေါ်ယူရန် ဂျူဗင်တပ်အသင်းပရိသတ်များက ကွင်းအတွင်းဝင်ရောက်၍ ဆန္ဒပြမှုများပြုလုပ်

**ရောမ ဩဂုတ် ၁၀**

ဂျူဗင်တပ်အသင်း ပရိသတ်များက ချဲလ်ဆီးအသင်းတိုက်စစ်မှူး လူကာကူကို မခေါ်ယူရန်အတွက် ကွင်းအတွင်းဝင်ရောက်ကာ ဆန္ဒပြမှုများပြုလုပ်ခဲ့ကြသည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းက ရောင်းချရန် အရောင်းစာရင်းတင်သွင်းထားသည့် လူကာကူကို အစောပိုင်းကတည်းက ခေါ်ယူရန် ကြိုးပမ်းနေပြီး အသင်းမှတိုက်စစ်မှူး ဗလာဟိုဗစ်ချ်နှင့် အလဲအလှယ် ပြုလုပ်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

လူကာကူသည် ပြီးခဲ့သည့် ဘောလုံးရာသီက အင်တာမီလန်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် လက်ရှိတွင် အင်တာမီလန်အသင်းနှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်သည်။

သို့သော် ချဲလ်ဆီးအသင်းက လူကာကူကို လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ မပြီးဆုံးမီ ရောင်းချရန်အတွက်ပြင်ဆင်ထားပြီး ချဲလ်ဆီးအသင်းက ဗလာဟိုဗစ်ချ်နှင့် ကစားသမားချင်းလဲလှယ်မည့် ကမ်းလှမ်းမှုကိုပယ်ချခဲ့ပြီး ပြောင်းရွှေ့ကြေးသီးသန့်သာ အလိုရှိနေသည့်အတွက် ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေးပေးချေပြီး ခေါ်ယူရန်ကြိုးပမ်းနေသည့်အတွက် ဂျူဗင်တပ်အသင်း ပရိသတ်များက ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းပရိသတ်များက အစောပိုင်းကလည်း လူကာကူကိုခေါ်ယူမည့်အစီအစဉ်ကိုကန့်ကွက်သည့်အနေဖြင့် ကွင်းပြင်ပတွင်စုရုံးပြီး ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း ကွင်းအတွင်းဝင်ရောက်၍ ဆန္ဒပြမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

STA

ခရီးသွားဆောင်းပါး

# ပုဂံ-ညောင်ဦး-ပုပ္ပား-မြင်းခြံ ခရီး

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်နဲ့ ကျောက်မဲမြို့နယ်အတွင်းမှာရှိနေတဲ့ ဂုတ်ထိပ်၊ ဂုတ်တွင်း၊ မဟာပုရိသကျောက်ဂူတောရရိပ်သာကနေ ပြန်လာပြီးကတည်းက မိမိနဲ့လုပ်ဖော်ကိုင်ဖက် ဘုရားဂေါပကလူကြီးတွေက နောက်ထပ်တစ်ကြိမ် ညဥ့်အိပ်ညဥ့်နေ ခရီးထွက်ကြဖို့နဲ့ ခရီးစဉ်အနေအထားကိုလဲ မိမိကပင် ကြိုတင်စီစဉ်ပေးဖို့ တာဝန်ပေးထားလိုက်ကြတယ်။ တကယ်တော့ ခရီးတစ်ခုထွက်ဖို့အတွက် စီစဉ်တာဝန်ယူရတယ်ဆိုတာ မလွယ်ကူပါဘူး။ အခုခရီးက ညဥ့်အိပ်ညဥ့်နေ ခရီးစဉ်ဖြစ်တဲ့အပြင် အသက် ၇၀၊ ၈၀ ကျော် လူကြီးတွေနဲ့ အတူတူသွားရမှာဖြစ်တဲ့အတွက်လဲ ပိုပြီးတော့သတိထားရပါတယ်။


ခရီးစဉ်ကိုရွေးချယ်တဲ့အခါ နှစ်ရက်၊ သုံးရက် ခရီးမျိုးလဲ ဖြစ်ရမယ်၊ လူကြီးတွေအတွက် သက်သောင့်သက်သာလဲ ဖြစ်ရမယ်၊ သင့်တင့်တဲ့ခရီးစရိတ်မျိုးလဲ ဖြစ်ရမယ်၊ ခရီးစဉ်တစ်လျှောက်လုံး ဗဟုသုတရရှိပြီး ပျော်ရွှင်ကောင်းမွန် ကုသိုလ်ရတဲ့ ခရီးလဲဖြစ်ရမယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်းတဲ့ခရီးမျိုးလဲ ဖြစ်ရမယ်၊ ခရီးဖော်တွေအားလုံးက တညီတညွတ်တည်း သဘောတူလက်ခံကြိုက်နှစ်သက်တဲ့ ခရီးမျိုးလဲဖြစ်ရမယ် စတဲ့အကြောင်းအချက်တွေကို တွေးတောစဉ်းစားပြီး ခရီးစဉ်ရေးဆွဲချပြတဲ့အခါ အားလုံးက သဘောကျနှစ်မြို့က်လက်ခံခဲ့ကြပါတယ်။ သွားရောက်ကြမဲ့ခရီးစဉ်က ပုဂံ-ညောင်ဦး-ပုပ္ပား-မြင်းခြံ ခရီးစဉ်ပါ။

ပုဂံ-ညောင်ဦးနဲ့ပုပ္ပားကို အသွားတစ်လမ်း၊ အပြန်တစ်လမ်းခရီးမထပ်အောင်မောင်းနှင်ပါမယ်။ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းနဲ့ နွားထိုးကြီး-မြင်းခြံလမ်း ဘယ်လမ်းကနေအရင်သွားကြမလဲဆိုပြီး ခရီးဖော်လူကြီးတွေကိုမေးမြန်းကြည့်တော့ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းကနေ အရင်သွားကြမယ်ဆိုတာနဲ့ သတ်မှတ်ရက်မှာ စတင်ခရီးထွက်လာခဲ့ကြတယ်။ ခရီးဖော်တွေအားလုံးက အသက်အရွယ်ကြီးရင့်နေကြသူတွေလဲဖြစ်၊ ခရီးစဉ်အနေအထားအရ သက်သောင့်သက်သာနဲ့ နေ့ချင်းပေါက်ခရီးမျိုးလဲ ဖြစ်နေတာကြောင့် ပြင်ဦးလွင်မြို့ကနေ မနက်စောစောထ၊ အိပ်ရေးပျက်၊ ပင်ပန်းတဲ့အပြုအမူမျိုးကို ရှောင်ရှားပြီး မနက် ၇ နာရီမှာ လူစု၊ မနက်စာစားသောက်ကြပြီးမှ ၈ နာရီမှာ ခရီးစဉ်ကိုစတင်ခဲ့ကြတယ်။ အသုံးပြုတဲ့ကားကတော့ မိမိရဲ့လက်သုံးတော်လဲဖြစ်၊ ခရီးဖော်လိုလဲဖြစ်နေတဲ့ ခွေးဘီလူးကားလေးပါ။

၂၀၂၃ ခုနှစ် ဇူလိုင်လရဲ့နောက်ဆုံးပတ် ၂၉ ရက်စနေနေ့ မိုးရာသီမနက်ဖြစ်နေတာကြောင့် ရာသီဥတုအခြေအနေက ကြည်ကြည်လင်လင် သာသာယာယာမဟုတ်ပေမဲ့ မိုးလဲမရွာ၊ နေလဲမပူ၊ အေးအေးမြမြအုံ့အုံ့မှိုင်းမှိုင်း ဖြစ်နေတယ်။ ခရီးသွားတွေအတွက် နေအပူဒဏ်ကို မခံစားရဘဲ အကောင်းဆုံးအချိန်ကာလပါ။ ရှမ်းကုန်းမြေမြင့်ပေါ်ကနေ ပြင်ဦးလွင်-မန္တလေးကားလမ်းအတိုင်း အထပ်ထပ်၊ အကွေ့ကွေ့၊ အကောက်ကောက် ဆင်းသက်မောင်းနှင်လာခဲ့ပြီး ၁၆ မိုင်တောင်ခြေရောက်တဲ့ထိ ပူပြင်းခြင်းမရှိသေးပါဘူး။

မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းကနေ သွားရောက်ကြမှာဖြစ်လို့ တောင်ခြေ ၁၆ မိုင်ကတစ်ဆင့် ထုံးဘို-မြစ်ငယ်ဖြတ်လမ်း၊ ပလိပ်-တံတားဦးလေဆိပ်ကားလမ်းအတိုင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ် တက်ရောက်လာခဲ့တယ်။ အမြန်လမ်းပေါ်ရောက်တာနဲ့ ကီလိုမီတာ ၆၀ ကနေ ၈၀၊ ၈၀ ကနေ တဖြည်းဖြည်းနဲ့ ၁၀၀ နားကပ်လာတဲ့ ကားအရှိန်ကိုသတိထားအမြန်နှုန်းလျှော့ပြီး မောင်းနှင်နေရတယ်။ လမ်းအနေအထားက ကျယ်လဲကျယ်၊ ကောင်းလဲကောင်း၊ ရှင်းလဲရှင်းနေတာကြောင့် သတိမထားမိဘဲမောင်းနှင်နေရင် အမြန်နှုန်းက တရိပ်ရိပ်နဲ့ အန္တရာယ်ဖြစ်နိုင်တဲ့ထိ တက်ရောက်နေတာပါ။ ယာဉ်မောင်းက သီချင်းတွေဖွင့်နားထောင်ပြီး သတိမထားမိဘူးဆိုရင်၊ လေအေးပေးစက်ဖွင့်ပြီး သာယာနေမယ်ဆိုရင်၊ ဟိုတွေးဒီတွေးနဲ့ အတွေးတွေထဲမှာနစ်မျောနေမယ်ဆိုရင်၊ စကားတွေဖောင်ဖွဲ့ပြီး ပြောဆိုနေမယ်ဆိုရင်၊ အခြေအနေအကြောင်းကြောင်းကြောင့် အိပ်ငိုက်သွားမယ်ဆိုရင် ကားရဲ့ကီလိုမီတာအမြန်နှုန်းက တက်ချင်တိုင်းတက်နေတာကို သတိမထားမိတော့ပါဘူး။ ဒါကြောင့်လဲ အမြန်လမ်းပေါ်မှာဖြစ်ပွားနေတဲ့ ယာဉ်မတော်တဆဖြစ်မှုအားလုံးနီးပါးက ယာဉ်ကိုအရှိန်မထိန်းနိုင်တော့တာကြောင့် ဖြစ်ပွားရတာမျိုးက များနေပါတယ်။

သတ်မှတ်ယာဉ်အမြန်နှုန်းအတိုင်း ဒိုင်ခွက်ကို မကြာခဏကြည့်ပြီး မောင်းနှင်လာရင်းနဲ့ မိတ္ထီလာလမ်းဆုံရှိရာကို ရောက်ရှိလာကြတယ်။ မူလစီစဉ်ထား



ပုပ္ပားတောင်ကလပ်ကို တွေ့ရစဉ်။

တာက မိတ္ထီလာရောက်ရင် နေ့လယ်စာထမင်းစားကြဖို့ပါ။ ဒါပေမဲ့ ခရီးဖော်အားလုံးက ဗိုက်မဆာကြသေးဘူးဆိုတာနဲ့ ကျောက်ပန်းတောင်းလမ်းပေါ်က နာမည်ကျော် လက်ပံပျားရောက်မှစားသောက်ကြဖို့ ပြောင်းလဲစီစဉ်လိုက်ကြရတယ်။ လမ်းဆုံမှာခဏနား၊ အညောင်းပြေ ခြေဆန့်လက်ဆန့်လုပ်၊ အပေါ့အပါးသွားကြပြီးမှ အမြန်လမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာလာကြတာ မကြာခင်မှာ ကျောက်ပန်းတောင်းလမ်းဆုံကို ရောက်ရှိလာပြီး ညာဘက်လမ်းချိုးအတိုင်း ဆင်းသက်မောင်းနှင်လိုက်ရတယ်။ ကျောက်ပန်းတောင်းလမ်းကို မကြာခဏမောင်းဖူးနေပေမဲ့ တစ်ခါနဲ့တစ်ခါ၊ တစ်ကြိမ်နဲ့တစ်ကြိမ် လမ်းအခြေအနေက တူညီမှုမရှိပါဘူး။ တစ်ခါတစ်ရံ လမ်းကကောင်းမွန်ချောမွေ့နေတတ်သလို တစ်ခါတစ်ရံမှာ ချိုင့်တွေ၊ ခွက်တွေနဲ့ ဆိုးနေတတ်ပါတယ်။ အခုတစ်ခေါက်မှာတော့ ချိုင့်တွေ၊ ခွက်တွေမရှိဘဲ ချောမွေ့ကောင်းမွန်နေတယ်။ ဒါကြောင့်လဲ လက်ပံပျားရွာ ထမင်းဆိုင်တန်းကိုအချိန်တိုအတွင်း ရောက်ရှိလာကြတယ်။

လက်ပံပျားရောက်တော့ မွန်းတည့် ၁၂ နာရီကျော်နေပါပြီ။ ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာမောင်ကြည်သော်(ကောလင်း)နဲ့ မိမိတို့နှစ်ယောက်တည်း ရခိုင်ပြည်နယ်ခရီးကို သွားခဲ့ကြတုန်းက အခုလိုပဲ နေ့လယ်စာထမင်းစားချိန်မှာ လက်ပံပျားကိုရောက်ရှိလာကြတယ်။ နေ့လယ်စာထမင်းစားကြရအောင် ကားကို တဖြည်းဖြည်းမောင်းပြီး ကောင်းနိုးရာရာ ထမင်းဆိုင်ရှာဖွေကြရင်းနဲ့ ရွာအစွန်ထိရောက်ရှိလာခဲ့ကြတော့တယ်။ ရွာအစွန်ကိုရောက်တော့မှ ဆိုင်တွေလဲ ကုန်ပြီ။ ရှေ့မှာလဲ ဘာဆိုင်မှမရှိတော့ဘူးဆိုပြီး နီးစပ်ရာဆိုင်တစ်ဆိုင်ထဲဝင်ပြီး စားသောက်ခဲ့ကြရတယ်။ ဒါပေမဲ့ ဝင်ရောက်စားသောက်ခဲ့တဲ့ဆိုင်က လက်ရာလဲကောင်း၊ ဟင်းတွေလဲစုံ၊ အရသာလဲရှိ၊ အဆင်လဲပြေ၊ ဈေးနှုန်းလဲ သင့်တင့်နေတာကြောင့် နောက်ခရီးစဉ်တိုင်းမှာ ဆက်လက်ဝင်ရောက်စားသောက်နေဖြစ်ခဲ့တယ်။ အခုခရီးစဉ်မှာလဲ ဘယ်ဆိုင်ကိုမှ ဝင်ရောက်စားသောက်ခြင်း မပြုတော့ဘဲ စားသောက်နေကျဆိုင်ရှိရာကို တန်းတန်းမတ်မတ်မောင်းလာခဲ့ပြီး နေ့လယ်စာထမင်းကို စားသောက်ခဲ့ကြတယ်။ ခရီးဖော်လူကြီးတွေအားလုံး ထမင်းစားကောင်းကြလို့ သဘောကျနှစ်သက်သွားကြတယ်။ ခရီးတွေထွက်တဲ့အခါ စားသောက်ဆိုင်တွေရဲ့ အခန်းကဏ္ဍကလဲ အရေးပါလှပါတယ်။

လက်ပံပျားနဲ့ကျောက်ပန်းတောင်းမြို့က ခရီးမဝေးတော့သလို ကျောက်ပန်းတောင်းမြို့နဲ့ပုပ္ပားတောင်ကလဲ မဝေးတော့ပါဘူး။ ဒါကြောင့် ထမင်းစားသောက်ပြီးတာနဲ့ အေးအေးဆေးဆေး ဆက်လက်မောင်းနှင်ထွက်ခွာလာခဲ့ကြပြီး ပုပ္ပားတောင်မကြီးနဲ့တောင်ကလပ်ကို မြင်တွေ့ရတဲ့နေရာမှာ ကားကိုခဏရပ်ရင်း အဝေးကနေ ကြည့်ရှုလေ့လာကြရတယ်။ ပုပ္ပားတောင်ကပတ်ဝန်းကျင်တစ်ခွင်မှာ လှလှပပ ထီးထီးမားမားကြီးပါ။ ပုပ္ပားတောင်ရဲ့အလှကိုကြည့်ရင်း၊ မောင်းရင်းနဲ့ မကြာခင်မှာ ကျောက်ပန်းတောင်းမြို့ကို ရောက်လာကြတယ်။ ခရီးအစီအစဉ်အရ ပုပ္ပားတောင်ရှိရာကို အရင်ဆုံးသွားရောက်ကြမှာမို့ သတ်မှတ်နေရာရောက်အောင် လာခဲ့လိုက်ကြတယ်။ အချိန်အနည်းငယ်အတွင်းမှာပဲ ပုပ္ပားတောင်ခြေကို ရောက်ရှိလာခဲ့ကြပါပြီ။

ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာကတည်းက ပုပ္ပားတောင်ခြေရင်းရောက်တဲ့ထိ ခရီးစဉ်တစ်ခုလုံး ချောချောမွေ့မွေ့ ကောင်းကောင်းမွန်မွန်နဲ့ ပျော်ပျော်ရွှင်ရွှင် အဆင်ပြေပြေ ဖြစ်ခဲ့ကြရပါတယ်။ ဒါပေမဲ့ တောင်ခြေကိုရောက်ရှိပြီး ကားရပ်လိုက်တာနဲ့တစ်ပြိုင်နက် ခရီးဖော်တွေအားလုံး ဒေါသထွက်၊ စိတ်အနှောင့်အယှက်ဖြစ်ကြရတော့တယ်။ ဖြစ်ပုံက ကားအပ်လက်ခံတဲ့သူ၊ ပန်းရောင်းတဲ့သူ၊ မျောက်စာရောင်းတဲ့သူတွေ အုံနဲ့ကျင်းနဲ့ဝိုင်းလာကြပြီး အတင်းအနားကပ်ရောင်းချနေကြတာတွေကြောင့် ဘယ်သွားမယ်၊ ဘာလုပ်မယ်စတဲ့ခရီးဖော်အချင်းချင်း တိုင်ပင်ပြောဆိုလုပ်ကိုင်ဆောင်ရွက်စရာရှိတာတွေ လုပ်မရနိုင်အောင် ဖြစ်ရတော့တယ်။ ဒါကြောင့်လဲ စိတ်ပျက်ဒေါသထွက်ကုန်ကြရတာပါ။

ဈေးသည်တွေအနေနဲ့ ဝမ်းရေးအတွက် လုပ်ကိုင်စားသောက် ရောင်းချနေကြရတာကို ကိုယ်ချင်းစာနာမိပေမဲ့ ဘုရားဖူးဧည့်သည်တွေဒုက္ခဖြစ်၊ အကျပ်အတည်းရောက်အောင် လုပ်ဆောင်နေကြတာကတော့ မကောင်းဘူးလို့ ထင်မြင်မိပါတယ်။ ကားကို သင့်တော်ရာနေရာမှာအပ်ခဲ့ပြီး တောင်ကလပ်ပေါ် တက်တဲ့ စောင်းတန်းလှေကားအတိုင်း တက်ရောက်လာခဲ့ကြပေမဲ့ ဈေးသည်တွေလက်က မလွတ်သေးဘဲ မရမက တတွတ်တွတ်ပြောဆိုရောင်းချဆဲပါ။ ပုပ္ပားတောင်မှာ မျောက်တွေကအလွန်ဆိုးတယ်။ ကားမအပ်ခဲ့ရင် မျောက်တွေရဲ့တာဝန်ကို မယူနိုင်ဘူးဆိုတာကြောင့် ကားပေါ်မှာရှိနေတဲ့ မိမိတို့ရဲ့ပစ္စည်းတွေ အန္တရာယ်ကင်းဖို့အတွက် ကားအပ်နှံခဲ့ရတာကို စိတ်ထဲမှာဘာမှမဖြစ်ပေမဲ့ လက်ထဲရောက်တဲ့ထိ မယူမနေရသဘောမျိုးနဲ့ ပန်းတွေ၊ မျောက်စာတွေကို အတင်းထိုးထည့်ပေးနေကြတဲ့ ဈေးသည်တွေရဲ့လုပ်ရပ်ကတော့ တော်တော်ဆိုးပါတယ်။ အသက်အရွယ်ကြီးရင့်နေကြပြီဖြစ်တဲ့ ခရီးဖော်လူကြီးတွေရဲ့ ကိုယ်စီလက်ထဲမှာလဲ ဈေးသည်တွေရဲ့စွမ်းအားကြောင့် ပန်းတွေ၊ မျောက်စာတွေ တစ်ပွေ့တစ်ပိုက်ရောက်ရှိကုန်ကြပါပြီ။ သူတို့က အပြန်မှပိုက်ဆံပေးဆိုပြီး အတင်းထည့်ပေးလိုက်တာဆိုတဲ့ ခရီးဖော်လူကြီးတစ်ယောက်ရဲ့စကားကြောင့် မိမိကိုယ်တိုင်ဦးဆောင်ပြီး နီးစပ်ရာဂေါပကလူကြီးရှိရာကို သွားရောက်အကျိုးအကြောင်း ပြောပြရတော့တယ်။

ဂေါပကလူကြီးတွေက အဆင်ပြေအောင်ဖြေရှင်းပေးကြတာကို အထူးကျေးဇူးတင်ရှိသလို ဈေးသည်တွေက အဲဒီအတိုင်းပဲ၊ ဟိုတစ်နေ့ကလဲ ရှမ်းပြည်နယ်ဘက်ကလာကြတဲ့ ကျောင်းသား၊ ကျောင်းသူလေးတွေကို အပြန်မှပိုက်ဆံပေးဆိုပြီး လက်ထဲအတင်းထည့်ပေးလိုက်ကြတာ အပြန်လဲရောက်ရော ကလေးတစ်ယောက်ကို ငါးထောင်ကျော်၊ ခြောက်ထောင်တောင်းလို့ အုပ်ချုပ်တဲ့ဆရာမက မကျေမနပ်နဲ့ လာရောက်တိုင်ကြားတာကို ခံလိုက်ကြရသေးတယ်ဆိုတဲ့ ဂေါပကတစ်ယောက်ရဲ့ အပြောကြောင့် ဈေးသည်တွေရဲ့ ချည်ပြီးတုပ်ပြီး အပိုင်လုပ်ရပ်တွေကို တွေ့မြင်လိုက်ရတယ်။ ဒါပေမဲ့ အခုလိုအချိန် ဘုရားဖူးဧည့်သည်တွေ နည်းပါးနေတဲ့အခါ သူတို့လဲ သူတို့ရဲ့သားသမီး မိသားစုစားဝတ်နေရေး ပြေလည်ဖို့အတွက် မဖြစ်မနေ ကြိုးစားရှာဖွေနေကြရတာပါလားဆိုတဲ့ အသိ ဝင်ရောက်လာတာကြောင့် ဈေးသည်တွေကို သနားအားနာလာမိပြန်တယ်။

ဈေးသည်တွေရဲ့ကိစ္စကို သက်ဆိုင်ရာဂေါပကလူကြီးတွေ အကူအညီနဲ့ဖြေရှင်းခဲ့ပြီး တောင်ပေါ်ကို စတင်တက်ရောက်ခဲ့ကြပါပြီ။ အသက်အရွယ်ကြီးနေကြပြီဖြစ်တဲ့ ခရီးဖော်လူကြီးတွေနဲ့အတူ တက်ရောက်ရတာဖြစ်လို့ တဖြည်းဖြည်းစောင့်ခေါ်တက်နေကြရင်း မျောက်တွေရဲ့အန္တရာယ်ကို သတိထားကြည့်ရှုနေကြရသေးတယ်။ မျောက်တွေက လစ်ရင်လစ်သလို ဦးထုပ်၊ မျက်မှန်၊ ရေဘူး၊ ဖျော်ရည်ဘူးနဲ့ ဆွဲယူလို့ရတာမှန်သမျှကို ဆွဲယူထွက်ပြေးသွားတတ်ကြတယ်။ ဒါပေမဲ့ မျက်မှန်လိုမျိုး၊ လက်ကိုင်ဖုန်းလိုမျိုး သူတို့စားလို့သောက်လို့မရတဲ့အရာမျိုးဆိုရင် သူတို့ကြိုက်တဲ့ မျောက်စာနဲ့ ပြန်လာပြီးလဲယူတတ်ကြတယ်။ မျောက်တွေဆီကို ဘာပစ္စည်းပါသွားပါသွား ပျက်စီးနစ်နာဆုံးရှုံးခြင်းမရှိဘဲ ဈေးသည်တွေရဲ့အကူအညီနဲ့ ပြန်ရကြပါတယ်။ ဒီလိုအချိန်မျိုးဆိုရင် ဈေးသည်တွေရဲ့ အကူအညီက အကောင်းဆုံးနဲ့ အပြည့်အဝရရှိကြတာပါ။ ဒါကြောင့် ဈေးသည်တွေကို ပစ်ပစ်ခါခါ နှစ်နှစ်နာနာ ပြောဆိုဆက်ဆံလို့ မရဘူးဆိုတာကိုလဲ သိရှိလာရသလို မျောက်တွေက ဟိုဆွဲဒီဆွဲနဲ့တွေ့ထားရတာကိုယူ သောင်းကျန်းနေကြပေမဲ့ ဘုရားဖူးဧည့်သည်တွေအတွက် ထိခိုက်နစ်နာအန္တရာယ်ဖြစ်မှု အလွန်အကျွံမဖြစ်ဘူးဆိုတာကိုလဲ သိမြင်ခဲ့ရတယ်။

ဒီတစ်ခေါက်ခရီးစဉ်က အချိန်လဲရ၊ အေးအေးဆေးဆေးလဲဖြစ်နေတာကြောင့် ပုပ္ပားတောင်ပေါ်ကို နားနားပြီး သက်သောင့်သက်သာ တဖြည်းဖြည်း တက်ရောက်ကြရပါတော့မယ်။

# ဖာပွန်းမြို့နယ် KZL Art Studio & Gallery တွင် ပန်းချီဆရာ ၁၁ ဦး၏ ပန်းချီကားများ ပြသမည်



**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဖာပွန်းမြို့နယ် KZL Art Studio & Gallery တွင် ပန်းချီဆရာ ၁၁ ဦး၏ ပန်းချီကားများကို ဩဂုတ် ၂၀ ရက်မှ ဩဂုတ် ၂၅ ရက်ထိ စုစည်းပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ပန်းချီ ခင်ဇော်လတ်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ လှဖုန်းအောင်၊ ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီ အောင်သွင်ဦး၊ ပန်းချီ ကေကျော်၊ ပန်းချီ ကျိုက်လတ်ဝင်းမောင်၊ ပန်းချီ မွန်သက်၊ ပန်းချီ မိုးညို၊ ပန်းချီ ညီအောင်မော်၊ ပန်းချီ သန်းထိုက်၊ ပန်းချီ နီပိုဦး၊ ပန်းချီ တင်အောင်ထိုက်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် လက်ရာစုံပန်းချီကား ၃၀ ခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်မှာ နာမည်ရပြီးသားဖြစ်တဲ့ ပန်းချီဆရာတွေရဲ့ ပန်းချီကားတချို့ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်။ အွန်လိုင်းကလဲ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်"ဟု ပန်းချီ ခင်ဇော်လတ်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ(၃၆×၂၄) လက်မ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ်ရှစ်သိန်းမှ အများဆုံးငွေကျပ်သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# Oppenheimer သမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံး ဒုတိယကမ္ဘာစစ်နောက်ခံဇာတ်ကားဖြစ်လာ

**နယူးယောက် ဩဂုတ် ၁၀**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Oppenheimer ဇာတ်ကားသည် သမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံး ဒုတိယကမ္ဘာစစ်နောက်ခံ ရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Oppenheimer ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ စတင်ရုံတင်ပြီး သီတင်းနှစ်ပတ်ကျော်ကြာမြင့်ခဲ့ချိန်တွင် အမေရိကန်ဒေါ်လာ ၅၅၉ သန်းထိရှိကြောင်း သိရသည်။

အထက်ပါဝင်ငွေအရ Oppenheimer ဇာတ်ကားသည် Dunkirk(2017) ဇာတ်ကားကို ကျော်ဖြတ်၍ သမိုင်းတစ်လျှောက်ဝင်ငွေအများဆုံး ဒုတိယကမ္ဘာစစ်နောက်ခံဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလ ပြင်သစ်စစ်မြေပြင်ကို နောက်ခံထားရိုက်ကူးထားသည့် Dunkirk ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၂၇ သန်းထိရရှိခဲ့ကြောင်း သိရသည်။

Oppenheimer ဇာတ်ကားနှင့် Dunkirk ဇာတ်ကားနှစ်ကားစလုံးကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန်တစ်ဦးတည်းက ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရွှေသမင်သုံးကောင်တွဲရုပ်များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့မည်

**ပဲခူး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရွှေသမင်သုံးကောင်တွဲရုပ်များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီ ပန်းပုတန်းရှိ ရွှေယမင်းမြန်မာပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်တွင် မြန်မာနိုင်ငံရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက အမှာစာရရှိထားသည့်အတိုင်း တင်ပို့ပေးရန် အပတ်စဉ် ပန်းပုလက်ရာသစ်များကို ထုလုပ်လျက်ရှိကြောင်း၊ လက်ရှိကာလတွင်လည်း ပဲခူးတိုင်းဒေသကြီးရှိ ခရီးသွားဒေသများသို့ ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိသည့်အတွက် ပန်းပုရုပ်များ ရောင်းချရမှုရှိနေကြောင်း သိရသည်။

"ကျွန်မတို့ ပန်းပုတန်းကနေ ပန်းပုရုပ် ဒီဇိုင်းသစ်တွေကတော့ နယ်မြို့တွေက အမှာစာရတဲ့အတိုင်း တစ်ပတ်ကို ဒီဇိုင်းတစ်မျိုးလောက် ထုလုပ်တင်ပို့ပေးလျက်ရှိပါတယ်။ အခုတစ်ပတ်မှာလဲ ရွှေသမင်သုံးကောင်တွဲရုပ် ထွက်ပါတယ်။ ရင်းတိုက်သားနဲ့ ထုလုပ်ပြီးတော့ ဆေးသုတ်ပြီးသားဖြစ်ပါတယ်။ ဒီပန်းပုရုပ်တွေကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်စတဲ့မြို့တွေက အမှာစာရထားတဲ့အတွက် တစ်မြို့ကို အရုပ် ၂၀ လောက် တင်ပို့ပေးရမှာဖြစ်ပါတယ်။ အမှာစာရတဲ့ အရုပ်တွေကတော့ တန်ဖိုးတစ်ဝက်ရင်းစနစ်ပါ။ အွန်လိုင်းကလဲ မှာတာမျိုးရှိသလို ပန်းပုတန်းမှာလဲ လာဝယ်သူတွေရှိပါတယ်"ဟု ဒေါ်အေးအေးမော်က ပြောပြသည်။



ယခုတစ်ပတ်အတွက် အသစ်ထွက်ရှိလာသည့် ရွှေသမင်သုံးကောင်တွဲရုပ်သည် အလျား ၁၀ လက်မ၊ အမြင့် ၁၀ လက်မရှိကြောင်း ဈေးနှုန်းမှာ ဖြန့်ချိဈေး တစ်စုံလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ASH

# Talk To Me နောက်ဆက်တွဲဇာတ်ကားရိုက်ကူးရေး ဒန်နီဖိလစ်ပိုနှင့် မိုက်ကယ်ဖိလစ်ပိုတို့ ပူးပေါင်းမည်

**နယူးယောက် ဩဂုတ် ၁၀**

A24 ရုပ်ရှင်ကုမ္ပဏီသည် Talk To Me နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဒန်နီဖိလစ်ပိုနှင့် မိုက်ကယ်ဖိလစ်ပိုတို့ ထပ်မံပူးပေါင်းလက်တွဲမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Talk To Me ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို Talk 2 Me ဟူ၍ A 24 ရုပ်ရှင်ကုမ္ပဏီက အမည်ပေးထားပြီး Talk 2 Me ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဒန်နီဖိလစ်ပိုနှင့် ဇာတ်ညွှန်းရေးဆရာ ဘီဟင့်မင်းတို့က ရေးသားမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဒန်နီဖိလစ်ပိုနှင့် မိုက်ကယ်ဖိလစ်ပိုတို့ ရိုက်ကူးခဲ့သော Talk To Me ထိတ်လန့်သည်းဖိုဇာတ်ကား အောင်မြင်မှုရရှိခဲ့ပြီးနောက် Talk 2 Me ဇာတ်ကားကို ဆက်လက်ရိုက်ကူးရန် A24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Talk To Me ဇာတ်ကားသည် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းသာရှိခဲ့သော်လည်း လက်ရှိတွင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၆ သန်းကျော် ရရှိထားကြောင်း သိရသည်။

KKO




# မင်းလှမြို့နယ် မြောက်မျှားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြောက်မျှားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက်က အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်ဆွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အသင်းသား၊ အသင်းသူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သိန်းကို မြောက်မျှားကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြောက်မျှားကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၂ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၂ ဦးကို ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# CMP product export earns more than US$1 billion from April to July this FY



Female workers making CMP shirts.

**Nay Pyi Taw August 10**

The Ministry of Commerce mentioned that earnings of exporting CMP products reached up to US$1,085.744 million during the period from April to July of 2023-24 financial year, said deputy director Daw Cho Thet Mu of the Trade Policy Branch of the Trade Department.

Chinese businesspersons invested the largest amount of foreign investments in CMP factories in Myanmar, followed by China Taipei, Thailand, Korea and Japan. Myanmar sends its CMP garment products to Thailand, China, Singapore and European countries.

"During the aforesaid period, Myanmar has bagged US$1,085.774 million from export of garment products abroad. Of them, $1,058.475 worth of products was sent in shipping and $27.269 million worth of products through land borders," said Daw Cho Thet Mu.

Yangon Region is a centre of 505 garment factories 48 footware factories, eight synthetic hair industries, and 177 bag making, sport suits, sports shoes, socks and other production factories. They are being operated under the prescribed rules and regulations.

ASH

# Maubin sells 9,700 bags of green beans to Yangon during July

**Maubin August 10**

Up to 9,700 bags of green beans have been sold from Maubin Township, Maubin District, Ayeyawady Region to Yangon during July, said Daw Nwe Nwe Hlaing, the owner of the bean trading fair in Maubin Township.

In one month from June 1 to 31 this year, only 5,500 bags of green beans were sold to Yangon.

"There is a situation where those who have stockpiles are getting a good price. In the past month, we had to sell more green beans than the previous months. The green beans from Maubin are mainly sent to the Yangon market. Now the business of transporting goods from Maubin to Yangon is running smoothly," she said.

Green beans from Maubin Township are put in bags and sewn properly and shipped to Yangon by trucks and cargo ships once a day and every five days. These green beans are sent from Yangon to China, Thailand and India.

KKL

# More than 1,600 cargo vessels used in transport of raw materials to Yangon, Bhamo in July

**Mandalay August 10**

A total of 1,650 cargo vessels were used in transport of raw materials to Yangon and Bhamo from Mandalay port in July alone, said deputy staff officer Daw Tin Tin Tun of the Mandalay Region Department of Marine Administration.

These vessels carried maize, sugar, cement, coal and salt transported to major cities such as Yangon and Bhamo from Mandalay port.


"Now, stockpiles of raw materials slightly increase at Mandalay port. Some of them are cement, pebble and salt," said the deputy staff officer.

Due to increasing the volume of cargoes at the port, vessels need to follow the restrictions without carrying overloads and if not, they will face danger in Ayeyawady River on their trips.

Ayeyawady River has high level of water at present, so vessels which will leave Mandalay port need to take care of navigation signs posted along the banks and in the water along their routes safely.

184

# US and UN concerned for ousted Niger president Mohamed Bazoum's health



The junta in Niger say it will resist any "aggression" by Ecowas and Western powers.

**Niamey August 10**

The US and UN are concerned about the health and safety of Niger's elected President Mohamed Bazoum, who has spent more than two weeks under house arrest.

"We are greatly worried about his health and his personal safety and the personal safety of his family," a US state department spokesman said.

The Economic Community of West African States (Ecowas) had given Niger's coup leaders until Sunday to stand down.

Ecowas leaders are meeting in Nigeria to decide what to do next.

Ahead of the meeting, Muslim clerics from northern Nigeria, which shares a long border with Niger, have urged Nigeria's President Bola Tinubu against using force to oust the coup leaders.

UN Secretary General Antonio Guterres said he was concerned about the reportedly "deplorable living conditions" Mr Bazoum and his family were in.

Earlier, his party said they were being detained under "cruel" and "inhumane" conditions, Reuters news agency reported.

Mr Bazoum was deposed on 26 July.

Since then, a military junta has ruled Niger while Mr Bazoum has been kept in the presidential palace. Members of the junta have made no comment about the ousted leader's condition.

BBC

# Hawaii wildfires kill 36 as 'apocalypse' hits Maui island resort city

**Kahului August 10**

At least 36 people have died after wildfires, fanned by winds from a faraway hurricane, devastated much of the resort city Lahaina on Hawaii's Maui island, the Maui County said in a statement late on Wednesday.

Multiple neighborhoods were burnt to the ground as the western side of the island was nearly cut off, with only one highway open and thousands to evacuate as officials told of widespread devastation to Lahaina, its harbor and surrounding areas.

Some people fled into the ocean to escape the smoke and flames.

"We just had the worst disaster I've ever seen. All of Lahaina is burnt to a crisp. It's like an apocalypse," said Lahaina resident Mason Jarvi, who escaped from the city.

Jarvi showed Reuters pictures he took of the ashen-colored destruction along the Lahaina waterfront. Wearing shorts, he also showed blisters on his thigh that he said he suffered when riding through flames on his electric bike to save his dog.



Smoke billows near Lahaina as wildfires driven by high winds destroy a large part of the historic town.

Officials said the winds from Hurricane Dora, hundreds of miles to the southwest, had fanned the flames across the state.

The Hawaii Emergency Management Agency said late on Wednesday that the National Weather Service has canceled the "Red Flag Warning" and "High Wind Advisory" for all Hawaiian islands.

But Maui County officials said firefighting efforts were ongoing. They did not provide any other details.

Hawaii's Lieutenant Governor Sylvia Luke told a press conference officials were still assessing the damage.

"It will be a long road to recovery," she said.

Aerial video showed pillars of smoke rising from block after block of Lahaina, the largest tourist destination on Maui and home to multiple large hotels.

"It's like an area was bombed. It's like a war zone," said helicopter pilot Richard Olsten, according to Hawaii News Now.

BBC

# Myanmar earns US$2.394 billion from export of finished industrial goods from April to July


The worksite of a garment factory.

**Nay Pyi Taw August 10**

Myanmar pocketed US$2,394.899 million from export of finished industrial goods to foreign countries from April to July of the 2023-24 financial year, said deputy director Daw Cho Thet Mu of the Trade Policy Branch of the Trade Department.

During the period, the government earned US$910.359 million in export of aforesaid goods whereas private sector bagged US$1.484 billion.

"In the finished industrial goods sector, the whole country earned US$2.394 billion in export of finished industrial goods—$1,450.475 million from shipping and $944.424 million through land borders," said the deputy director.

In this regard, the CMP product stands the first position, followed by sugar, ornaments and natural gas. Myanmar mainly imports oil products, followed by textile.

Myanmar exports agricultural produce, animal products, marine products, minerals, forest products, finished industrial goods and others to customer countries and imports investment raw materials, industrial raw materials and personal goods.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Labutta Township accomplishes cultivation of 1,145 acres of tapioca meeting the target this monsoon

**Labutta August 10**

Local growers have cultivated tapioca on 1,145 acres of land this monsoon to meet the target in Labutta Township of Ayeyawady Region, said U Myo Aung, head of Labutta Township Agriculture Department.

Tapioca has been cultivated as monsoon crops in Labutta Township as from the first week of June, meeting the target. So far, all the targeted acres have been placed under tapioca crop.

"Staff of Agriculture Department shared agricultural techniques with local farmers to grow all monsoon crops meeting the target and helped them use systematic use of fertilizers, pesticides and chemicals not to face falls of pests in the crop plantations. Farmers also have agricultural experiences. So they could grow tapioca meeting the target with the aim of creating business opportunities and increasing one more product in the region," said U Myo Aung of Labutta Township Agriculture Department.

A total of 205 local farmers are engaged in cultivation of tapioca crop in Labutta Township. The plant can be harvested within four months. The crop is sent to Yangon market. This summer, tapioca fetches K3,500 per viss in the domestic market.

Kyaw Kyaw Lin


A tapioca plantation.

# Mandalay sends 29 ships carrying 39,189.71 tons of cargos to Ygn and Bhamo between Aug 1 and 4

**Mandalay August 10**

A total of 29 vessels carrying 39,189.71 tons of cargos such as cement, coal, and salt from Mandalay Port travelled to towns such as Yangon and Bhamo between August 1 and 4, said Daw Tin Tin Tun, deputy head of the Department of Marine Administration for Mandalay Region.

Due to the large number of goods to be exported at Mandalay Port, it is necessary to not load more than the specified tonnage on the ships. Regardless of the size of the ship, it is known that if the ship travels in the river carrying goods for more than it can carry, it can be dangerous.

Due to the current period of high water in the Ayeyawady River, vessels traveling in the river from Mandalay Port need to pay special attention to the water guidance signs erected on the water and on the shore to ensure safe navigation.

184


A local jetty handling cargoes.

# More than 3,000 tons of shrimp exported to more than 40 countries to earn US$12 million from April to July

**Nay Pyi Taw August 10**

A total of 3,212 tons of shrimps were exported to more than 40 customer countries by earning US$12 million from April to July of 2023-24 financial year, said director U Nyunt Win of Fisheries Department (Nay Pyi Taw).

Such kind of shrimp is sent to Japan, Middle East countries, European Union countries, Malaysia, China (Taipei) and Australia as usual. Moreover, the Myanmar Fisheries Federation closely cooperates with the Fisheries Department in promoting export of marine products.

"Myanmar's private sector exported 3,212 metric tonnes of shrimps to foreign market from April to July this financial year and earned US$12 million. Such export used maritime and border trade routes," said the director.

Depending on the market trend, the Fisheries Department is joining hands with exporters to meet the demand of each countries in export of marine products and follow the restriction of China in export of marine products without declining the export volume.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဩစတြေးလျနိုင်ငံက မြောက်ပိုင်းနယ်မြေတွင် ATACMS ဒုံးကျည်စနစ်ကို ပထမဆုံးအကြိမ်ပစ်လွှတ်



ဩစတြေးလျနိုင်ငံသည် နိုင်ငံမြောက်ပိုင်းနယ်နိမိတ်အတွက် ကာကွယ်ရေးစွမ်းဆောင်ရည်ကိုပြသရန် ၎င်း၏ကြည်းတပ်သုံးနည်းဗျူဟာမြောက် ဒုံးကျည်စနစ် (ATACMS)ကို မြောက်ပိုင်းနယ်မြေ Delamere မြို့ရှိ Red Dirt လေယာဉ်ကွင်းတွင် ပထမဆုံးအကြိမ် ပစ်လွှတ်ခဲ့ကြောင်း ဩဂုတ် ၇ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ATACMS ဒုံးကျည်စနစ်သည် ၁၉၉၀ ပြည့်နှစ်များအတွင်း ပထမဆုံး အသုံးပြုခဲ့သည့် မြေပြင်မှမြေပြင်ပစ် ဒုံးကျည်ဖြစ်ပြီး ရာသီမရွေး တိုက်ပွဲဝင်အသုံးပြုနိုင်မည်ဖြစ်ကာ အကွာအဝေးအားဖြင့် ကီလိုမီတာ ၃၀၀ ထိ တန်ဖိုးမြင့်ပစ်မှတ်များ (High-Value Targets)ကို ကြားဖြတ်ဟန့်တားနိုင်သော ဒုံးကျည်အမျိုးအစားဖြစ်သည်။

အဆိုပါ ဒုံးကျည်စနစ်ကို ဩစတြေးလျနှင့်အမေရိကန်တို့ဦးဆောင်သည့် နိုင်ငံစုံစစ်ရေးလေ့ကျင့်မှု Talisman Sabre ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပစ်လွှတ်ခဲ့ခြင်းလည်းဖြစ်သည်။

သရုပ်ပြပစ်လွှတ်မှုအတွင်း တော်ဝင်ဩစတြေးလျတပ်ရင်းကြီးမှ အမှတ် (၁၀၁) တပ်ခွဲနှင့် အမှတ်(၈)/ အမှတ်(၁၂)တပ်ရင်းတို့မှ ပစ်ခတ်မှုပူးတွဲစောင့်ကြည့်ရေးနှင့် ထိန်းချုပ်ပစ်လွှတ်သူများ၊ ဒါဝင်မြို့အခြေစိုက် အမေရိကန်အလှည့်ကျ မရိန်းတပ်ဖွဲ့မှ အရာရှိများ ပါဝင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ATACMS ဒုံးကျည်စနစ်ကဲ့သို့သော တာဝေးပစ် နည်းဗျူဟာမြောက် တိကျဒုံးကျည်စနစ်များသည် ရန်သူများကို ဟန့်တားချေမှုန်းရာတွင် ကြီးမားသော သက်ရောက်မှုရှိကြောင်း ဩစတြေးလျကာကွယ်ရေးဌာနက ပြောကြားခဲ့သည်။

၎င်းဒုံးကျည်စနစ်များသည် ကမ်းရိုးတန်းဒေသများအပါအဝင် ဩစတြေးလျနိုင်ငံ၏ မြောက်ပိုင်းဒေသများတစ်လျှောက် ကာကွယ်ရေး ရည်မှန်းချက်တာဝန်များကို လွှမ်းခြုံထမ်းဆောင်နိုင်သောကြောင့် များစွာ အထောက်အပံ့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ATACMS ဒုံးကျည်စနစ်ကို ပေါင်းစည်းဖြန့်ကြက်နိုင်ခြင်းသည် ရန်သူတိုက်ခိုက်လာနိုင်မှုများအပေါ် ကာကွယ်ရေးစွမ်းအားတိုးမြှင့်ရန်နှင့် ဩစတြေးလျကာကွယ်ရေး မဟာဗျူဟာမြောက်လိုအပ်ချက်များနှင့်ကိုက်ညီသည်။

ဩစတြေးလျတပ်မတော်သည် အချိန်ကာလသစ်တစ်ခုကို ထုဆစ်ပုံဖော်နေပြီး ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက်နိုင်ငံများနှင့်အတူ စွမ်းဆောင်ရည်အသစ်များဖြင့် ပူးပေါင်းလုပ်ဆောင်သည့် Talisman Sabre ကဲ့သို့သော လေ့ကျင့်မှုများသည် ဩစတြေးလျနိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်သည်ဟု ဩစတြေးလျကြည်းတပ် အမှတ် (၁) တပ်မဟာမှူး Nick Foxall က ပြောကြားခဲ့သည်။

တာဝေးတိုက်ခိုက်ရေးတပ်မှူး ဗိုလ်မှူး John Ronayne က ယခုလို သရုပ်ပြပစ်လွှတ်မှုသည် မဟာမိတ်အဖွဲ့များအနေဖြင့် မည်မျှကျယ်ပြန့်ကွာဝေးသည်ဖြစ်စေ ၎င်းဒုံးကျည်စနစ်များကို ဖြန့်ကြက်အသုံးပြု၍ ညှိနှိုင်းတိုက်ပွဲဝင် ဆောင်ရွက်နိုင်ပုံကို ကိုယ်စားပြုသည်ဟု သုံးသပ်ပြောကြားခဲ့သည်။

ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် ပြန်လည်သုံးသပ်ခြင်းအကြံပြုချက်များသည် ATACMS ဒုံးကျည်များကို ဖြည့်တင်းရန်အတွက် ဩစတြေးလျနိုင်ငံ၏ HIMARS အတွဲလိုက် ဒုံးကျည်စနစ်များ ဝယ်ယူရာတွင်လည်း နိုင်ငံ၏ တာဝေးပစ်တိုက်စွမ်းအားကို ပိုမိုအားကောင်းစေရန် ထောက်ပြထားသည်။

ဇန်နဝါရီလတွင် ဩစတြေးလျအစိုးရက Lockheed Martin ကုမ္ပဏီနှင့် ၂၀၂၅ ခုနှစ်မှစတင်၍ HIMARS အတွဲလိုက် ဒုံးကျည်စနစ်အစုံ ၂၀ ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၃၈၅ သန်းတန်စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

HIMARS အတွဲလိုက်ဒုံးကျည်စနစ်သည် ဩစတြေးလျနိုင်ငံအတွက် မျိုးဆက်အလိုက် ခုန်ပျံကျော်လွှားနိုင်စေကာ Cannon Artillery အမြောက်လက်နက်စနစ်များမှ ကာကွယ်ရေးစွမ်းအားကို ၂၄ နာရီ နေ့ညမပြတ်၊ ရာသီမရွေးဖြည့်စွမ်းပေးနိုင်မည့် Long-Range Precision Fires တိကျပဲ့ထိန်း တိုက်စွမ်းအားလက်နက်များထိ စွမ်းဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

HIMARS အတွဲလိုက်ဒုံးကျည်စနစ်သည် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ကို ဘုံအသုံးပြုနိုင်သော ခဲယမ်းများထည့်သွင်းပစ်ခတ်နိုင်သဖြင့် မဟာမိတ်များနှင့် HIMARS ညွှန့်ပေါင်းဖွဲ့စည်းရန်ကြိုးပမ်းမှုတွင် ပူးပေါင်းပါဝင်နိုင်လိမ့်မည်ဖြစ်သည်ဟု Lockheed Martin Missiles and Fire Control Programs ဒါရိုက်တာ James Heading က ပြောကြားခဲ့သည်။

**Australia Fires First ATACMS Missile in Northern Territory ကို ဘာသာပြန်ဆိုထားပါသည်။**

## ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့များအား ပိုမိုအဆင့်မြင့်သော စစ်လက်နက်နှင့်စက်ပစ္စည်းကိရိယာများကို အမေရိကန် ပံ့ပိုးပေးမည်

အမေရိကန်အစိုးရသည် ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့များကို ပိုမိုအဆင့်မြင့်သော စစ်လက်နက်နှင့်စက်ပစ္စည်းကိရိယာများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဒါကာမြို့ရှိ အမေရိကန် သံအမတ်ကြီး Peter Haas က ဩဂုတ် ၇ ရက်တွင် ကြေညာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အမေရိကန်က ခေတ်မီဒရုန်းများနှင့် စစ်သင်္ဘောများ မကြာမီပို့ဆောင်ပေးတော့မည်ဖြစ်ကြောင်း ပြီးခဲ့သည့် သီတင်းပတ်က စစ်ဦးစီးကောလိပ်၌ အမေရိကန်သံတမန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကာကွယ်ရေးစစ်လက်နက်ပစ္စည်းအသစ်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် အခြားသောမစ်ရှင်များကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်တွင် ကျွန်ုပ်တို့သည် စွမ်းဆောင်ရည်မြင့်မားသော Blackjack ဒရုန်းစနစ်၊ အရှည် ၃၅ ပေရှိ SAFE ကင်းလှည့်စစ်သင်္ဘောများနှင့်တောင့်တင်းသောကိုယ်ထည်များဖြင့် တည်ဆောက်ထားသော Zodiac လှေများကို ပေးအပ်သွားရန် မျှော်လင့်ထားသည်ဟု Peter Haas က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပွင့်လင်းမြင်သာ၍ သမာသမတ်ကျစွာဖြင့် စုံစမ်းစစ်ဆေးမှုများ စေ့စေ့စပ်စပ်ပြုလုပ်သွားရမည်ဟု မကြာသေးမီက ဒါကာမြို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုအစီရင်ခံစာများနှင့်ပတ်သက်၍ အမေရိကန်က စိုးရိမ်မိကြောင်းမဖော်ပြမီ ယခုကဲ့သို့ ကြေညာချက် ထွက်ပေါ်လာခြင်းလည်းဖြစ်ကြောင်း သိရသည်။

Peter Haas ၏အဆိုအရ အမေရိကန်နိုင်ငံသည် နိုင်ငံရပ်ခြားစစ်ဘက်အကူအညီများဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် ပံ့ပိုးပေးနေသည့် အဓိကနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

အမေရိကန်စစ်ဘက်သည် ၎င်း၏ ကာကွယ်ရေးစွမ်းအား တိုက်ပွဲဝင်အသင့်ဖြစ်စေရန်၊ အားကောင်းစေရန်နှင့် ၎င်းတို့၏ နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကိုခိုင်မာစေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပုံမှန်ဆက်ဆံရေးများရှိနေသည်ဟု Peter Haas က ပြောကြားခဲ့သည်။




အမေရိကန်သည် ၎င်း၏အာရှမဟာမိတ်အတွက် ငြိမ်းချမ်းပြီးတည်ငြိမ်သောနိုင်ငံကိုပံ့ပိုးပေးရန်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုမြှင့်တင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကာအကွယ်များပေးအပ်ခြင်းအပါအဝင် ရည်မှန်းချက်ငါးရပ် ချမှတ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဒါကာသို့ အမေရိကန်ကပေးပို့ခဲ့သည့် စက်ပစ္စည်းများတွင် ဖရီးဂိတ်စစ်သင်္ဘောများ၊ မိုင်းဒဏ်ခံသံချပ်ကာယာဉ်များနှင့် C-130B နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်လေးစင်းတို့ ပါဝင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်မှာ ကျွန်တော်တို့ဟာ ဒရုန်းအသေးစားတွေကိုလဲ ပေးအပ်ခဲ့ပြီး အထူးစစ်ဆင်ရေးတပ်ဖွဲ့တွေကို ခေတ်မီလက်နက်တွေ၊ ခဲယမ်းမီးကျောက်တွေ၊ သံချပ်ကာယာဉ်တွေ၊ ခေတ်မီရေဒီယိုစနစ်တွေနဲ့ ရှေးဦးသူနာပြုစုနည်းတွေကို ပံ့ပိုးပေးခဲ့တယ်"ဟု Peter Haas က ပြောကြားခဲ့ကြောင်း သိရသည်။

**US to Supply More Advanced Military Equipment to Bangladesh ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ ၁၀၇၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၃၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နေကြာဧက ၁၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတာ လက်ရှိ ၁၀၇၁ ဧကစိုက်ပျိုးပြီးစီးနေပြီ။ နေကြာကို မိုးသီးနှံစိုက်ပျိုးရာသီမှာထက် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ မိုးနေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးဖို့၊ နေကြာတိုးချဲ့စိုက်ပျိုးဖို့အတွက် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနက လုပ်ဆောင်လျက်ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၉၆ ဧက နှင့် ကျောက်မြောင်းမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ၁၀၇၁ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် မိုးနေကြာစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၆၄ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၇၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၅၃ ဧကနှင့် ကျောက်မြောင်းမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ၁၁၃၁ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပညာပေးသင်တန်းများ အချိန်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ရွှေဘိုမြို့နယ်တွင် ၄၄၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၄၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၃၉ ဧက နှင့် ကျောက်မြောင်းမြို့နယ်တွင် ၁၃၈ ဧက စုစုပေါင်း ၆၄၆၆ ဧက စိုက်ပျိုးခဲ့ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ပိန္နဲကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပိန္နဲကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ပိန္နဲကွင်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် ပိန္နဲကွင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး**

# နမ့်စန်မြို့နယ် ဝမ်ပန်ကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နမ့်စန် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဝမ်ပန်ကျေးရွာ၌ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ဝမ်ပန်ကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

ဝမ်ပန်ကျေးရွာ၌ အရှည် ပေ ၉၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၄ သိန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၁၉ သိန်းဖြင့် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၈-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၆၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရှစ်ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံသို့ထွက်ခွာ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**

**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၁ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် ရှစ်ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ထိုင်းလေကြောင်းလိုင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ရှစ်ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဩဂုတ် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့် လှိုင်းဘွဲ့မြို့ပေါ် (ယ)ရပ်ကွက် အနိမ့်ပိုင်းနေရာများတွင် လူနေအိမ်များအတွင်း ရေများဝင်ရောက်နေမှု၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ နေရာချထားပေးမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာ Cyclone Shelter ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများကိုတွေ့ဆုံ၍ အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၂၃၇ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၉၉၀၈၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်ကြသော ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးပြီး အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၃၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၁၅၉၂၀၀ နှင့် ငွေကျပ် ၁၇၉၄၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ပြည်နယ်ကမ္ဘာ့ဗ္ဗာန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၅၆ စု၊ လူဦးရေ ၂၃၀၊ ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ခါဒေမွလ် အစ္စလာမ်ပရဟိတစာသင်ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၈၁ စု၊ လူဦးရေ ၃၇၆ ဦး၊ ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြွှေဝါခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်အိမ်ထောင်စု ၇၈ စု၊ လူဦးရေ ၃၆၄ ဦး၊ ဘားအံမြို့ သုမေဓာရာမကြားတောရကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၃၇ ဦး၊ ဘားအံမြို့ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၆ စု၊ လူဦးရေ ၈၇ ဦး တို့ကိုတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးသည် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခုတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၉၉၀၊ လူဦးရေ ၄၇၂၃ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၉၆၇၃၂၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ၊ ဘားအံမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်စခန်း ကိုးခုမှ အိမ်ထောင်စု ၇၀၄ စု၊ လူဦးရေ ၃၄၇၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၁၂၃၀၀၀၀ နှင့် ခေါက်ဆွဲခြောက်နှင့်ကြက်ဥများ၊ ကျုံဒိုးမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုမှ အိမ်ထောင်စု ၁၇၂ စု၊ လူဦးရေ ၇၅၂ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၆၇၆၈၀၀၀ နှင့် ခေါက်ဆွဲခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးမိတ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်



**မိုးမိတ် ဩဂုတ် ၁၀**

မိုးမိတ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနောင်ထံမှ သိရသည်။

ကျောက်မဲခရိုင်အတွင်းရှိ လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သောလမ်းများတွင် ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးအတွက် ကတ္တရာလမ်းချဲ့ခြင်းအပါအဝင် လမ်းတံတားလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ငွေလုံးငွေရင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀၄၉ ဒသမ ၀၄၁ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါလမ်းတံတားလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများ စုဆောင်းနေကြောင်း သိရသည်။

မိုးမိတ်ခရိုင်အတွင်းရှိ မန်တုံ-မိုးမိတ်လမ်း၊ မိုင်းငေါ့-မိုးမိတ်လမ်း၊ တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်)လမ်း၊ မိုးကုတ်-ကုန်းဝက်-မိုးမိတ်-မဘိမ်း-စီဦးလမ်း (ကုန်းဝက်-စီဦးထိ)၊ မိုးမိတ်-ကျောက်တောင်(မိုးလို)လမ်း၊ ငါးအိုး-မဘိမ်း (နမ့်ပုံးပုံး)လမ်း၊ မဘိမ်းမြို့အဝင်လမ်းတို့တွင် ကတ္တရာလမ်းချဲ့ခြင်း၊ အမာခံလမ်းပြုပြင်ခြင်း၊ မြေတောင်၊ ကျောက်တောင်ချဲ့၊ လမ်းတာပေါင်ပြုပြင်ခြင်း၊ သံကူကွန်ကရစ် Toe Wall တည်ဆောက်ခြင်း၊ ကတ္တရာပီပါခွဲ မြေထိန်းနံရံ၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ လမ်းနယ်တိုင်၊ မိုင်ဖာလုံတိုင်ပြုလုပ်ခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနောင်ထံမှ သိရသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဩဝါဒခံယူ

**ရန်ကုန် ဩဂုတ် ၁၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီး ဘုရားခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ ဒုတိယအဖွဲ့ခွဲ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ပြည်ထောင်စုဝန်ကြီးက လျှောက်ထားရာတွင် ဆရာတော်ကြီးများအား ဦးဦး ဖျားဖျား လာရောက်ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ခြင်းကြောင့် သမဏာနုဥဒသနမင်္ဂလာတရားများတိုးပွားရပါကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် ထေရဝါဒ ငါးနိုင်ငံအနက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာတော်ကြီး သုံးရပ်တွင် ဝိနည်း သိက္ခာပုဒ်ကျင့်သုံးရာ၌ အလေးအနက်ထားသည့် နေရာတွင်သော်လည်းကောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ၁၅ ပါး ပေါ်ထွန်းနိုင်ခဲ့ခြင်းသည်လည်းကောင်း မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သာသနာတော်နှစ် ၅၀၀၀ တည်တံ့ရေးတွင် တပည့်တော်တို့၏ မြန်မာနိုင်ငံတော်ကြီး တစ်ခုတည်းသာ နောက်ဆုံးခံတပ်ကြီးဖြစ်နေမည်ဟု ခံယူမိပါကြောင်း၊ သို့ဖြစ်ပါ၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ အဓွန့်ရှည်ပြန့်ပွားစေရေးအတွက် ဆရာတော်ကြီးများက လိုအပ်သည်များကို လမ်းညွှန်ဩဝါဒပေးတော်မူပါရန်နှင့် တပည့်တော်တို့ အနေဖြင့် ဆရာဒကာလက်တွဲ၍ ဝိုင်းဝန်းကူညီ ထောက်ပံ့အားပေးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဩဝါဒကထာမြွက်ကြားရာတွင် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ အဓွန့်ရှည်ပြန့်ပွားရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် ကိစ္စများစွာရှိပါကြောင်း၊ ထိုကိစ္စများစွာထဲမှ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ထားသည့် ဗုဒ္ဓဉယျာဉ်တော်အတွင်း၌ ဘုရားရှင်၏သာသနာတော်ကြီး အရှည်ခံ့တည်တံ့ပြန့်ပွားနိုင်ကြောင်းဖြစ်သည့် ပိဋကတ်တော်များကို ကျောက်စာရေးထွင်းခဲ့ခြင်းဖြစ်ပြီး ထို့ထက်ပို၍ပြန့်ပွားရန် ဆဋ္ဌသင်္ဂါယနာတင်ချိန်မှစ၍ ပိဋကတ်ပုံနှိပ်တိုက်က ပါဠိတော်၊ အဋ္ဌကထာကျမ်းစာအုပ်များပုံနှိပ်၍ ထုတ်ဝေမှုကိုပိုမိုဆောင်ရွက်ပေးသင့်ကြောင်း၊ မဃဒေဝလင်္ကာဆရာတော်ကြီး ညွှန်ကြားတော်မူခဲ့သည့်အတိုင်း သူများထက်သာသည် မေတ္တာ၊ ကရုဏာ၊ ခန္တီတရားများကို မိမိသန္တာန်၌ထားပြီး လုပ်ငန်းတာဝန်များကိုဆောင်ရွက်တိုင်း အောင်မြင်မှုဆိုသည့်တရားများကို ရရှိနိုင်မည်ဖြစ်ကြောင်း မိန့်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ကျောက်မဲဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒသာရက ဩဝါဒကထာမြွက်ကြားရာတွင် အပ္ပမာဒေန သမ္ပာဒေထ၊ မေ့မေ့လျော့လျော့ မနေကြနှင့်ဟူသည့် တစ်ခွန်းတည်းကိုသာ မြတ်စွာဘုရားရှင်က တပည့်ပရိသတ်များကို မှာကြားခဲ့ကြောင်း၊ မည်သည့်အရာကိုမျှ ကာယကံဖြစ်စေ၊ ဝစီကံဖြစ်စေ၊ မနောကံဖြစ်စေ အမှတ်တမဲ့ မေ့မေ့လျော့လျော့ဖြင့် မလုပ်မိကြစေရန် မြတ်စွာဘုရားရှင်က မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ အားလုံးသော ပုဂ္ဂိုလ်များကလည်း ဗုဒ္ဓမြတ်စွာသာသနာ၏ အဆုံးအမဩဝါဒဖြစ်သည့် အပ္ပမာဒတရားလက်ကိုင်ထားပြီး မိမိတို့၏ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ပြုမူပြောဆိုကြံစည်ဆောင်ရွက် လုပ်ကိုင်ကြရန်လိုအပ်ကြောင်း မိန့်ကြားသည်။

ဆက်လက်၍ ကျောက်မဲဆရာတော်က ဘုရားဟောတရားတော်များကို မှတ်တမ်းတင်ထားခြင်းမှာ အထူးပင်ကောင်းမွန်ပြီး လူသားအားလုံး အမှန်တကယ်လိုက်နာကျင့်သုံးရမည့် အချက်များဖြစ်ပါကြောင်း၊ မကောင်းသည့်အလုပ် မလုပ်နှင့်၊ ကောင်းသည့်အလုပ်ကိုလုပ်၊ မိမိစိတ်ကို ဖြူအောင်ထားရမည်ဆိုသည့် ဗုဒ္ဓမြတ်စွာ၏တရားတော်အတိုင်း လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ အသင့်အတင့် နှလုံးသွင်းပြီး ယောနိသောမနသိကာရလက်ကိုင်ထားပြီး ဆောင်ရွက်ပြောဆိုကြံစည်လုပ်ကိုင်ကြရန် ဩဝါဒ မိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနှင့် ရေစက်သွန်းချတရား ဟောကြားချီးမြှင့်ပြီး ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၃ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်၊ အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲ၊ အာရှလူငယ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့များကို သွားရောက်ကြည့်ရှုအားပေး

**ရန်ကုန် ဩဂုတ် ၁၀**

ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဈေးဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ လူငယ်မျိုးဆက်သစ်လှေလှော်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ လှေလှော်အားကစားနည်းကို ပြည်သူအများ စိတ်ဝင်စားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြသည့် လှေလှော်အားကစားသမားများ အချင်းချင်းချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် လှေလှော်အားကစားနည်းအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက်ဖြစ်ကြောင်း၊ လှေလှော်အားကစားနည်းဆောင်ပုဒ်ဖြစ်သည့် "လှေခွက်ချည်းကျန် အလံမလဲသေသည့်တိုင်အောင် တက်ကိုဆောင်၊ တက်ညီလက်ညီရှေ့သို့ချီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။




ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုပြီး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပထမနေ့ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀ အမျိုးသား၊ အမျိုးသမီး ခုနစ်တက်လှေပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသား၊ အမျိုးသမီး ၁၀ တက်လှေပြိုင်ပွဲ၊ မီတာ ၂၀၀ Mixed ၁၀ တက်လှေပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်သို့ရောက်ရှိပြီး အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ရေကူး၊ ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘောအားကစားအဖွဲ့များ၏ နေထိုင်၊ စားသောက်ရေးနှင့် လေ့ကျင့်နေမှုများကိုလည်းကောင်း၊ တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အားကစားဝင်းအတွင်းရှိ ဝူရှူးအားကစားလေ့ကျင့်ရေးရုံ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုမြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အာရှလူငယ်အားကစားပြိုင်ပွဲနှင့် ဟန်ကျိုးမြို့တွင်ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ ပြန်လည်ရောက်ရှိပြီး လှေလှော်ပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ တန့်ယန်းမြို့၊ ကွမ်းလုံမြို့တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရိုးလှိုင် ကြည့်ရှုအားပေးစဉ်။



သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင် တပ်ဦးကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သံဃာတော် ၅၄ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ကုသပေးခြင်း၊ မာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ရိုးလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၄)ရှိ မဟာဓာတုရုံ ပရိယတ္တိစာသင်တိုက်၊ တန့်ယန်းမြို့ရှိ ဓမ္မဂုဏ်ရည်ကျောင်းတိုက်နှင့် ကွမ်းလုံမြို့ရှိ ကွန်မြင့်ရွာဦးဘုန်းတော်ကြီးကျောင်း အစရှိသော မြို့နယ် သုံးမြို့နယ်တို့မှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်များ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်၊ သံဃာတော် ၁၀၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ငါးပါးနှင့် ဒေသခံပြည်သူ ၄၉၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျိုးနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ အင်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဩဂုတ် ၁၀**

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာ၌ ကွင်း/ဦးပိုင်အမှတ် ၁၆၄၂/၈၊ တောင်သူဒေါ်ယုယုလွင်၏လယ်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးကအမှာစကားပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီးနှံအမျိုးမျိုးကို စက်ကိရိယာအသုံးပြု၍ စိုက်ပျိုးမှုအခြေအနေနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တောင်သူများ၏ မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုနှင့် စပါးမျိုးစေ့ချပျိုးထောင်စက်၊ ကောက်စိုက်စက်နှင့် တွဲဖက်သုံးစပါးမျိုးစေ့ချကိရိယာ သရုပ်ပြဆောင်ရွက်နေမှုများကိုကြည့်ရှုကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရေဆင်းရေလှောင်တမံ ရှင်းလင်းဆောင်၌ ရေအသုံးချသူများအဖွဲ့(WUG) တွေ့ဆုံပြီး နေပြည်တော်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရေဆင်းရေလှောင်တမံဆိုင်ရာအချက်အလက်များ၊ ဆည်အတွင်းသို့ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားပြီး ဆည်အတွင်းရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊တာဝန်ရှိသူများနှင့်အတူ မင်္ဂလာကန်အမှတ်(၂)၏ကန်ပတ်လမ်းတွင် ဆောင်ရွက်နေသည့် မော်တော်ယာဉ်ရပ်နားရန်နေရာပါဝင်သော မြေယာရှုခင်းအတွက် မြေပြင်ညှိနေမှုနှင့် ပန်းအလှပင်စိုက်ပျိုးမှု၊ ကြာနှင့်ဇော်ဒါများ၊ အမှိုက်များကိုဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာကန်ရေပြင်ကြည်လင်သန့်ရှင်းစေရေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဩဂုတ် ၁၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များမြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၀**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၁)စိုက်ပျိုးမွေးမြူရေးစခန်း(ဇော်ဘွားကြီးကုန်း)၌ မိဘမျိုးဥစားကြက်များမွေးမြူထားရှိမှုမှိုများ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးအစာစပ်စက်ရုံလည်ပတ်နေမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု၊ ငါးမွေးမြူရေးကန်များ၌ ငါးတန်၊ ငါးမုတ်၊ မြက်စားငါးကြင်းများ မွေးမြူထားရှိမှု၊ ဥစားကြက်များ မွေးမြူထားရှိမှုတို့ကိုသွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်



**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးစဉ်။**

**နေပြည်တော် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ရာ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပဲခူးတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများနှင့်ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့်ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား၊သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ဩဂုတ် ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

ဩဂုတ် ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၅၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၁၁၁၂ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၉၁၉ ဦး |

# စင်ပေါ်ကစာအုပ်များ (၇)

မန်းတင့်မော်

စာရေးသူ၏စာအုပ်စင်ပေါ်တွင် ကျောင်းသင်ဘာသာရပ်ဆိုင်ရာစာအုပ်များကို မထားရှိပါ။ ထိုစာအုပ်များကို စာရေးစားပွဲပေါ်နှင့် စားပွဲအောက်စင်များတွင် ထားရှိသည်။ အလွယ်တကူကိုးကားကြည့်ရှုရန်ဖြစ်သည်။ အိပ်ရာဘေးရှိ စာအုပ်စင်ပေါ်တွင် နှစ်သက်ရာ ကဗျာ၊ အက်ဆေးနှင့် ဝတ္ထုစာအုပ်များကို ထားလျက် နားနားနေနေဖတ်ရှုလေ့ရှိပါ၏။ ထိုစာအုပ်များထဲတွင် အက်ဆေးစာအုပ်များက ခပ်များများနေရာယူလျက်ရှိသည်။ စာဖတ်ချိန်ရတိုင်း စင်ပေါ်မှ စာအုပ်တစ်အုပ်ကိုဆွဲယူမိတိုင်း ပါလာတတ်သည်က အက်ဆေးစာအုပ်ဖြစ်နေတတ်သည်။ ယနေ့တွင်လည်း စာဖတ်ရန် စာအုပ်ယူမိတော့ ဆရာမောင်ခင်မင် (ဓနုဖြူ)၏ "မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီ"ရသစာတမ်းများ စာအုပ်ဖြစ်နေသည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)ဟုဆိုလိုက်လျှင် စာသင်သားကျောင်းသားလူငယ်မှအစ စာပေဝါသနာထုံသူလူငယ်များနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအလယ် စာပေမွေ့သူလူကြီးများထိ မသိသူမရှိ စာပေပညာရှင်တစ်ဦးဖြစ်ပါသည်။ မြန်မာစာဌာနများတွင် နည်းပြမှပါမောက္ခဌာနမှူးရာထူးထိ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ဂျပန်နိုင်ငံ တက္ကသိုလ်ကြီးတစ်ခုတွင်လည်း ဧည့်ပါမောက္ခတာဝန်ထမ်းဖူးသည်။ မြန်မာစာဆိုင်ရာ စာအုပ်စာတမ်းပေါင်းများစွာကိုလည်း ရေးသားပြုစုထုတ်ဝေခဲ့သည်။ ဆရာ၏ "စကားပြေသဘောတရား စကားပြေအတတ်ပညာ"စာအုပ်မှာ စာပေသမားတိုင်းမဖြစ်မနေ လက်ကိုင်ပြုကြရသော စာအုပ်လည်းဖြစ်သည်။ မြန်မာစာပညာရှင်များစွာကိုလည်း မွေးထုတ်ပေးခဲ့သည်။ ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသော ဆရာတစ်ဦးဖြစ်ကြောင်းလည်း အများသိရှိကြပါသည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)ပြုစုခဲ့သောစာအုပ်များက များလှပါသည်။ ဆရာ၏ စာစုစာရင်းပြုစုလျှင် မပြည့်စုံနိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် ဆရာက ယနေ့ထက်တိုင် စာနယ်ဇင်းများတွင် စာပေဆိုင်ရာဆောင်းပါးများကို စဉ်ဆက်မပြတ်ရေးသားလျက်ရှိနေသောကြောင့် ဖြစ်သည်။ "မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီ" ရသစာတမ်းများစာအုပ်တွင် စာတမ်း ၁၅ ပုဒ်ပါရှိပါသည်။ စာအုပ်ခေါင်းစဉ် အမည်တပ်ထားသော "မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီ"တွင် စာရေးသူက တစ်ဦးတည်းသော ညီမလေးဖြစ်သူ ဘုရားဖူးသွားရာ အစ်ကိုထံစာမရေးသဖြင့် စိတ်ဆင်းရဲရပုံ၊ စာရသဖြင့် စိတ်ပျော်ရွှင်ရပုံတို့ကို ခံစားမှုအလိုက် ပေါ်လွင်အောင်ရေးဖွဲ့ပါသည်။ "စိတ်ပူလာပြန်သည်။ ကြောင့်ကြလာပြန်သည်။ စာမရေးဘဲနေနိုင်ရန်ကော"ဟု ဒေါသဖြစ်လာမိသည်။ သည်နေ့မနက်ထိ မောင်ရုပ်ဆိုးစိတ်ထဲမှာ ဗလောင်ဆန်နေသည်။ ယောက်ယက်ခတ်နေသည်။ နေမထိထိုင်မထိဖြစ်နေသည်ဟူ၍ စိတ်ခံစားမှုကို ရှင်းရှင်းလင်းလင်းရေးဖွဲ့သည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)က စိုးရိမ်စိတ်၊ ပူပန်စိတ်တို့ရှိနေလျှင် မြင်သမျှမလှ၊ ကြားသမျှမတော်ဖြစ်ရကြောင်းဟုလည်းဆိုသည်။ "ရန်လိုသောမျက်စိနှင့် ကြည့်ခဲ့သည်။ ခါးသီးသောနားနှင့် နားထောင်ခဲ့သည်။ ကြမ်းတမ်းသောနှုတ်နှင့် တုံ့ပြန်ခဲ့သည်"ဟု ဆိုပြန်ပါသည်။ ချစ်လျှင်လှ၊ မချစ်လျှင်မလှ ဟူသောစကားအတိုင်း ဆရာငယ်ငယ်က နေခဲ့ရသော ကျောင်းရှေ့က ထိမ်ပင်ကြီးအပေါ်တွင် အမြင်ကွဲပြားပုံကိုလည်း ရေးဖွဲ့သည်။ စိတ်အခြေအနေကောင်းလျှင် ထိမ်ပင်ကြီးက လှ၍ စိတ်ညစ်ညူးနေစဉ် ထိမ်ပင်ကြီးကအရုပ်ဆိုးအကျည်းတန်သည်ဟု မြင်ပြန်သည်။ မတူခြားနားသောအမြင်တို့က အတွေးတွင် အခြေခံလျက်ရှိကြောင်းကို သတိပြုမိစေပါသည်။

❖ "မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီ" ရသစာတမ်းများစာအုပ်တွင် စာတမ်း ၁၅ ပုဒ်ပါရှိပါသည်။ စာအုပ်ခေါင်းစဉ် အမည်တပ်ထားသော "မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီ" တွင် စာရေးသူက တစ်ဦးတည်းသော ညီမလေးဖြစ်သူ ဘုရားဖူးသွားရာ အစ်ကိုထံစာမရေးသဖြင့် စိတ်ဆင်းရဲရပုံ၊ စာရသဖြင့် စိတ်ပျော်ရွှင်ရပုံတို့ကို ခံစားမှုအလိုက် ပေါ်လွင်အောင်ရေးဖွဲ့ပါသည်။ "စိတ်ပူလာပြန်သည်။ ကြောင့်ကြလာပြန်သည်။ စာမရေးဘဲနေနိုင်ရန်ကော" ဟု ဒေါသဖြစ်လာမိသည်။ သည်နေ့မနက်ထိ မောင်ရုပ်ဆိုးစိတ်ထဲမှာ ဗလောင်ဆန်နေသည်။ ယောက်ယက်ခတ်နေသည်။ နေမထိထိုင်မထိဖြစ်နေသည်ဟူ၍ စိတ်ခံစားမှုကို ရှင်းရှင်းလင်းလင်းရေးဖွဲ့သည်။ ❖

ဆက်လက်၍ ဝေဿန္တရာဇာတ်တော်လာ မိခင်သောကအခန်းဆီ အတွေးမျှင် တန်းပြန်ပါသည်။ အများသိ မယ်မဒ္ဒီ သစ်သီးရှာပြီး ကျောင်းသင်္ခမ်းသို့ အပြန် သားသမီးများကိုမတွေ့ရသဖြင့် ပူပန်သောကရောက်ရပုံကို ဆရာက ငယ်စဉ်ကပင် ဖတ်ဖူးခဲ့သော်လည်း ကိုယ်တိုင်ငါးရာနှစ်ဆယ့်ရှစ်မေတ္တာကြောင့် ပူလောင်ရမှ ကိုယ်ချင်းစာမိသည်။ ထိုအချက်ကို "ယခုကိုယ်နှင့်နှိုင်းပြီးပြန်တွေးကြည့်မှ နင့်နင့်နဲနဲသဘောပေါက်မိသည်။ အရသာလည်းပေါ်လာသည်။ ဤကျောင်းသင်္ခမ်းသည် တစ်နေ့နှင့်တစ်နေ့ ဘာမှမထူး။ အတူတူပင်။ သို့သော် သားသမီးနှင့်သိုက်သိုက်ဝိုင်းဝိုင်း နေရ၍ ပျော်နေချိန်တွင် မယ်မဒ္ဒီ၏စိတ်ထဲ၌ ဤကျောင်းသင်္ခမ်းသည် ပွဲသဘင်ဖြစ်နေသည်။ သားသမီးနှင့်ကွေကွင်းရ၍ သောကရောက်ချိန်တွင်မူ သူ့စိတ်ထဲ၌ ဤကျောင်းသင်္ခမ်းသည်ပင် သုသာန်တစဖြစ်ရတော့သည်။ ပျော်နေတုန်းတွင် ငှက်တွေကွန့်မြူးသည်ကို သာယာမိသည်။ စိတ်ညစ်တုန်းကမူ "ငှက်တွေ သေပဲကုန်ပလား"ဟု စိတ်တိုနေမိသည့်သဘောပင်" ဟူ၍ နှိုင်းယှဉ်ပြသည်။ ငယ်စဉ်က ဝေဿန္တရာဇာတ်တော်ကို ဇာတ်ပွဲတွင်လည်း ကြည့်ဖူးသည်။ အဖြူအမည်းရုပ်ရှင်တွင်လည်း ကြည့်ရသည်။ ဇာတ်ပွဲက နောက်ပိုင်းမင်းသမီး မဒ္ဒီဒေဝီ၏သောကကို ငိုချင်းဖြင့်သရုပ်ဖော်သည်။ ရုပ်ရှင်တွင် စွယ်စုံရအနုပညာရှင်ကြီး ဝဏ္ဏကျော်ထင်ကြည်ကြည်ဌေးက သရုပ်ဆောင်ပြသည်။ နှစ်ခုစလုံး ပရိသတ်ကို ဆွဲခေါ်နိုင်ခဲ့ပါသည်။ စာပေအရသာကမူ တစ်မူထူးခြားစွာ စိတ်အာရုံကို ဖမ်းစားနိုင်သည်ဟု ထင်မြင်မိပါသည်။

ဆရာ၏အက်ဆေးများထဲမှ "ဆရာဖြစ်သောနေ့" ဟူသောစာတမ်းကိုလည်း မှတ်မှတ်ထင်ထင်ရှိလှပါသည်။ ကိုယ်တိုင်ကျောင်းဆရာအဖြစ် အသက်မွေးရသူမို့ ဆရာ့စာကို ပို၍ခံစားမိ၊ နှစ်သက်မိသည်။ ဆရာက တက္ကသိုလ်ဆရာအဖြစ် စတင်ခန့်အပ်ခံရပုံကို "အလုပ်ခန့်စာတွင် ကိုယ့်နာမည်ရှေ့က ဦးတပ်ခေါ်ထားသည်ကို မြင်ရကတည်းက ကိုယ့်ကိုယ်ကိုယ် အတော်ကြည်ညိုနေပြီမို့ တော်တော်ဟုတ်တဲ့ငါပါလားဟူ၍ ပီတိအရသာကို မြိန်ရှက်စွာခံစားရင်း"ဟု ဖော်ပြရာ ကိုယ်တိုင်ပြန်၍ ကြည်ညိုသည်ဟု သုံးထားသည်မှာ ထူးခြားပါသည်။ ထိုခေတ်က တက္ကသိုလ်ဆရာများ ခေါင်းပေါင်းပေါင်းရသည်ဟု သိရသည်။ ခေါင်းပေါင်းနှင့် မှန်ကြည့်မိပုံကို "ပြောင်စပ်စပ်နိုင်လှသော ပိန်ရှည်ရှည် မည်းခြောက်ခြောက် အငြိမ့်လူပြက်တစ်ယောက်၏အရိပ်သာ ထင်လာချေသည်တကား၊ ကတ္တရာစေးသုတ်ထားသော ဝါးလုံးတိုင်ထိပ်တွင် ခေါင်းပေါင်းချိတ်ထားဘိသို့ရှိတော့သည်"ဟု ပေါ်လွင်အောင် ရေးဖွဲ့ပြန်သည်။

စာသင်ခန်းတွင်ကြုံတွေ့ရသော အခက်အခဲများကလည်း စာသင်ခန်းဝင်စ ပထမနေ့၏ ဆရာ၊ ဆရာမတိုင်း ကြုံတွေ့ရပုံမျိုးဖြစ်သည်။ အသံတုန်ပုံ၊ ဒူးတုန်ပုံ၊ သင်ပုန်းကြီးအသုံးပြုရပုံ၊ အတန်းသူ၊ အတန်းသားများကို နှုတ်ခွန်းဆက်ပုံတို့မှာ ဆရာ၊ ဆရာမတိုင်း ကြုံဖူးတွေ့ဖူးကြရသည်သာ။ "ဆရာလုပ်စက ကိုယ့်ကိုယ်ကိုယ် ကဝိတစ်ဆူထင်ခဲ့လေသမျှ ကြာလေမတတ်သေးမှန်းသိလေ ဖြစ်လာရတော့သည်။ ယခုမူ ငါမတတ်သေးတာတွေ အများကြီးပါလားဟု သိလာရလေပြီ။ ဆည်းပူးစရာ ပညာပြင်ကျယ်ကြီးကား ရှေ့တွင်တစ်ဆုံးတစ်ဆကျယ်လှပါဘိ"ဟူသော အဆိုကို တက်သစ်စ ဆရာ၊ ဆရာမလေးများ မှတ်သားနာယူစေချင်လှတော့သည်။

လူ့ဘဝသက်တမ်းတစ်လျှောက်တွင် မမေ့နိုင်သောနေ့များစွာ ရှိကြပါလိမ့်မည်။ ရှေးမြန်မာဆိုစကားတစ်ခု ကြားဖူးပါသည်။ "ရှင်လိုင်ပြန်တဲ့နေ့၊ ထောင်ကလွတ်မြောက်တဲ့နေ့နှင့် အိမ်ထောင်ကျတဲ့နေ့များက အပျော်ဆုံးနေ့"ဟုဆိုပါသည်။ သည်အချက်များနှင့်မသက်ဆိုင်ဘဲ အခြားသတိရဖွယ်၊ မမေ့နိုင်ဖွယ်သော နေ့များစွာလည်း ရှိနေနိုင်ပါသည်။ ဆရာမောင်ခင်မင်(ဓနုဖြူ)က "တပည့်တွေတော်တော်များများနှင့် ကြုံလာရသည်နှင့်အမျှ ဆရာဘဝကို ပို၍ခုံမင်လာရသည်ကတော့ အမှန်ပင်၊ တပည့်ကောင်း၊ တပည့်လိမ္မာလေးတွေ မွေးထုတ်ပေးနိုင်စွမ်းရှိတဲ့ အလုပ်မျိုးပါတကားဟု ဆရာအလုပ်၏ အစွမ်းသတ္တိကို ပို၍ပို၍သိလာရပါပြီ။ ထိုကြောင့်လည်း မောင်ဖြိမ့်မြိုင်တစ်ယောက် သူတွယ်တာခုံမင်သော လုပ်ငန်း၏အစပျိုးရာ "ဆရာဖြစ်သောနေ့"ကို သည်တစ်သက်တွင် မေ့နိုင်မည်မဟုတ်တော့ပြီ"ဟု အဆုံးသတ်ထားပါသည်။

မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီအက်ဆေးက မောင်ချစ်နှမချစ် ငါးရာနှစ်ဆယ့်ရှစ်ကိုဖွဲ့နွဲ့သည်။ မောင်နှမများချစ်ကြခင်ကြစေလိုသော စေတနာလည်းပါပါသည်။ ယခင်၊ ယခုနှင့် နောင်တွင်လည်း ချစ်ကြစေချင်လှသည်။ ငွေအတွက် ကွဲကွာနေကြသော မောင်နှမများရှိသည်။ အမွေအတွက် ခွဲခွာကြရသော သွေးရင်း၊ သားရင်းများကလည်း မရှားပေ။ စီးပွားရေး၊ လူမှုရေး၊ ဘာရေး၊ ပညာရေးစသော အရေးပေါင်းစုံကြောင့် မျက်နှာချင်းမဆိုင်ကြတော့သော သားချင်းဆွေမျိုးများကိုလည်း တွေ့နေရပြီ။ ဘဝတာတိုကလေးကို ပြေးလွှားဖြတ်သန်းကြရသူချင်းအတူတူ၊ အမြင်ကွဲပြား၊ အထင်လွဲမှားကြရသူများကလည်း များသည်ထက်များလျက်ရှိသည်။ ထိုအချက်များကို တစေ့တစောင်းသိရှိရန်၊ သံယောဇဉ်ကြိုးမြဲခိုင်စေရန်၊ သောကကင်းဝေးစေရန် ဆရာက အဆိုပါစာတမ်းတွင် ညွှန်ပြမှုပေးသည်ဟု ယူဆမိပါသည်။

ဆရာဖြစ်သောနေ့ စာတမ်းကမူ မြန်မာ့ဓလေ့ အနန္တောအနန္တငါးပါးဝင် ဆရာသခင်တို့၏ ဆရာဘဝအစကို မီးမောင်းထိုးပြသည်။ ရယ်ရွှင်ဖွယ်ပါသည်။ ဘဝသစ်စရသူ၊ ခရီးသစ်လျှောက်ရသူတို့ ကြုံရလေ့ရှိသော စိုးရိမ်စိတ်ကို သိရ၊ ခံစားရ၊ နားလည်ရ၊ ကိုယ်ချင်းစာမိရသည်။ ဆရာ့လုပ်ငန်းကို မြင်ရသည်။ ဆရာ့အသံကိုကြားရသည်။ ဆရာ့စေတနာမေတ္တာရနံ့တို့လည်း သင်းပျံ့လျက်ရှိသည်ဟု ဆိုချင်ပါသေးသည်။ မြန်မာစာဆရာပီပီ မြန်မာစာအရေးအသားကိုလည်း အတုယူနိုင်သော စာတမ်းများဖြစ်နေရာ ဆက်လက်တင်ပြရန်စာတမ်းများ ရှိနေပါသေးကြောင်း သတင်းကောင်းပါးလိုက်ရပါသတည်း။

**ကိုးကား**

- **မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီ ရသစာတမ်းများ မောင်ခင်မင်(ဓနုဖြူ) ၂၀၀၅-ဩဂုတ်**

# ဆိပ်ဖြူမြို့နယ် တောင်ငယ်လုံးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

**ဆိပ်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ငယ်လုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၉ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို နေ့ချင်းပြီး ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းလက်စွဲစာအုပ်ပါ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်ငယ်လုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၁၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၆ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၀၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

# အမေရိကန်နိုင်ငံ မောက်ဝီကျွန်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး လူခြောက်ဦးထက်မနည်းသေဆုံး



**ဝါရှင်တန် ဩဂုတ် ၁၀**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်ရှိ မောက်ဝီကျွန်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဟာဝိုင်ယီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Notoba သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးသည် မောက်ဝီကျွန်းရှိ လီဟိုင်နာမြို့သို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံလူဦးရေထောင်နှင့်ချီ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း၊ တောမီးလောင်ကျွမ်းမှုမှ မီးခိုးငွေ့များမှာ နေရာအနှံ့ပျံ့နှံ့နေပြီး လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်သည့်အခြေအနေဖြစ်နေကြောင်း၊ တောမီးကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံတချို့မှာ ကုန်းမြင့်ပိုင်းသို့ ရွှေ့ပြောင်းခြင်းမပြုဘဲ အခြားသောကျွန်းများဆီသို့ ရေလမ်းခရီးဖြင့် ရွှေ့ပြောင်းခဲ့ကြကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် နေအိမ်များအပြင် အခြေခံအဆောက်အအုံများသို့လည်း ကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားနေပြီး ပျက်စီးဆုံးရှုံးမှုပမာဏကို အတိအကျသတ်မှတ်ရန် အချိန်စောနေကြောင်း ဟာဝိုင်ယီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဟာဝိုင်ယီပြည်နယ်မှာလောင်ကျွမ်းခဲ့တဲ့ တောမီးတွေထဲမှာတော့ အခုတောမီးက အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှုပါပဲ"ဟု လေကြောင်းအကူအညီပေးနေသည့် ရဟတ်ယာဉ်ပိုင်းလော့တစ်ဦးဖြစ်သူ ရစ်ချက်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# စပိန်နိုင်ငံရှိ ရေလှောင်တမံများတွင် ရေခန်းခြောက်နေသဖြင့် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ဖြန့်ဝေသွားမည်

**မက်ဒရစ် ဩဂုတ် ၁၀**

စပိန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်း၌ မိုးခေါင်ရေရှားပါးမှုကြောင့် ရေလှောင်တမံများတွင် ရေခန်းခြောက်နေသဖြင့် စပိန်နိုင်ငံအတွင်း သောက်သုံးရေဖြန့်ဝေမှုကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Arab News သတင်းဌာနက ဩဂုတ် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သောက်သုံးရေကိုအကန့်အသတ်ဖြင့် အသုံးပြုနေရသည့်ရွာများတွင် ကတ္တလိုနီးယားနယ်မြေလည်း ပါဝင်နေပြီး ကတ္တလိုနီးယားနယ်မြေရှိ ဘိုဒယ်လာရေလှောင်တမံသည် ရေခန်းခြောက်လုနီးပါး အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်တဲ့ပြဿနာကြောင့် ရေလှောင်တမံတချို့မှာ ရေခန်းခြောက်တဲ့အဆင့်ကို ရောက်လုနီးပါးဖြစ်နေပါတယ်။ ဒါကြောင့် ရေခန်းခြောက်လုနီးပါး ဖြစ်နေတဲ့ ရေလှောင်တမံတွေအနီးမှာ တည်ရှိနေတဲ့ဒေသတွေကို သောက်သုံးရေအကန့်အသတ်နဲ့ ဖြန့်ဝေပေးသွားတော့မှာဖြစ်ပါတယ်။ မိုးရွာသွန်းမှုနဲ့ ရေထုအရင်းအမြစ်ပေါ်မူတည်ပြီးတော့ ရေလှောင်တမံတွေမှာ ရေပမာဏမြင့်တက်လာရင် သောက်သုံးရေတွေကို ပုံမှန်အတိုင်းပြန်လည်ပေးဝေသွားမှာ ဖြစ်ပါတယ်"ဟု စပိန်အာဏာပိုင် အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘိုဒယ်လာ ရေလှောင်တမံသည် ပြီးခဲ့သည့် နှစ်နှစ်က ရေလှောင်တမံအတွင်း ရွက်လှေများ ရွက်လွှင့်၍ရသည့်အခြေအနေဖြစ်သော်လည်း နှစ်နှစ်တာကာလအတွင်း ရေခန်းခြောက်လုနီးပါး အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း၊ စပိန်နိုင်ငံတွင် ၂၀၂၁ ခုနှစ်မှစ၍ အပူချိန်မြင့်တက်မှု ဆက်တိုက်ဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုပြဿနာမှာလည်း နှစ်စဉ်နှစ်တိုင်း ဖြစ်ပွားလျက်ရှိကြောင်း၊ မိုးခေါင်သည့်ပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အခက်တွေ့နေရပြီး သောက်သုံးရေရှားပါးမှုဖြင့် ရင်ဆိုင်နေရသည့် ပြည်သူဦးရေလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ခိုင်းဆက်**

# တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ဆိုင်ကလုန်းမုန်တိုင်းခါနန်တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များဖျက်သိမ်းခဲ့ရပြီး ရထားပြေးဆွဲမှုများရပ်ဆိုင်းထားရ

**ဆိုးလ် ဩဂုတ် ၁၀**

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ယနေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်းခါနန် ဝင်ရောက်တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး မြန်နှုန်းမြင့်ရထားပြေးဆွဲမှုများကိုလည်း ရပ်ဆိုင်းထားရကြောင်း ကိုရီးယားမိုးလေဝသအေဂျင်စီက ကြေညာခဲ့သည်ဟု DW သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ဘူဆန်မြို့တွင် ယနေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်းခါနန် ဝင်ရောက်တိုက်ခတ်လျက်ရှိသောကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ စီးပွားရေးလုပ်ငန်းအများအပြားကို ရပ်တန့်ထားရကြောင်း သိရသည်။

တောင်ကိုရီးယားဝန်ကြီးချုပ် Han Duck-soo က ဒေသန္တရအစိုးရများကို အန္တရာယ်ရှိသောဒေသများတွင် နေထိုင်သူလူဦးရေ ၁၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းစေခဲ့ပြီး လာမည့် သောကြာနေ့အစောပိုင်းထိ မုန်တိုင်းနှင့်ပတ်သက်၍ အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်နေမှုကြောင့် လေကြောင်းခရီးစဉ် ၃၃၀ ထက်မနည်းကို ဖျက်သိမ်းခဲ့ရပြီး မီးရထားလမ်းများကိုလည်း ပိတ်ထားရရာ မုန်တိုင်းမပြီးမချင်း ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခွာခြင်းမပြုကြရန် ပြည်ထဲရေးဝန်ကြီးဌာနက တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ကိုရီးယားကျွန်းဆွယ်သို့ မဝင်ရောက်မီ ဂျပန်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း၊ ယနေ့ နံနက် ဒေသစံတော်ချိန် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ကိုရီးယားနိုင်ငံ ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီး မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်ဟု မိုးလေဝသဌာနက ဖော်ပြထားကြောင်း သိရသည်။

AZH



# ပေကျင်းနှင့်အနီးတစ်ဝိုက်တွင် ရေကြီးမှုကြောင့် သေဆုံးသူ ၃၃ ဦးထိရှိပြီး ၁၈ ဦးပျောက်ဆုံးနေ

**ပေကျင်း ဩဂုတ် ၁၀**

တရုတ်နိုင်ငံ၌ မကြာသေးမီရက်သတ္တပတ်များအတွင်းက ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မြို့တော်ပေကျင်းနှင့် အနီးတစ်ဝိုက်ဒေသများတွင် သေဆုံးသူ ၃၃ ဦးထိရှိပြီး လူ ၁၈ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း မြို့တော်အစိုးရအဖွဲ့၏ ဩဂုတ် ၉ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ အယ်လ်ဂျာဇီယားသတင်းဌာနက ဩဂုတ် ၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ရာသီဥတုဆိုးရွားမှုနှင့် ရေကြီးရေလျှံမှုများကြောင့် ပေကျင်းမြို့အနောက်ဘက် ဆင်ခြေဖုံးဒေသများတွင် အိမ်ခြေ ၅၉၀၀၀ ခန့်ပြိုကျခဲ့ပြီး အဆောက်အအုံ ၁၅၀၀၀၀ ခန့်ပျက်စီးခဲ့ကာ သီးနှံစိုက်ခင်းဧက ၃၇၀၀၀ ကျော်ကို ရေလွှမ်းမိုးခဲ့ကြောင်း မြို့တော်အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တံတားအစင်းပေါင်း ၁၀၀ ကျော်နှင့်အတူ လမ်းအများအပြားလည်းပျက်စီးခဲ့ကြောင်း၊ တာဝန်ကျသောနေရာတွင် သေဆုံးခဲ့ရသော ကယ်ဆယ်ရေးဝန်ထမ်းများအတွက်လည်း ဝမ်းနည်းကြောင်း ပေကျင်းမြို့၏ ဒုတိယမြို့တော်ဝန် Xia Linmao က သတင်းထောက်များနှင့်တွေ့ဆုံစဉ် အတည်ပြုပြောကြားခဲ့သည်။

ပြီးခဲ့သည့် တစ်ပတ်ကျော်က တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီသည် တရုတ်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံး၊ ပျောက်ဆုံးမှု အစိုးရ၏ အတည်ပြုချက်စာရင်း ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အသေအပျောက် အများဆုံးနှင့် ပျက်စီးဆုံးရှုံးမှုအမြင့်မားဆုံး ရေကြီးရေလျှံမှုသည် ၁၉၉၈ ခုနှစ်က ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်ပြီး လူဦးရေ ၄၁၅၀ သေဆုံးခဲ့ကာ အများစုမှာ ယန်စီမြစ်တစ်လျှောက်ဒေသများမှဖြစ်ကြောင်း သိရသည်။

ယခုအခါ တရုတ်နိုင်ငံရှိ ဒေသတချို့တွင် အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်မှုဒဏ်ကို ခံစားနေကြရပြီး ကျန်းမာရေးနှင့် သီးနှံရိတ်သိမ်းမှုလုပ်ငန်းများကို ခြိမ်းခြောက်နေကြောင်း သိရသည်။

AZH

# နော်ဝေနိုင်ငံ ဂလွမ်မာမြစ်ရှိ ရေကာတာအစိတ်အပိုင်းတချို့ ရေကြီးရေလျှံမှုကြောင့်ပြိုကျ

**အော့စ်လို ဩဂုတ် ၁၀**

နော်ဝေနိုင်ငံ ဘရက်ခရိဒ်ဖော့စ်နယ်မြေရှိ ဂလွမ်မာမြစ်တွင် တည်ဆောက်ထားသော ရေကာတာ၏ အစိတ်အပိုင်းတချို့ ဩဂုတ် ၉ ရက်က ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း နော်ဝေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The Guardian သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂလွမ်မာမြစ်သည် နော်ဝေရေကြောင်းပို့ဆောင်ရေးအတွက် အရေးအကြီးဆုံးသော မြစ်ဝှမ်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့်အတွက် ဂလွမ်မာမြစ်ဝှမ်းတွင် မြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေကာတာပြိုကျမှုကြောင့် ဘရက်ခရိဒ်ဖော့စ် ရေအားလျှပ်စစ်လည်ပတ်မှုလည်း ရပ်ဆိုင်းထားရပြီး နေအိမ်သန်းနှင့်ချီ၍ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် ဂလွမ်မာမြစ်မှာ တည်ဆောက်ထားတဲ့ ရေကာတာအစိတ်အပိုင်းတချို့ ပြိုကျပျက်စီးခဲ့ပါတယ်။ နေရာတော်တော်များများမှာလဲ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေတယ်။ ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းထားရတယ်။ လာမဲ့ရက်ပိုင်းမှာလဲ အခြေအနေတွေက ပိုဆိုးလာနိုင်တယ်"ဟု နော်ဝေဝန်ကြီးချုပ် ဂျိုနက်စ်က ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံတွင် ယခုရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၃၀၀၀ ထက်မနည်း ရှိနေပြီး နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း နော်ဝေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

နော်ဝေနိုင်ငံ၏ အဓိကဆက်သွယ်သွားလာရေးလမ်းမကြီးတချို့ကိုလည်း မြေပြိုကျမှုနှင့် ရေလွှမ်းမှုကြောင့် ယာယီပိတ်ထားရပြီး မီးရထားလမ်းတချို့ကိုလည်းယာယီရပ်ဆိုင်းထားရကြောင်း၊ နော်ဝေတောင်ဘက်ပိုင်းရှိ မြစ်ချောင်းများတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး မြစ်ချောင်းများဘေးနှင့်ကပ်လျက်တည်ရှိနေသည့် ဒေသများမှ ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**ခိုင်းဆက်**




# ချစ်ဖို့ကောင်းသော ငှက်ငယ်ကလေးများ

ကျွန်းစဉ့်မြေစောခက်

(၁)

၂၀၀၃ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်းသို့ ကျွန်တော်ရောက်ရှိခဲ့သည်။ ကျွန်တော် တာဝန်ကျသောကျောင်းမှာ နှစ်သုတ်တက်ကျောင်းဖြစ်၍ နံနက် ၇ နာရီဆိုလျှင် သင်ပြသင်ယူမှုလုပ်ငန်း စတင်တော့သည်။ သို့ဖြစ်၍ ကျွန်တော့်မှာ နံနက် ၅ နာရီဆို အိပ်ရာထရသည်။ ၆ နာရီဆိုလျှင် ရေချိုးပြီး ဘေလီတံတားထိပ်မှတ်တိုင်သို့ အရောက်ထွက်ကာ ကြုံရာကားဖြင့် လိုက်ရတော့သည်။ စံပြဈေးမှတ်တိုင်တွင်ဆင်းပြီး (၇၇) ဒိုင်နာ သို့မဟုတ် (၄၀) ဗိုက်ပူကားကို စောင့်စီးရသည်။ စံပြဈေးကားဂိတ်သည်ကား ရန်ကုန်မြို့ကြီးမှ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ဒဂုံ (မြောက်)၊ ဒဂုံ(ဆိပ်ကမ်း)၊ လှည်းကူးမြို့နယ်တို့ရှိ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတို့သို့ စာသင်စာပြသွားကြမည့် ဆရာ၊ ဆရာမများ ကားပြောင်းစီးရာနေရာဆုံမှတ်ပင်ဖြစ်သည်။ စံပြဈေးကားမှတ်တိုင်မှာ နံနက် ၆ နာရီခန့်ဆိုလျှင် အစိမ်းပေါ်အဖြူဆင့် အမြင်တင့်သည့် မိုးပွင့်စံပယ်ခင်းလိုမြင်ကွင်းက ကြည့်ကောင်းလွန်းလှသည်။

ကျွန်တော် ပြည်နယ်က ရောက်လာသည်မှာ မကြာသေး၍ ရန်ကုန်မြို့ကြီးတွင် သွားတတ်၊ လာတတ် မဖြစ်သေး။ ဆရာမများက "ဆရာကြီး ကျောင်းကားစီးမယ်ဆိုရင် (၄၀) (အဝါ) ဗိုက်ပူ၊ (၇၇) ဒိုင်နာကားကို စီးပါ"တဲ့။ သို့ဖြစ်၍ (၄၀) ဗိုက်ပူနှင့် (၇၇) ဒိုင်နာကားတို့သည် ကျွန်တော့်အတွက် ကျောင်းသွား၊ ကျောင်းပြန် တမန်တော်များဖြစ်လာခဲ့ကြပါတော့သည်။

ကျွန်တော် ရန်ကုန်မြို့သို့ရောက်ပြီး ကျောင်းသွားကျောင်းပြန်ပြုရာတွင် ပထမဆုံးကြုံတွေ့ရသော အခက်အခဲမှာ နံနက်စာအတွက် ထမင်းချိုင့်ဆွဲရမည့် ပြဿနာပင်ဖြစ်သည်။ ကျွန်တော်သည် ထမင်းချိုင့်ဆွဲပြီး လိုင်းကားမစီးတတ်ခြင်းပင်ဖြစ်ပါ၏။ တောင်ဥက္ကလာပ ဘေလီတံတားထိပ်မှတ်တိုင်မှ ဒဂုံ(တောင်) (၁၀၇)ရပ်ကွက်သို့ ကားနှစ်ဆင့်စီးရသည်။ တစ်ခါတစ်ရံ သုံးဆင့်စီးရသည်လည်း ရှိသည်။ ကားပေါ်တွင် ထိုင်ခုံမရသည့်နေ့များဆို ကားခေါင်မိုးကတန်းကို ကိုင်ပြီး မတ်တတ်ရပ်လျက် စီးရသည်။ ခရီးသည်များနေလျှင် စပယ်ယာသည် မတ်တတ်ရပ်နေသူများကို သုံးတန်းလုပ်ပစ်သည်ဆိုလျှင် ပိုဆိုးတော့သည်။ ထို့ကြောင့် နံနက်စာထမင်းတစ်နပ် အဆင်ပြေရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စီစဉ်ရတော့သည်။ ကျွန်တော် ကျောင်းအထွေထွေလုပ်သားကိုခေါ်ပြီး-

"ဒီအနီးအနားမှာ ထမင်းဆိုင်မရှိဘူးလား"

"ထမင်းဆိုင်တော့မရှိဘူး ဆရာကြီး။ ရှေ့တစ်မှတ်တိုင်လောက်မှာ လမ်းဘေးထမင်းဆိုင်တွေတော့ရှိတယ်"

"ဘယ်လို လမ်းဘေးထမင်းဆိုင်လဲ"

"ဒီလိုပါခင်ဗျာ။ ကြက်ကြော်၊ ဝက်သားချက်၊ ကြက်ဥချက် ဆိုတာမျိုးတွေပေါ့။ လမ်းဘေးမှာချပြီး ရောင်းနေကြတာပါ"

"ဟုတ်ပြီ။ အဲဒီလိုဆို သွားကြည့်မယ်"

ကျွန်တော် အထွေထွေလုပ်သားကိုခေါ်ပြီး ရှေ့တစ်မှတ်တိုင်သို့ လျှောက်လာခဲ့ကြသည်။ ဒဂုံ(တောင်) (၁၁၆) ရပ်ကွက်နှင့် (၁၁၇) ရပ်ကွက်ကြား လော်ကားလမ်းနှင့် ကရဏာလမ်းဆုံပင်ဖြစ်သည်။ လမ်းဘေးထမင်းဆိုင်လေးကို တွေ့လိုက်ရပါပြီ။ ကျွန်တော် ထမင်း ၁၀၀ ဖိုး တစ်ထုပ်၊ ကြက်ကြော် ၅၀၀ ဖိုး တစ်ထုပ်ဝယ်ကာ ပြန်လာခဲ့သည်။ ကျောင်းရောက်တော့ ကျောင်းဆောင်အနီးရေအိုင်တွင် စိမ်းလန်းနေကြသော ရိုးနီကန်စွန်းညွန့် လှလှလေးများကိုချူးပြီး ရေနွေးဖြောလိုက်သည်။ ပြီးလျှင် ကြက်ကြော်၊ ကန်စွန်းရွက်ရေနွေးဖြောတို့ဖြင့် နံနက်စာ ထမင်းတစ်နပ်ကို ပြီးစေလိုက်သည်။ တစ်နေ့တလေ ကန်စွန်းရွက်ကို ရေနွေးမဖြောတော့ဘဲ အစိမ်းလိုက်ဝါးစားသည်။

နောက်ဆို ကျွန်တော် နံနက်စာစားလျှင် ဆရာမများသည် သူတို့ထမင်းချိုင့်ထဲက ထမင်း၊ ဟင်း စားဦး စားဖျား လာထည့်ကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော် ငြင်းဆန်သည်။ "ဆရာမတို့မှာ ကိုယ့်တစ်ဝမ်းစာပဲ ထည့်လာကြတာဖြစ်လို့ ကိုယ့်ဘာသာစားကြပါ"ဟု ပြောသည်။ နောက်ဆို ဆရာမတချို့ ကျွန်တော့်အတွက်ပါ ထည့်ချက်ယူလာကြသည်။ ဤတွင်လည်း ကျွန်တော်က ဆရာမများ တာဝန်ကြီးတစ်ရပ်လိုဖြစ်နေမည်စိုး၍ တားမြစ်သည်။ ကျွန်တော့်အတွက် ထည့်ချက်ယူမလာကြရန်ပြောသည်။ နောက်ဆုံးတော့ ကျောင်းအနီးနေ ကျောင်းသားမိဘ တစ်ဦးထံမှ အကူအညီရ၍ နံနက်စာထမင်းကိစ္စ အဆင်ပြေသွားသည်။

(၂)

ကျွန်တော် ဒဂုံ(တောင်) အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ပြီး သိပ်မကြာမီ အချိန်ကဖြစ်သည်။ ညနေ ကျောင်းဆင်းချိန်တွင် ဆရာ၊ ဆရာမများနှင့်အတူ ကျွန်တော် ကျောင်းအနီးမှတ်တိုင်သို့ ရောက်လာကြပြီး ကားစောင့်နေလိုက်ကြသည်။ ချက်ချင်းပဲ (၇၇) ကားတစ်စီးထိုးဆိုက်လာခဲ့ရာ ကျွန်တော် ဖျတ်ခနဲပြေးတက်လိုက်သည်။ ထိုစဉ် ဆရာမတစ်ဦးက ကျွန်တော့်အနီးသို့ရောက်လာပြီး-

"ဆရာကြီး မတက်နဲ့ မတက်နဲ့ ပြန်ဆင်းပါ"

"ဘာဖြစ်လို့လဲဗျ"

"မဟုတ်ဘူး ဆရာကြီး။ ဒီကားက (၇၇) (အနီ)ပါ။ စံပြဈေးမရောက်ဘူး"

ဆရာမ စကားကြောင့် ကျွန်တော် ကားပေါ်က ပြန်ဆင်းပြီး ရှက်ရှက်နဲ့ ပြုံးတုံးပြုံးတုံ ဖြစ်နေလေရာ ဆရာမများ ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေကြသည်။ နောက်မှသိရသည်မှာ (၇၇) (အနီ) ဒိုင်နာကားမှာ ရန်ကုန်မြို့ထဲသို့ မရောက်ပါ။ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၃၃) ရပ်ကွက်သို့ ရောက်သောကားဟူ၍ သိရသည်။ (၇၇) (အစိမ်း)မှသာ စံပြဈေးသို့ ရောက်သည်ဆိုပါ၏။

တစ်ခါ (၄၀) (အဝါ) ဗိုက်ပူကိုစီး၍ ဖြစ်ရသည့် ပြဿနာတစ်ခုကိုလည်း အခြေအနေပေးတုန်းပြောပြချင်သည်။ စာမေးပွဲကာလဖြစ်၍ ခါတိုင်းထက်ပင် ဝီရိယလွန်ကဲပြီး ကျွန်တော် အိပ်ရာမှထသည်။ ရေချိုးသည်။ ကားမှတ်တိုင်သို့ ထွက်သည်။ လိုင်းကားများ မထွက်သေး၍ သားငါးနှင့် ဟင်းသီးဟင်းရွက် တင်ဆောင်လာသော ဈေးကားကိုတားပြီး လိုက်လာခဲ့သည်။ စံပြဈေးမှတ်တိုင်အရောက်တွင် နာရီဝက်ခန့်စောင့်လျှင်ပင် မိတ်ဆွေကြီး ဗိုက်ပူ လာပါတော့သည်။ ကျွန်တော် ချက်ချင်းပင် တွယ်ချိတ်တက်လိုက်သည်။ စာမေးပွဲကိစ္စ အရေးကြီးနေပြီဖြစ်၍ ကျောင်းသို့ရောက်ရန် ဆန္ဒစောနေသည်။ တောင်၊ မြောက် လမ်းဆုံမှတ်တိုင်သို့ရောက်လျှင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရှိသည့်လမ်းကြောင်းသို့ တန်းဝင်မောင်းတော့ရာ ကျွန်တော့်ရင်ဘတ်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"ခင်ဗျားတို့ ဆီဝင်မထည့်ပါနဲ့လားဗျာ"

"ဆီမထည့်ရင် ကားမောင်းလို့ မရဘူးဗျ"

"ကျွန်တော် ကျောင်းအုပ်ဆရာကြီးတစ်ယောက်ပါ။ ဒီနေ့ ကျောင်းမှာ စာမေးပွဲရှိတယ်။ ကျွန်တော် နောက်ကျလို့ မဖြစ်လို့ပါဗျာ"

"မဆိုင်ဘူးလေ ခရီးသည်တွေ သွားလိုရာကို ရောက်အောင်ပို့ပေးရမှာ ကျွန်တော်တို့ တာဝန်ပဲ"

စပယ်ယာ၏ မထီမဲ့မြင်မှုကြောင့် မကျေချမ်းသော ဒေါမနဿစိတ်သည် ကျွန်တော့်ရင်၌ အုံ့ပွဲ့ဖြစ်ပေါ်သွားသည်။

"ကဲ ဟုတ်ပြီ၊ အဲဒီလိုဆို ခင်ဗျားတို့ကို ဝတ္တရားနှောင့်ယှက်မှုနဲ့ တရားစွဲမယ်"

ကျွန်တော်သည် ရင်ထဲမှာမခံမရပ်နိုင်ဖြစ်ပြီး အာရုံရသည်ကို ကောက်အော်ပစ်လိုက်သည်။ စပယ်ယာသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားဟန်ရှိသည်။ ချက်ချင်းပင် ကျွန်တော့်ဘက်လှည့်ပြီး အလွန်အမင်း အားတုံ့အားနာဟန်ဖြင့်-

"မလုပ်ပါနဲ့ ဆရာကြီးရယ်။ သားမှာ ဒီအလုပ်လေးနဲ့ မွေးသမိခင်ကြီးကို လုပ်ကျွေးနေတာပါတဲ့"

တကယ် ကလေးလေး လေသံဖြင့် ကျွန်တော့်ကို လက်အုပ်ချီပြီး ရှိခိုးနေလေပြီ။ ကိုယ့်ကိုယ်ကိုယ် "သား"တဲ့။ အသက်က ကျွန်တော်နှင့် မတိမ်းမယိမ်းလောက်ရှိမည်။ ခန္ဓာကိုယ်ကြီးကလည်း ကျားစား၍ မကုန်ဆိုသည့် ကိုယ်လုံးမျိုး။

"နော် ဆရာကြီးနော် မလုပ်ပါနဲ့ဗျာ။ ကျွန်တော်တို့ အခုပဲ ဆီမထည့်တော့ဘဲ ဆက်မောင်းပေးပါ့မယ်"

"မလိုဘူး မမောင်းနဲ့တော့။ ခင်ဗျားတို့ ဆီထည့်ပြီးတော့မှပဲ ခရီးသည်တွေကို ပို့ပေးလိုက်ကြပါ"

ကျွန်တော် ဗိုက်ပူကားပေါ်ကဆင်းပြီး ဆီဆိုင်က ပြန်ထွက်လာသော တက္ကစီတစ်စီးကိုတားပြီး ကျောင်းသို့ ပို့ခိုင်းလိုက်တော့သည်။ ကျွန်တော် တက္ကစီကားပေါ်တက်ခါနီး ဗိုက်ပူဘက်သို့လှည့်ပြီး-

"ဟေ့ ကားဆရာတွေ ခင်ဗျားတို့ လိုင်းဆွဲတော့မယ်ဆိုရင် ဆီအပြည့်ထည့်ထားကြပါ။ ခရီးသည်တွေကို အနှောင့်အယှက်မဖြစ်ပါစေနဲ့"

ကျွန်တော့်အသံသည် တော်တော် ကျယ်လောင်မြည်ဟည်းသွားပုံရသည်။ ခရီးသည်များ ကျွန်တော့်ကို ပြုံးတုံးပြုံတဲ လှမ်းကြည့်ကြသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်လည်း တက္ကစီကားပေါ် လှမ်းတက်လာခဲ့ပေတော့သည်။

(၃)

ကျွန်တော်သည် ကျောင်းသွားသည့်နေ့တိုင်း နံနက် ၅ နာရီအိပ်ရာထပြီး ညနေ ၅ နာရီမှ အိမ်ပြန်ရောက်သည်။ အိမ်ပြန်ရောက်လျှင် ကျောင်းလွယ်အိတ်ကလေးကိုချပြီး အိမ်နောက်ဘက်ဝရန်တာရှိ ပက်လက်ကုလားထိုင်တွင်ဝင်ထိုင်ပြီး ခဏအနားယူသည်။ ကုလားထိုင်ပေါ်ထိုင်ကာ ကျောကိုလှဲချလိုက်လျှင် အိပ်ရာပေါ်တွင် အိပ်သလိုမျိုး ဖြစ်သွားသည်။ ခြေတင်ပါ၍ ပိုပြီးအဆင်ပြေသည်။

ကျွန်တော် အိမ်ထောင်ကျပြီး ကာလတစ်ခုထိကြာလာသည့်အချိန်တွင် ကျွန်တော့်ယောက္ခမ မည်သို့စိတ်ကူးပေါက်သည်မသိ။ "ဒီကုလားထိုင်ကို နင်တို့ပဲယူပါ"ဟု ပြော၏။ သို့ဖြစ်၍ ကျွန်တော့်ယောက္ခမပေးသော မိန်းမအမွေ ကျွန်းကုလားထိုင်ဟောင်းကြီးကို ကျွန်တော် ကျောင်းပြောင်းသည့်နေရာတိုင်းသို့ ယူပါ၏။ ယခုဆို ညနေ ကျောင်းဆင်း၍ အိမ်ပြန်ရောက်တိုင်း အမောဖြေစရာဖြစ်နေခဲ့ပေပြီ။ ကုလားထိုင်မှာ အိုမင်းခြင်းသင်္ကေတ သရုပ်ပြနေသော်လည်း ကျွန်တော့်ကို ကောင်းကောင်းထွေးပွေ့ပြီး နှစ်လိုဖွယ်သော သန္တာရသကို ကောင်းကောင်းပေးနိုင်ပါသေးသည်။

ကျွန်တော့်အိမ်နောက်ဘက်တွင် ဝရန်တာနှင့်ကပ်လျက် သရက်ပင်တစ်ပင်ရှိသည်။ ကျွန်တော် ကုလားထိုင် ခင်းထားသည့်နေရာနှင့်ဆိုလျှင် သရက်ပင်ကိုင်းမှာ ၁၀ ပေခန့်သာ အကွာအဝေးရှိသည်။ တစ်နေ့သ၌ ငှက်မောင်နှံဖြစ်ဟန်တူကြသော ငှက်ကလေးနှစ်ကောင်သည် မြက်ခြောက်ဖတ်ကလေးများကို ကိုက်ချီလာကြပြီး ကျွန်တော်နှင့်အနီးဆုံးဖြစ်သော သရက်ကိုင်းရွက်အုပ်ကြား၌ အသိုက်ဖွဲ့ကြသည်။ ကျီကျီကျာကျာ အော်မြည်ကြပြီး ဟိုကိုင်းသည်ကိုင်းကူးကာ မောင်နှံစုံကြည်နူးနေကြသည်မှာ ကျေနပ်စရာပင်ဖြစ်သည်။ သူတို့လေးတွေ ကျွန်တော့်ကိုမြင်တွေ့ပြီး ကြောက်လန့်ထွက်ပြေးသွားမည်စိုး၍ ကျွန်တော့်မှာလှုပ်ရှားမိမည်ကိုသတိထားကာ အသက်ပင်ပြင်းပြင်းမရှူရဲ။ ငှက်မဖြစ်ဟန်တူသည့် ငှက်ကလေးသည် အသိုက်ထဲဝင်ပြီး ဥချနေလျှင် ငှက်ဖိုဖြစ်ဟန်တူသည့် ငှက်ကလေးမှာ အနီးရှိ သစ်ကိုင်းကလေးတွင်နားပြီး စောင့်သည်။ ငှက်မကလေးသိုက်မြုံမှပြန်ထွက်ချိန်တွင် ငှက်ဖိုကလေးပါ အတူပျံသွားတတ်ကြသည်။ ကျွန်တော်ငှက်ကလေးမောင်နှံ၏လှုပ်ရှားမှုကလေးကိုသဘောကျပြီး ကျောင်းတက်ရက် ညနေပိုင်းဆို အိမ်သို့ရောက်လိုစိတ်စောနေမိသည်။ သီတင်းတစ်ပတ်ခန့် ကြာမည်ထင်ပါသည်။

စာမျက်နှာ ၂၅ သို့ ➤

# မအူပင်မြို့နယ်တွင် ငါးရံ့ခြောက်များဈေးကောင်းရပြီး အရောင်းအဝယ်သွက်နေ



**မအူပင် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်မြို့က ဝယ်ယူမှုအားကောင်းနေသဖြင့် ဈေးကောင်းရပြီး အရောင်းအဝယ်သွက်နေကြောင်း မအူပင်မြို့နယ်မှ ငါးရံ့ခြောက် ရောင်းဝယ်ရေး လုပ်ကိုင်သူများထံမှ သိရသည်။

မအူပင်မြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်မြို့ဈေးကွက်မှ ကုန်သည်များက ဩဂုတ်လအတွင်း ဝယ်ယူမှု အားကောင်းနေသဖြင့် တစ်ပတ်လျှင် ငါးရံ့ခြောက်ပိဿာချိန် ၁၅၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ ငါးရံ့ခြောက်များ အမှာများနေခြင်းကြောင့် ငါးရံ့ခြောက်သိုလှောင်ထားသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“အရင်နှစ်တွေကထက် ဒီနှစ်က ငါးခြောက်အထွက်နှုန်း ကောင်းပါတယ်။ ဒီနှစ်အတွက် ပွင့်လင်းရာသီက အများအပြားလုပ်ခဲ့တာ။ အခု အရောင်းအဝယ်သွက်တော့ ငါးရံ့ခြောက် သိုလှောင်ထားသူတွေ အဆင်ပြေပါတယ်။ ငါးရံ့ခြောက်တွေကို ရန်ကုန်မြို့ဈေးကွက်က ကုန်သည်တွေ မှာယူနေတော့ တင်ပို့ရောင်းချနေရလို့ အဆင်ပြေနေတာဖြစ်ပါတယ်။ ဒီနှစ် မိုးကာလမှာရောင်းချဖို့အတွက် ငါးရံ့ခြောက်တွေကိုလုပ်ထားတာ အများကြီးရှိပါတယ်”ဟု မအူပင်မြို့မှ ငါးရံ့ခြောက်ရောင်းဝယ်ရေးလုပ်ကိုင်သူ ဒေါ်စုလှိုင်က ပြောပြသည်။

မအူပင်မြို့နယ်တွင် ငါးရံ့ခြောက်များကို အချိုခြောက်နှင့်ဆားလတ်ခြောက်ဟူ၍ နှစ်မျိုးထုတ်လုပ်ပြီး ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးရံ့ခြောက်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၇၁၀၀၀၊ ငါးရံ့ခြောက်အလတ် တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀၀၊ ငါးရံ့ခြောက်အသေး တစ်ပိဿာလျှင်ငွေကျပ် ၃၅၀၀၀ ထိဈေးပေါက်နေကြောင်း ငါးရံ့ခြောက် ရောင်းဝယ်ရေး လုပ်ကိုင်သူများထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ဖြူးမြို့နယ် သပြေလှကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သပြေလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သပြေလှကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

သပြေလှကျေးရွာ၌ လမ်းအရှည်ပေ ၂၅၂၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၈၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

## စာပေတန်ဖိုး ချစ်မြတ်နိုး

\- ပညာကို မြတ်နိုးလျက်
တိုးတက်ဖို့ ဖွေရှာ၊
လောကတွင် ရတနာတစ်ပါးမို့
တန်ဖိုးထားကာ၊
ကြိုးစားပြီး လေ့လာပါ
အသိပညာ ဉာဏ်မြင့်မား၊
ပညာသည် ဘဝအတွက်
လင်းလက်ထင်ရှား။

\- စာပေကို အလေးထား
မှတ်သားထိုက် တို့တစ်တွေ၊
လေ့လာပါ အချိန်ရှိခိုက်
လှံ့လစိုက်လေ၊
ဗဟုသုတ အထွေထွေ
ရှာဖွေပါ အစဉ်အမြဲ၊
မြတ်စာပေ အဆီအနှစ်ကို
ထုဆစ်ရင်ထဲ။

\- လောကဓံ အခက်အခဲ
ရင်ဆိုင်နွှဲ ပန်းတိုင်ဆီ၊
စာပေကို ဖတ်မှတ်လျက်
ရှေ့ဆက်ကြမည်၊
စိတ်ဓာတ်တို့ ခိုင်ကျည်
အသိဉာဏ်ရည် ပြည့်လျှံဖြိုး၊
စာပေသည် မိတ်ဆွေစစ်မို့
ချစ်ခင်မြတ်နိုး။ ။

**မင်းဝေအောင်(ရဲကျွန်း)**

➤ စာမျက်နှာ ၂၄ မှအဆက်

ရက်ပိုင်းအတွင်းမှာပင် ငှက်မကလေး သိုက်မြုံထဲဝပ်နေရင်း ငှက်ကလေးမြည်သံလို ကြားလာရသည်။ ငှက်မောင်နှံတို့ အစာကလေးများကို ကိုက်ချီလာကြပြီး သိုက်မြုံထဲက ငှက်သားပေါက်ကလေးများကို ကျွေးကြသည်။ သိပ်မကြာပါချေ။ သူတို့ငှက်မောင်နှံ တစ်နည်းအားဖြင့် ငှက်ပေါက်စကလေးတို့၏ အဖေနှင့်အမေသည် သားသမီးငှက်ကလေးများကို အသိုက်ထဲကခေါ်ထုတ်ပြီး သရက်ပင်ပေါ်၌ ဟိုကိုင်းသည်ကိုင်းကူးကာ အပျံသင်ကြပါတော့သည်။ ကျွန်တော့်မှာ သူတို့လေးများကိုကြည့်ပြီး နှလုံးအေးကာ ဘဝင်ချမ်းမြေ့လှပါသည်။ မိဘများဖြစ်ကြသောငှက်မောင်နှံသည် သူတို့သားသမီးကလေးများကို အပျံသင်ပြီးချိန်တွင် သရက်ပင်ကလေးကို ထားခဲ့ကြကာ ဝေးရာသို့ပျံသွားကြလေပြီ။ ကျွန်တော့်မှာ ငှက်ငယ်ကလေးများကို သံယောဇဉ်ဖြစ်ပြီး အလွမ်းနှင့်သာကျန်ခဲ့ပါတော့သည်။

(၄)

ကျွန်တော်နေထိုင်သော တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက်တွင် ပင်းယလမ်းမှတစ်ဆင့် လမ်းသွယ်ခွဲထွက်နေသော ပင်းယ (၁၃) လမ်းဟူ၍ ရှိပါသည်။ ပင်းယ (၁၃) လမ်း (အရှေ့ခြမ်း)တွင် တိုက်တာအိမ်ခြေများ ခပ်သန့်သန့်ရှိကြပြီး သံသုမာလမ်းမကြီးသို့ရောက်သည်။ ပင်းယ (၁၃) လမ်း(အနောက်ခြမ်း)ကတော့ ပင်းယလမ်းအနောက်ဘက်သို့ ခွဲထွက်လာသည်။ ထိုလမ်းတွင် ကျွန်တော်နေသည်။ လမ်းအဆုံးတွင် လူနေရပ်ကွက်မရှိတော့ဘဲ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းထိ ကွင်းပြင်ကြီးဖြစ်သည်။ ကျွန်တော်မြင်မိသလောက် လယ်ကန်စွန်း (ရိုးနီကန်စွန်း) ခင်းနှင့် မြက်တောကြီးရှိသည်။ မိုးရာသီများဆို ရေဖုံးလွှမ်းနေသည်။ ကွင်းပြင်အတွင်း ခပ်မြင့်မြင့်နေရာများ၌ ပိုင်ရှင်မဲ့သစ်ပင်များ၊ ဝါးရုံပင်များ ပေါက်ရောက်လျက်ရှိကြသည်။ ရန်ကုန်မြို့တွင်းက တောတန်းလေးတစ်ခုပါပဲ။ ကွင်းပြင်မှာ တော်တော်ကျယ်သည်။ ခြောက်ဧကခန့်ပင် ရှိလိမ့်မည်ထင်သည်။ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းပိုင်မြေဟု သိရ၏။ ကျွန်တော့်အိမ်နောက်ဘက်ဝရန်တာမှကြည့်လျှင် ကွင်းပြင်ကြီးနှင့် ဟိုဘက်ခြမ်းက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းဆောင်များကို လှမ်းမြင်နေရသည်။

ကျွန်တော်မြင်ရသလောက် ငှက်မျိုး တော်တော်များများ ကျွန်တော့်အိမ်နောက်ဘက်ရှိ ကွင်းပြင်ကြီးနှင့် သစ်ပင်များကိုမှီခိုပြီး ကျက်စားနေထိုင်ကြကြောင်း တွေ့ရသည်။ ရေ၌ပျော်ပါးကျက်စားလေ့ရှိကြသော ရေကြက်နှင့်စစ်စလီငှက်တို့ကအစ ရှိကြသည်။ မိုးနှောင်းရာသီများဆိုချိုးငှက်မောင်နှံတို့ ကူသံကြားရသည်။ နွေဆို ငှက်ပြာ ညိုချော နွေဥသြ၏ တွန်သံများကို ကြားရတတ်သည်။ ကျေးငှက်တို့၏ သံစုံတေးသံများကို နံနက်မိုးမလင်းမီကပင် ကြားနေရတတ်သည်။

ပြောလိုသည်မှာ ဤမြေပြင်၌ သက်ရှိထင်ရှားရှိနေကြသော လူသားတိုင်းသည် လူမှုဘဝ မိသားစုသိုက်မြုံများကို တည်ဆောက်ရာ၌ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ မေတ္တာဓာတ်များလွှမ်းခြုံပြီး လင်ဝတ္တရား၊ မယားဝတ္တရားအတိုင်း ချမ်းမြေ့သာယာသော မိသားစုဘဝကို ထူထောင်ကြစေလိုသည်။ သွေးသားအစုအဖွဲ့တို့၏ ခန္ဓာကိုယ်၌ လောဘစိတ်လွန်ကဲပြီး ကာမဂုဏ်အာရုံ အားကြီးလာသည့်အချိန်တွင် စိတ်ကူးယဉ်ပြီး တိရစ္ဆာန်ဇာတ်ခင်းကြလျှင်တော့ လောကကြီး အရုပ်ဆိုးရုံမက ချမ်းမြေ့စွာတည်ဆောက်ထားသော မိသားစုအိမ်ထောင်ရေးဘဝတစ်ခုလုံးပျက်စီးကာ မီးလောင်တိုက်ထဲကျရောက်မည်မှာ ဧကန်ပင်ဖြစ်ပါတော့သည်။ သေသည်၏ အခြားမဲ့၌လည်း အပါယ်ငရဲသို့ ကျရောက်မည်ဟူ၍ ဗုဒ္ဓကဟောကြားခဲ့ပေသည်။ တစ်ဖန် “ပါပကာ ရီစ ပါပကံ”မည်သော ဗုဒ္ဓစာပေအတိုင်း “အကြင်သူသည် မကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံမှုတို့ကို ပြုကျင့်၏။ ထိုသူသည် သူပြုကျင့်ပြီးသော မကောင်းမှုကံ၏ ဆိုးကျိုးကို ခံစားရ၏”ဟု ဆိုထားပေရာ ကမ္ဘာပေါ်တွင် အသိဉာဏ်အရှိဆုံးဟု သတ်မှတ်ခံထားရသော လူသားများအနေဖြင့် အလေးအနက်ထားလိုက်နာပြီး ချမ်းမြေ့သာယာသော မိသားစုများကို ထူထောင်သင့်လှပေသည်။

သို့ဖြစ်၍ ကျွန်တော် ညနေတိုင်းအနားယူလေ့ရှိသော အိမ်နောက်ဘက် ဝရန်တာအနီး သရက်ပင်ကလေး၌ သိုက်မြုံဖွဲ့ပြီး အေးချမ်းသော မိသားစုဘဝ ထူထောင်သွားကြသည့် ငှက်ငယ်မောင်နှံ၏မိသားစုသိုက်မြုံလေးကို အားကျပြီး ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားများရင်း ရင်ဘတ်ထဲက ခံစားချက်ကို ရေးထုတ်မျှဝေလိုက်ရပါသည်။

# သရက်ချောင်းမြို့နယ် ဘုတ်ကိုင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက်ချောင်း ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်ကူးကျေးရွာအုပ်စု ဘုတ်ကိုင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ဘုတ်ကိုင်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိနိုင်စေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဘုတ်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို စတုတ္ထအကြိမ်အဖြစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# ကမ္ဘောဒီးယားနိုင်ငံတွင် Ream ရေတပ်အခြေစိုက်စခန်း တည်ဆောက်မှုအလားအလာ



တရုတ်နိုင်ငံ၏ ရန်ပုံငွေဖြင့်ပြုပြင်တည်ဆောက်လျက်ရှိသော ကမ္ဘောဒီးယားနိုင်ငံ တောင်ပိုင်းကမ်းခြေရှိ Ream ရေတပ်အခြေစိုက်စခန်း ပြီးစီးလုနီးပါးရှိလာသည့်အချိန်တွင် တရုတ်နှင့်ကမ္ဘောဒီးယားတို့၏ ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းသတင်းများ၌ ထပ်မံဖော်ပြလာခဲ့သည်။ ရေတပ်အခြေစိုက်စခန်း၌ အငြင်းပွားဖွယ် ပင်လယ်နက်ဆိပ်ကမ်းတည်ဆောက်မှုသည် တရုတ်ရေတပ်မှ လေယာဉ်တင်သင်္ဘောများနှင့် အခြားသောစစ်ရေယာဉ်များကို ဆိုက်ကပ်ခွင့်ပြုသွားမည့်အလားအလာရှိနေသည့်အတွက် အရှေ့တောင်အာရှတွင် တည်ရှိနေသည့် အမေရိကန်ရေတပ်ကို စိန်ခေါ်မှုတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း သတင်းမီဒီယာများက ကောက်ချက်ချရေးသားလျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ရေတပ်အခြေစိုက်စခန်း ပြုပြင်တည်ဆောက်မှုနှင့်စပ်လျဉ်း၍ အမေရိကန်- တရုတ်ယှဉ်ပြိုင်မှုမြင့်တက်လာရာမှ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်ကို ကျော်လွှားနိုင်ရေးအတွက် ကိုယ်ပိုင်နိုင်ငံခြားရေးမူဝါဒမရှိသေးကြောင်း ကျွမ်းကျင်သူများက သုံးသပ်ဝေဖန်လျက်ရှိသည်။ ထို့ပြင် ကမ္ဘောဒီးယားအနေဖြင့် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံကို ဝေဖန်ခြင်းသည် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုလျှော့ချပြီး အနောက်အုပ်စုနှင့်ဆက်ဆံရေးတိုးမြှင့်ရန်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိသည်။

ထို့ကြောင့် ရေတပ်အခြေစိုက်စခန်းနှင့်စပ်လျဉ်း၍ အချေအတင်ဆွေးနွေးမှုမရှိခြင်းသည် ကမ္ဘောဒီးယားအစိုးရ၏ အမျိုးသားအကျိုးစီးပွားကြောင့်ပင်ဖြစ်သည်။ အထူးသဖြင့် တော်ဝင်ကမ္ဘောဒီးယား ရေတပ်၏ စွမ်းဆောင်ရည်များနှင့် အဆောက်အအုံများကို အဆင့်မြှင့်တင်သွားရန် ဆန္ဒရှိနေသည့်အပြင် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရည်မှန်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရ၏ ၂၀၂၂ ခုနှစ် အမျိုးသားကာကွယ်ရေးမူဝါဒတွင် Ream ရေတပ်အခြေစိုက်စခန်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကို နယ်စပ်ကာကွယ်ရေးအတွက် ဦးစားပေးတာဝန်အဖြစ် အလေးထားဖော်ပြထားသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကာလအတွင်း ထိုင်းနိုင်ငံနှင့် ဖရာဗီဟာဘုရားကျောင်းအရေးအခင်းဖြစ်ပေါ်ခဲ့ပြီးနောက် တော်ဝင်ကမ္ဘောဒီးယားတပ်မတော်သည် တိုင်းပြည်၏အချုပ်အခြာအာဏာနှင့်နယ်မြေကို ကာကွယ်စောင့်ရှောက်ရေးအတွက် စစ်ဘက်ပြုပြင်ပြောင်းလဲမှုများကိုကျယ်ပြန့်စွာဆောင်ရွက်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့်လက်နက်ကိုင်ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားပြီးနောက် ကမ္ဘောဒီးယားအစိုးရက ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို နှစ်ဆတိုးမြှင့်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ တရုတ်၏ စစ်ရေးအထောက်အပံ့များ၊ ချေးငွေများနှင့်လေ့ကျင့်သင်တန်းပေးမှုများသည် ကမ္ဘောဒီးယားစစ်ဘက်ပြုပြင်ပြောင်းလဲမှုများတွင် သိသိသာသာပါဝင်လျက်ရှိသော်လည်း ဂျပန်အစိုးရအနေဖြင့်လည်း စီးပွားရေးနှင့်လုံခြုံရေးနယ်ပယ်များတွင် ကမ္ဘောဒီးယားအစိုးရနှင့် အောင်မြင်စွာထိတွေ့ဆက်ဆံလျက်ရှိသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးချဲ့လုပ်ဆောင်လာခဲ့သည်။ မကြာသေးမီကပင် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး ၎င်းစာချွန်လွှာတွင် ဂျပန်နှင့် ကမ္ဘောဒီးယားတို့ကြား နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်သွားရန်ပါရှိသည်။

၂၀၂၂ ခုနှစ်အတွင်း ဂျပန်အစိုးရသည် သီဟာနုဗစ်လီဆိပ်ကမ်း၌ ဆိပ်ခံတံတားများထပ်မံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့အဆင့်မြှင့်တင်တည်ဆောက်ခြင်းသည် ကမ္ဘောဒီးယား၏ ပြည်ပပို့ကုန်တင်ပို့နိုင်မှုစွမ်းဆောင်ရည်ကို တိုးချဲ့နိုင်မည်ဖြစ်သလို အိမ်နီးချင်းဆိပ်ကမ်းများအပေါ် မှီခိုနေရမှုကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်သည်။ ယခုနှစ် မတ်လအတွင်း ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ စစ်ရေယာဉ်တစ်စီးသည် ၎င်းဆိပ်ကမ်းသို့ သုံးရက်ကြာ ဆိုက်ကပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း သီဟာနုဗစ်လီဆိပ်ကမ်းသို့ လာရောက်လည်ပတ်ခဲ့သည့် ဂျပန်တာဝန်ရှိသူများကို Ream ရေတပ်အခြေစိုက်စခန်းသို့လည်း လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။ ဂျပန်တို့၏လာရောက်လည်ပတ်မှုများနှင့်ကုန်သွယ်ရေးဆိုင်ရာ ဆိပ်ကမ်းများတွင်ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ခြင်းသည် တရုတ်နိုင်ငံ၏ Ream ဆိပ်ကမ်းတိုးချဲ့တည်ဆောက်သလို ပင်လယ်နက်ဆိပ်ကမ်းနှင့်စပ်လျဉ်း၍ အလားတူကောလာဟလများထွက်ပေါ်လာခဲ့ခြင်းမရှိပေ။

သီဟာနုဗစ်လီဆိပ်ကမ်းကဲ့သို့ပင် အလားတူစီးပွားရေးအကြောင်းပြချက်များဖြင့် ကမ္ဘောဒီးယားအစိုးရသည် မဲခေါင်မြစ်နှင့် Kep ပြည်နယ်ရှိ ပင်လယ်တို့ကြား ပို့ဆောင်ဆက်သွယ်ရေးရေလမ်းကြောင်း တည်ဆောက်သွားမည့်အဆိုပြုချက်ကို ယခုနှစ်အစောပိုင်းက အတည်ပြုပေးခဲ့သည်။ ပထမဆုံးအချက်အနေဖြင့် သင်္ဘောများသည် မဲခေါင်မြစ်မှပင်လယ်ပြင်သို့တိုက်ရိုက်သွားလာနိုင်မည်ဖြစ်သည်။ ထို့သို့ဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားသွင်းကုန်နှင့်ပို့ကုန် ၇၀ ရာခိုင်နှုန်းခန့်သည် သီဟာနုဗစ်လီဆိပ်ကမ်းမှ ဖြတ်သန်းသယ်ယူပို့ဆောင်နေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ဖနွမ်းပင်သို့ရေလမ်းခရီးဖြင့် တိုက်ရိုက်ရောက်ရှိနိုင်တော့မည်ဖြစ်သည်။ သီဟာနုဗစ်လီနှင့် ထိုင်း၊ ဗီယက်နမ်တို့ရှိဆိပ်ကမ်းများအပြင် ပြည်ပပို့ကုန်လုပ်ငန်းများ တိုးချဲ့နိုင်ရန်အလို့ငှာ Koh Kong ပြည်နယ်တွင်လည်း နိုင်ငံတကာဆိပ်ကမ်းတစ်ခုကိုလည်း တည်ဆောက်လျက်ရှိသည်။

အဆိုပါအကြီးစားအခြေခံအဆောက်အအုံများကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာကော်ပိုရေးရှင်း၏ ၂၀၂၁-၂၀၂၃ စီးပွားရေးဆိုင်ရာသံခင်းတမန်ခင်း မဟာဗျူဟာ၏ မူဘောင်အောက်တွင် အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းမဟာဗျူဟာသည် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုသဘောတရားရှုထောင့်အရ ရေတပ်အခြေစိုက်စခန်းသည် ကမ္ဘောဒီးယား၏ ပင်လယ်ကမ်းခြေတစ်လျှောက်တွင်တွေ့ရှိသည့် အဓိကဖွံ့ဖြိုးမှုစီမံကိန်းများအနက်မှတစ်ခုဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံငယ်တစ်ခု၏ စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်တို့ကို မြှင့်တင်ပေးမည့် ကျယ်ပြန့်သောအမျိုးသားရေးဦးတည်ချက်များအနက်မှ တစ်ခုပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ အဆိုပါစီမံကိန်းအားလုံးကို အမျိုးသားကာကွယ်ရေးတွင် စိုးရိမ်ပူပန်မှုဖြစ်နေရသည့် နယ်စပ်ဒေသလုံခြုံရေးအရဆောင်ရွက်နေခြင်းဖြစ်သည်။ သိသာထင်ရှားသောတိုးတက်မှုများရှိနေသော်လည်း အိမ်နီးချင်းနိုင်ငံအားလုံးနှင့်ကမ္ဘောဒီးယား၏ကုန်းမြေနှင့် ပင်လယ်ရေကြောင်းဆိုင်ရာနယ်မြေပိုင်းခြားမှုလုပ်ငန်းစဉ်သည် လက်ရှိအချိန်ထိပြီးစီးမှုမရှိသေးပေ။ ကမ္ဘောဒီးယားနိုင်ငံသည် ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့နှင့် နယ်မြေပိုင်းခြားရန်ကျန်ရှိနေသည့် နယ်မြေများနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်အတွင်း ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့်ဆွေးနွေးညှိနှိုင်းရာတွင် စတုရန်းကီလိုမီတာ ၂၆၀၀၀ ခန့်ရှိသော ထိုင်းပင်လယ်ကွေ့ရှိပိုင်ဆိုင်မှုထပ်နေသောနယ်မြေများတွင် ပူးတွဲဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ၂၀၂၀ ခုနှစ် နားလည်မှုစာချွန်လွှာ(MoU)ကိုအခြေခံလျက် ဆွေးနွေးညှိနှိုင်းမှုများပြန်လည်လုပ်ဆောင်သွားရန် သဘောတူညီခဲ့သည်။ အဆိုပါ MoU ကို ၂၀၀၉ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ဖရာဗီဟာပဋိပက္ခကာလအတွင်း ဖျက်သိမ်းခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ထိုင်းနှင့်ဗီယက်နမ်တို့သည် ထိုင်းပင်လယ်ကွေ့ရှိ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ သမိုင်းဝင်သဘောတူညီချက်ရရှိခဲ့သည်။ ထိုင်းပင်လယ်ကွေ့သည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဲ့သို့သော သဘာဝအရင်းအမြစ်များဖြင့် ပေါကြွယ်ဝလျက်ရှိသည်။ မကြာသေးမီအချိန်အတွင်းက ဈေးပြိုင်တင်သွင်းမှုတွင် ထိုင်းအစိုးရသည် Chevron ကို ထိုင်းပင်လယ်ကွေ့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့စူးစမ်းရှာဖွေထုတ်လုပ်ရန်ခွင့်ပြုပေးခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ကမ္ဘောဒီးယားအစိုးရသည် ရေနံစူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေးအတွက် စင်ကာပူကုမ္ပဏီတစ်ခုနှင့် ပထမဆုံးအကြိမ် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက ထိုင်းနှင့်ဗီယက်နမ်ရေတပ်တို့သည် ထိုင်းပင်လယ်ကွေ့တွင် ပူးတွဲကင်းလှည့်မှုများလုပ်ဆောင်ခဲ့သည်။ ကမ္ဘောဒီးယားနှင့်ထိုင်းတို့သည် ဖရာဗီဟာပဋိပက္ခကာလအတွင်း နယ်စပ်ဒေသတွင် ပူးတွဲကင်းလှည့်ရန်သဘောတူညီခဲ့သည်။ ထို့ပြင် ကမ္ဘောဒီးယားနှင့် ဗီယမ်နမ်တို့သည် မကြာသေးမီနှစ်များအတွင်း ပင်လယ်ရေကြောင်း ပူးတွဲကင်းလှည့်မှုများ လုပ်ဆောင်ခဲ့သည်။ ယခုနှစ် ဇူလိုင်လထိ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ရေတပ်တို့သည် (၇၁)ကြိမ်မြောက် ပူးတွဲကင်းလှည့်မှုလုပ်ဆောင်ခဲ့သည်။ ထိုင်းပင်လယ်ကွေ့တွင် သဘာဝအရင်းအမြစ်များထုတ်ယူမှုတွင် စိတ်ပါဝင်စားမှုမြင့်တက်လာခြင်းနှင့် ပင်လယ်ရေကြောင်းပိုင်ဆိုင်မှုအငြင်းပွားနေသည့်အချိန်မျိုးတွင် ပူးပေါင်းဆောင်ရွက်သည့် ပင်လယ်ရေကြောင်းဆိုင်ရာ ယန္တရားများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုအတွက် ပိုမိုအရေးပါလာလျက်ရှိသည်။

ကမ္ဘောဒီးယားရေတပ်သည် စွမ်းဆောင်ရည်ပိုင်းတွင် ကန့်သတ်ချက်များရှိနေသောကြောင့် Ream ရေတပ်အခြေစိုက်စခန်းပြန်လည်တိုးတက်လာခြင်းသည် ထိုင်းပင်လယ်ကွေ့တွင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုနှစ်ရပ်စလုံးဖြေရှင်းရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် Ream ရေတပ်အခြေစိုက်စခန်းသည် ပင်လယ်ရေကြောင်းလုံခြုံမှုဆိုင်ရာ အမျိုးသားကော်မတီမှတစ်ဆင့် ပင်လယ်ရေကြောင်းလုံခြုံရေးတာဝန်ထမ်းဆောင်ရသည့် ပူးပေါင်းတပ်ဖွဲ့များ၏ ပူးတွဲစစ်ဆင်ရေးနေရာပင်ဖြစ်သည်။ Ream ရေတပ်အခြေစိုက်စခန်းသည် သိသာထင်ရှားသောတိုးတက်လာမှုဖြစ်ပြီး ကမ္ဘောဒီးယားအစိုးရအနေဖြင့် လွန်ခဲ့သောဆယ်စုနှစ်အတွင်း ၎င်း၏ရေတပ်ဆိုင်ရာစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ရန်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။

ကမ္ဘောဒီးယား၏ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့်စီးပွားရေးဆိုင်ရာအကျိုးစီးပွားများသည် Ream ရေတပ်အခြေစိုက်စခန်း၌ တရုတ်ပါဝင်ပတ်သက်မှုကို ထည့်သွင်းစဉ်းစားသွားရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံငယ်များအနေဖြင့် အကျိုးစီးပွားများဖော်ဆောင်ရေးအတွက် လှုပ်ရှားမှုများလုပ်ဆောင်ရာတွင် အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း လျှော့ချမသွားသင့်ကြောင်း အစဉ်အမြဲသတိထားသွားရန် လိုအပ်ပေသည်။

**❖ ကမ္ဘောဒီးယားရေတပ်သည် စွမ်းဆောင်ရည်ပိုင်းတွင် ကန့်သတ်ချက်များရှိနေသောကြောင့် Ream ရေတပ်အခြေစိုက်စခန်းပြန်လည်တိုးတက်လာခြင်းသည် ထိုင်းပင်လယ်ကွေ့တွင် သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုနှစ်ရပ်စလုံးဖြေရှင်းရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် Ream ရေတပ်အခြေစိုက်စခန်းသည် ပင်လယ်ရေကြောင်းလုံခြုံမှုဆိုင်ရာ အမျိုးသားကော်မတီမှတစ်ဆင့် ပင်လယ်ရေကြောင်းလုံခြုံရေးတာဝန်ထမ်းဆောင်ရသည့် ပူးပေါင်းတပ်ဖွဲ့များ၏ ပူးတွဲစစ်ဆင်ရေးနေရာပင်ဖြစ်သည်။ ❖**

**ကိုးကား**

- Re-centering Cambodian Interests in the Ream Naval Base Debate by The Diplomat.

**ဝင်းငင်(သုတေသန)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကျုံပျော်မြို့နယ်တွင် မိုးစပါးမျိုးကောင်းမျိုးသန့်စံပြစိုက်ကွက် ဧက ၁၂၆၂၀ စိုက်ပျိုးပြီးစီး



**ကျုံပျော် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ စပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ဧက ၁၂၆၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကျုံပျော်မြို့နယ်၌ စပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ဧက ၁၂၆၂၀ ကို မေလအတွင်းက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မြို့နယ်အတွင်းမှာ မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ဧက ၁၂၆၂၀ ကို လျာထား စိုက်ပျိုးခဲ့ပါတယ်။ မျိုးကောင်းမျိုးသန့်မျိုးစိုက်ကွက်တွေ ဆောလျင်စွာပြီးစီးရေး၊ လျာထားချက်ပြည့်မီစေရေး၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးနဲ့ စပါးအထွက်နှုန်းမှန်ကန်စေရေးလုပ်ငန်းတွေကိုလဲ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးစပါးတွေကိုအခက်အခဲမရှိ စိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေအတွက် အခိကလိုအပ်ချက်ဖြစ်တဲ့ နည်းပညာတွေကို မြေပြင်ထိကွင်းဆင်းပြီး ဆောင်ရွက်ပို့ချပေးထားပါတယ်"ဟု ဦးကျော်ကျော်က ပြောပြသည်။

အဆိုပါ မိုးစပါး မျိုးကောင်းမျိုးသန့်စံပြစိုက်ကွက်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်လျှင် ဘေးအန္တရာယ်ကင်းရှင်းသည့်ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံများစားသုံးလာနိုင်မည်ဖြစ်ပြီး အရည်အသွေးနှင့် အထွက်နှုန်းများ တိုးလာမည့်အပြင် စပါးဈေးကောင်းရရှိမည်ဖြစ်သည်။

"ဒီနှစ်အထွက်ကောင်း စပါးတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးမှုနဲ့ တစ်ဧကစပါးတင်း ၁၀၀ ထိ ထွက်ရှိဖို့ လျာထားရည်မှန်းစိုက်ထားပါတယ်။ လက်ရှိအချိန်ထိ ရွှေခရုအန္တရာယ်လဲ ကျရောက်တာမရှိသေးပါဘူး။ အဓိကအချက်ကတော့ စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီမှုတွေကြောင့် အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ်မှ ဒေသခံတောင်သူ ဦးထွန်းငွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် မကြီးထူးကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ရွာသစ်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရွာသစ်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့်အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# စနေနေ့ညမှာကစားမဲ့ ဥရောပထိပ်သီးလိဂ်တွေရဲ့ အဖွင့်ပွဲစဉ်တွေထဲက နိုင်ပွဲရှာဖွေမဲ့ နယူးကာဆယ်အသင်း၊ မာဆေးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာပါ

M L




လာမဲ့ရက်သတ္တပတ်မှာတော့ ဥရောပထိပ်သီးလိဂ်တွေရဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပြန်လည်စတင်မှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ပွဲစဉ်တွေကို ကြည့်ရှုရတော့မှာဖြစ်ပါတယ်။ စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်၊ ပြင်သစ်လီဂူးနဲ့ လာလီဂါပြိုင်ပွဲတွေ စတင်မှာဖြစ်ပြီး စီးရီးအေနဲ့ ဘွန်ဒက်လီဂါကတော့ ဩဂုတ် ၁၈ ရက်နဲ့ ၁၉ ရက်မှာပြန်လည်စတင်မှာဖြစ်ပါတယ်။ အဲဒီထဲကမှ အပြောင်းအရွှေ့ကာလမှာ ငွေကြေးသုံးစွဲပြီး အဓိကကစားသမားခေါ်ယူမှုပြုလုပ်နိုင်ခဲ့တဲ့ အသင်းတွေနဲ့ဒဏ်ရာရပွဲပယ်နည်းပါးနေတဲ့ အသင်းတွေကိုသာ အားပေးသွားရမှာဖြစ်ပါတယ်။

### နယူးကာဆယ်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နယူးကာဆယ်အသင်းနဲ့ အေဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဟိုဝီလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတဲ့ နယူးကာဆယ်အသင်းဟာ အခုအပြောင်းအရွှေ့ကာလမှာလဲ ကွင်းလယ်ကစားသမားတိုနယ်လီ၊ တောင်ပံကစားသမားဟာဗေးဘန်း၊ ခံစစ်ကစားသမားလီဗရာမန့်တိုတို့လို ခြေစွမ်းပြကစားသမားတွေခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို ၁၄၉ သန်းထိ သုံးစွဲခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နေရာစုံဟာကွက်မရှိ ကစားသမားဖြည့်တင်းမှု ပြုလုပ်နိုင်ခဲ့တာကြောင့် ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာလဲ ရှုံးပွဲမရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ခြေစွမ်းပိုင်းပိုမိုကောင်းမွန်လာသလို နည်းပြဟိုဝီလက်ထက် ရာသီအစပွဲစဉ်တွေမှာလဲ ရှုံးနိမ့်ခဲ့ခြင်းမရှိတာကြောင့် အခုပွဲစဉ်ကိုလဲ အိမ်ရှင်အားသာချက်နဲ့ အဘက်ဘက်က အသာစီးရယူပြီး နိုင်ပွဲရှာဖွေလာမှာဖြစ်ပါတယ်။

အေဗီလာအသင်းကတော့ နည်းပြအမ်မရီလက်ထက်မှာ ပုံစံကောင်းပြန်လည်ရရှိခဲ့သလို ပြီးခဲ့တဲ့ဘောလုံးရာသီအမှတ်ပေးဇယားမှာလဲ အဆင့်(၇)နေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် ယူရိုပါကွန်ဖရင့်လိဂ်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြအမ်မရီဟာ အခု အပြောင်းအရွှေ့မှာ ဗီလာရီးရဲလ်ခံစစ်ကစားသမား ပါအူတောရက်၊ လေဗာကူဆင်အသင်း တိုက်စစ်ကစားသမားမိုဆာဒီယာဘီတို့ကို ယူရို ၈၈ သန်းထိ အသုံးပြုခေါ်ယူခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် ချေပဂိုးတွေပြန်ပေးလိုက်ရလို့ သရေရလဒ်တွေ များခဲ့တာကို သတိပြုရမှာပါ။ နည်းပြ အမ်မရီဟာ ၄-၄-၂ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်လေ့ရှိပေမဲ့ ပါအူတောရက် ပါဝင်လာတဲ့ခံစစ်ပိုင်းမှာ အားနည်းချက်ရှိနေတာကို ပြင်ဆင်နိုင်ခြင်း မရှိသေးတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ သူတို့နှစ်သင်းဟာ တစ်ပွဲစီအနိုင်ရထားပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားမှာ နယူးကာဆယ်က အသာရနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာလဲ နယူးကာဆယ်က အသာရနေသလို နယူးကာဆယ် အိမ်ကွင်းမှာကစားခဲ့ရတဲ့ ပွဲစဉ်တွေထဲမှာလဲ အေဗီလာက အနိုင်ရခဲ့တာမရှိပါဘူး။ ဒါကြောင့် ရာသီအဖွင့်ပွဲစဉ်မှာ နိုင်ပွဲရှာလာမဲ့ နယူးကာဆယ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၃ | - | ၃ | အေဗီလာ |
| ချဲလ်ဆီး | ၁ | - | ၁ | နယူးကာဆယ် |
| ဘရိုက်တန် | ၁ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၀ | ဖီအိုရင်တီးနား |
| နယူးကာဆယ် | ၄ | - | ၀ | ဗီလာရီးရဲလ် |

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၃ | - | ၃ | အေဗီလာ |
| ဖူလ်အမ် | ၀ | - | ၂ | အေဗီလာ |
| အေဗီလာ | ၃ | - | ၃ | ဘရန့်ဖို့ဒ် |
| အေဗီလာ | ၃ | - | ၀ | လာဇီယို |
| ဗလင်စီယာ | ၁ | - | ၂ | အေဗီလာ |

### မာဆေးအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မာဆေးအသင်းနဲ့ ရိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာလဲ နှစ်ကြိမ်စလုံး အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ မာဆေးအသင်းဟာ အခုနှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် Play-off ကစားခွင့်ရရှိထားတာကြောင့် အခုအပြောင်းအရွှေ့ကာလမှာ ကစားသမားဖြည့်တင်းမှုနဲ့ နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အေတီကိုအသင်းက ကွန်ဒိုဘီယာနဲ့ လိုဒီ၊ ရှော်လ်ကေးအသင်းက ဟာရစ်၊ ချဲလ်ဆီးအသင်းက အူဘာမီယန်း၊ ဝက်ဖို့ဒ်အသင်းက အစ်စမာလီယာဆာ၊ ဆဲလ်တာဗီဂိုက ဗာလန်ကိုနဲ့ ရှက်ဖီး(U)က အန်ဒီရီတို့ကို ခေါ်ယူအားဖြည့်ခဲ့ပြီး ချန်ပီယံလိဂ်ခြေစစ်ပွဲအောင်မြင်ဖို့ ပြင်ဆင်ထားတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ရာသီကြိုခြေစမ်းပွဲလေးပွဲမှာတော့ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင်သူတို့အသင်းဟာ အရင်ဘီလ်ဘာအိုနည်းပြဟောင်း ဂါစီယာကို နည်းပြသစ်ခန့်အပ်ခဲ့တာကြောင့် ကစားကွက်ပိုင်းအပြောင်းအလဲများစွာ ပြုလုပ်လာမှာသေချာပါတယ်။ အခုပွဲစဉ်မှာတော့ ခံစစ်ကစားသမားတစ်ယောက်သာ ပွဲပယ်ဖြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်ပေမဲ့ ကျန်ကစားသမားအားလုံးပါဝင်ကစားနိုင်မှာဖြစ်လို့ စုဖွဲ့မှုကောင်းနေတာကိုတွေ့ရမှာပါ။

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပြင်သစ်လီဂူးကို တန်းတက်လာတဲ့ တန်းတက်အသင်းတွေမှာ ရိမ်းအသင်းဟာ ခြေစွမ်းပိုင်းအတည်ငြိမ်ဆုံးဖြစ်ခဲ့တာကြောင့် ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၁၁)နေရာမှာ ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် ပြီးခဲ့တဲ့ ဘောလုံးရာသီက အာဆင်နယ်အသင်းက အငှားခေါ်ယူထားတဲ့ ဘာလိုဂန်ကို ပြန်လည်စေလွှတ်ခဲ့ရတာကြောင့် တိုက်စစ်ပိုင်း အားနည်းသွားတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ ခြေစမ်းပွဲတွေမှာ နည်းပြဝဲလ်စတေးဟာ ပုံစံကောင်းကိုဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် ငါးပွဲမှာတစ်ပွဲသာရှုံးခဲ့ပြီး လေးပွဲအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် မာဆေးအသင်းတိုက်စစ်မှူးတွေဖြစ်တဲ့ အူဘာမီယန်း၊ အန်ဒီရီ၊ အစ်မာလီယာဆာတို့လို ကစားသမားတွေကြောင့် အဝေးကွင်းခံစစ်ပိုင်းအားနည်းနေတဲ့ ရိမ်းအသင်းပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာအသာရနေတဲ့ မာဆေးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေဂျက်စ်ယို | ၁ | - | ၀ | မာဆေး |
| မာဆေး | ၂ | - | ၀ | နီမက် |
| မာဆေး | ၀ | - | ၁ | အူပန် |
| မာဆေး | ၁ | - | ၀ | ဝေါလ်ဗီဂျက် |
| မာဆေး | ၁ | - | ၂ | လေဗာကူဆင် |

**ရိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ၃ | - | ၀ | ရိမ်း |
| ရိမ်း | ၁ | - | ၃ | မောင့်ပယ်လီယာ |
| ရိမ်း | ၃ | - | ၂ | အေမိန်း |
| ဂီတာဖေး | ၀ | - | ၁ | ရိမ်း |
| ရိမ်း | ၂ | - | ၁ | တိုရီနို |

### ရီးရဲလ်မက်ဒရစ်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါအဖွင့်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘီလ်ဘာအိုအသင်းဟာ လက်ရှိအပြောင်းအရွှေ့ကာလမှာ အဓိကကစားသမားသစ်ခေါ်ယူခဲ့ခြင်းမရှိသလို အသင်းက ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့လို့ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ဘောလုံးရာသီပိတ်သိမ်းချိန်မှာအဆင့်(၈)မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၇)က အိုဆာဆူနာအသင်းအနေနဲ့ ယူအီးအက်ဖ်အေရဲ့ ပြစ်ဒဏ်ကြောင့် ပြိုင်ပွဲကစားခွင့်မရခဲ့လို့ ဘီလ်ဘာအိုအသင်းက ယူရိုပါကွန်ဖရင့်လိဂ် ပြိုင်ပွဲကစားခွင့်ရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်း တိုက်စစ်ကို နစ်ကိုးဝီလျံနဲ့ အင်နာကီဝီလျံတို့ ဦးဆောင်နေပေမဲ့ ခံစစ်ကောင်းတဲ့အသင်းတွေကိုတော့ ဂိုးရဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။

ရီးရဲလ်မက်ဒရစ်အသင်းဟာ အခုအပြောင်းအရွှေ့မှာ ဂျူဆီလူ၊ ဂူလာ၊ ဘယ်လင်ဟမ်တို့ကိုခေါ်ယူအားဖြည့်ခဲ့ပြီး တိုက်စစ်ပိုင်းက ဘင်ဇီးမားကိုတော့ လက်လွှတ်လိုက်ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ခြေစမ်းပွဲစဉ်တွေမှာ ဘင်ဇီးမားနေရာမှာ ဂျူဆီလူကိုထည့်သွင်းအသုံးပြုခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကတော့ ခြေစွမ်းပြကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ လူငယ်ကစားသမားတွေနဲ့ တည်ဆောက်ထားတဲ့ သူတို့အသင်းဟာ ပွဲချိန်ပြည့်ကစားအားကျဆင်းသွားခြင်းမရှိဘဲ ပြိုင်ဘက်ကိုဖိအားပေးနိုင်တာကိုတော့ သတိပြုရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ရာသီအမှတ်ပေးပွဲမှာ တိုက်စစ်ပိုင်းက သွင်းဂိုး ၇၅ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး အသင်းအဖြစ် ထိပ်ဆုံးမှာရပ်တည်နိုင်ခဲ့တာကြောင့် အခုရာသီမှာလဲ ပြီးခဲ့တဲ့နှစ်ကအတိုင်း သွင်းဂိုးတွေများသွားမလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့ဘောလုံးရာသီထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်မှာလဲ ရီးရဲလ်မက်ဒရစ်က ရှုံးနိမ့်ခဲ့တာမရှိသလို သမိုင်းတစ်လျှောက်တွေ့ဆုံမှုမှာလဲပွဲ ၂၀ နိုင်၊ ခြောက်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ညီသည့်ရီးရဲလ်မက်ဒရစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နီကာရှာ | ၀ | - | ၂ | ဘီလ်ဘာအို |
| ရေဆင်း | ၀ | - | ၀ | ဘီလ်ဘာအို |
| ဆဲလ်တစ် | ၃ | - | ၂ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၁ | - | ၁ | ရေဆင်း |
| မန်ယူ | ၁ | - | ၁ | ဘီလ်ဘာအို |

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ် | ၁ | - | ၁ | ဘီလ်ဘာအို |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၂ | အေစီမီလန် |
| မန်ယူ | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ဘာစီလိုနာ | ၃ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| ဂျူဗင်တပ် | ၃ | - | ၁ | ရီးရဲလ်မက်ဒရစ် |

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၁၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေး အပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၂၇၀၈၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၂၇၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၀၁၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၂၇၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၂၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၆၀၄၂ ဧက၊ ဖူးစားပြောင်း ၅၉၆၁ ဧက၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၂၂၀၊ ဖူးစားပြောင်း ၂၀၃၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၃၇၀၊ ဖူးစားပြောင်း ၂၃၅၂ ဧက စုစုပေါင်းဧက ၂၇၀၈၀ တို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၁၇၉၅၀၊ ဖူးစားပြောင်း ၅၇၃၉ ဧက၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၃၅ ဧက၊ ဖူးစားပြောင်း ၂၃၆၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၅၅၁ ဧက၊ ဖူးစားပြောင်း ၃၃၃၇ ဧက စုစုပေါင်း ၃၀၁၅၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ပြောင်းသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖောငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ဧရာပိုးနှင်ဆေး အသုံးပြုရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၃၈၁ ဧက၊ ဖူးစားပြောင်း ၈၅၁၂ ဧက၊ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၇၃၀၊ ဖူးစားပြောင်းဧက ၁၆၄၀ နှင့် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၄၉ ဧက၊ ဖူးစားပြောင်း ၅၈၁၃ ဧက စုစုပေါင်း ၁၉၁၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

## ချောက်မြို့နယ် ညောင်ဇင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းဆောင်ရွက်မှု စစ်ဆေး

**ချောက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ဇင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးမျိုးဝင်း၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ညောင်ဇင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးမျိုးဝင်းက လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ဇင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် အနက်ပေ ၉၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေမြှပ်ပန့်တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများစုဖွဲ့၍ ပြည်ထောင်စုဌင့်ငွေကျပ် ၂၇ ဒသမ ၉၅ သန်းဖြင့်လည်းကောင်း၊ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို Ye Hteik Thu ကုမ္ပဏီက ပြည်ထောင်စုဌင့်ငွေကျပ် ၁၁ ဒသမ ၆၇ သန်းဖြင့်လည်းကောင်း ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**







## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့နေ (ဘ) ဦးအောင်မင်း ၏သမီး မခိုင်ဖြိုးသန့် (၉/မဟမ(နိုင်)၀၅၇၇၁၈)နှင့် မချိုချိုနိုင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခိုင်ဖြိုးသန့်(ခ)မချိုချိုနိုင်(၉/ မဟမ(နိုင်)၀၀၅၄၂၆)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့်အမည် (၈၀၉-အိုးဘို)၊ ဦးပိုင်အမှတ်(၅)၊ မြေဧရိယာ (၀. ၀၉၂)ဧကရှိ ဦးမောင်မောင်အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်အား စစ်ကိုင်းမြို့ ရွာထောင်ရပ်နေ ဦးဇော်ဝင်းနိုင် (၅/စကန(နိုင်)၂၆၃၁၀၄) မှ ဝယ်ယူပြီး ၎င်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ၎င်းမြေကွက်အား ကန့်ကွက်လိုသူများရှိပါက စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ ကန့်ကွက်လိုသူများက (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းနိုင်(၅/ စကန(နိုင်) ၂၆၃၁၀၄)**
**ရွာထောင်ရပ်ကွက်၊ စစ်ကိုင်းမြို့။**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၆)၊ကန်တော်လေးလမ်း၊ ချမ်းသာသုခဆေးရုံနေ မစီစီသန်း (ဘ) ဦးစိုးဝင်း(၉/ပဥလ(နိုင်)၀၅၁၆၄၇) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-998315) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉–၇၅၀၄၇၀၇၇၆**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ တမာပင်ခွကျေးရွာနေ မကြူဝင်း (ဘ)ဦးငွေအောင် (၅/ယမပ(နိုင်)၀၉၀၈၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-361776) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉–၉၄၃၁၂၁၃၀၃**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## မောင်ရဲဇော်ဦး (၉/မခန(နိုင်)၃၂၀၂၇၀) နှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ "အောင်ခိုင်"ဆေးဆိုင်တွင် အလုပ်လုပ်ကိုင်သည့် မောင်ရဲဇော်ဦး (၉/မခန(နိုင်)၃၂၀၂၇၀)အား ဆိုင်ရှင်ဖြစ်သူမှ (၂၀-၇-၂၀၂၃)ရက်တွင် CB Bank သို့ ငွေကျပ် ၃၃ သိန်းလွှဲရန် (75W/40821) Scoopyi ဆိုင်ကယ်ဖြင့် စေလွှတ်ခဲ့ရာ ငွေကျပ် ၃၃ သိန်းအား လွှဲခြင်းမရှိဘဲ ယနေ့အချိန်ထိ အဆက်အသွယ်မရဖြစ်နေပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ဆက်သွယ်ဖြေရှင်းပေးပါရန်နှင့် မောင်ရဲဇော်ဦး နှင့် Scoopyi ဆိုင်ကယ်အား လက်ခံထားရှိ ရောင်းဝယ်ခြင်းပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"အောင်ခိုင်" ဆေးဆိုင်**
**၀၉–၂၀၁၈၀၈၁**

## ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ ဦးစိုးမင်းအောင် အသက်(၄၄)နှစ်

**(မင်္ဂလမန္တဇောတိကစေ)၊ (ဝိုင်အမ်ဘီအေဂုဏ်ရည်)**
**မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အတွင်းရေးမှူး၊ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီကော်မတီဥက္ကဋ္ဌ**

ရန်ကုန်မြို့နေ ဦးသိန်းဖေ+ဒေါ်တင်တင်ညို တို့၏သား၊ ပုသိမ်ကြီးမြို့နေ ဦးမြစိုး+ဒေါ်နန်းမြခင် တို့၏သားမက်၊ မောင်ကောင်းဗျာန်၊ မောင်အားသစ်အောင် တို့၏ဖခင်၊ ဒေါ်ဝေဝေမြစိုး ၏ခင်ပွန်း **ဦးစိုးမင်းအောင် အသက်(၄၄)နှစ် (မင်္ဂလမန္တဇောတိကစေ)၊ (ဝိုင်အမ်ဘီအေဂုဏ်ရည်)၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အတွင်းရေးမှူး၊ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီကော်မတီဥက္ကဋ္ဌ** သည် ၉-၈-၂၀၂၃ရက်၊ ညနေ (၆း၀၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၃ (သောကြာ)နေ့၊ မွန်းလွဲ (၁း၀၀)နာရီတွင် ပုသိမ်ကြီးမြို့နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ရန်သူမီးဘေး**
**တားဆီးရေး**
**မနေးဆောင်ရွက်ကြ**

❖ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများကိုယ်တိုင်က ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား တာဝန်ယူ၊ တာဝန်ခံပြီး အုပ်ချုပ်သည့်စနစ်ပင်ဖြစ်...

❖ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အတူယှဉ်တွဲနေထိုင်ကြသည့်တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းပင်ဖြစ်...

❖ ထို့ကြောင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဟုဆိုကြရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ပြည်နယ်များအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးသွားကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ပြုလုပ်သောပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၁၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် **Essential Motors Co., Ltd.** က တင်သွင်းလာသော **BYD, Atto 3** အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၄၉ စီးနှင့် **Grand Sirius Co., Ltd.** က တင်သွင်းလာသော **Neta V** အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်အစီး ၃၀ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ၇၉ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ (၁၀-၈-၂၀၂၃)

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

